# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

**ယမကဝဂ်(ဓမ္မပဒ-၁၂)**


၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက် | ၂၀၁၉ ခုနှစ်၊ မေ ၂၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၈)၊ အမှတ် (၂၀၇)




ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

## ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲ သုံးစွဲကြရန် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မှာကြား

**နေပြည်တော် မေ ၂၄**

ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်လမ်းညွှန်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ထပ်မံခေါ်ယူရခြင်းဖြစ်**

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ဘဏ္ဍာရေးကော်မရှင်၏ (၂/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း၊ ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံ

**ပေကျင်း မေ ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်သို့ တက်ရောက်ရန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာဆီနာ ပါတိုင်းတဲ့ချို ဟွန်ဆင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသည်။

**တာဝန်ရှိသူများလိုက်ပါ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဦးဆက်အောင်၊ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**Chang Shui လေဆိပ်သို့ ရောက်ရှိ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Chang Shui အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ယူနန်ပြည်နယ်

*စာမျက်နှာ ၄ ကော်လံ ၁* ◆

## နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချုပ်ပိုပါရှိ

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။**

**ကော့သောင်းမြို့နယ်ရှိ ကျွန်းများတွင် တရုတ်နိုင်ငံမှ Docudrama ရိုက်ကူးရေးအဖွဲ့များ Variety Show Program လာရောက်ရိုက်ကူး**

စာ » ၅

**မြန်မာနိုင်ငံမှ တင်ပို့ခဲ့သည့် ဆန်တန်ချိန် ၁၈၀၀၀ ကို အိုင်ဗရီကို့စ် အာဏာပိုင်များက စားသုံးရန်မသင့်ဟု ကြေညာ၍ ဖျက်ဆီးခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများပါဝင်သော စုံစမ်းရေးအဖွဲ့ ဖွဲ့စည်း၍ အသေးစိတ်စုံစမ်းစစ်ဆေးသွားမည်**

စာ » ၉




# မြန်မာ့အလင်း

## စိမ်းလန်းအနာဂတ်ဆီသို့

ကမ္ဘာကြီးက အလွန်အင်မတန်ပူလာ၏။ မြန်မာနိုင်ငံက ထိုအပူဒဏ်ကို အခြားနိုင်ငံများထက် ပို၍ဆိုးရွားစွာ ခံစားနေရသည်ဟု ထင်ပါ၏။ ရာသီဥတု ချိန်ညှိမှုစနစ် ယိုယွင်းလာပြီးသည့်နောက် မခံမရပ်နိုင်လောက်သည်ထိ အပူလွန်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း အစရှိသည့် ပြင်းထန်သော ရာသီဥတုဒဏ်တို့ကို အခြားနိုင်ငံများထက် ပိုမို ခံစားရဖွယ်ရှိနေသည်ဟုလည်း တွေးမိ၏။

ရာသီဥတုဖောက်ပြန်လာခြင်း၏ ဇာစ်မြစ်ကိုလိုက်ရင်း မည်သို့မည်ပုံ ကုစားကာကွယ်မည်ဆိုသည်ကို နိုင်ငံတကာက လွန်ခဲ့သောနှစ်အတော်ကြာကပင် စတင်ဆောင်ရွက်နေကြပြီ။ အခြားသူတွေ ကမ္ဘာမြေစိမ်းလန်းရေး၊ ကာဗွန်နှင့် မီးခိုးငွေ့များ လျှော့ချနိုင်ရေး၊ ပလတ်စတစ် အစားထိုးသုံးစွဲရေး၊ မလိုတာမသုံး၊ တတ်နိုင်သမျှ ပြန်သုံး၊ ပြင်ဆင်ပြန်သုံး စသည်တို့ကို မူချသတ်မှတ်ရင်း ကြွေးကြော်ဆောင်ရွက်နေသည့်ကာလများမှာ မြန်မာနိုင်ငံက သစ်ပင်သစ်တောများ ခုတ်လို့ကောင်းတုန်း ရှိခဲ့ပါသည်။

မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် ရှိသမျှ သယံဇာတထုတ်ယူ စီးပွားရှာဖို့သာသိပြီး ရေရှည်တည်တံ့နိုင်ရေးနှင့် တွဲဖက်သော သယံဇာတ ထုတ်ယူမှု စီမံခန့်ခွဲမှု လွန်စွာအားနည်းခဲ့ကြ၏။

ယနေ့တိုင်လည်း စနစ်တကျပြန်လည်တည့်မတ်နိုင်မှု မရှိသေး။ ခေတ်ဟောင်းက ချန်ရစ်ခဲ့သော ပြဿနာများကို တစ်စစီကောက်လို့ကောင်းတုန်း။ မှန်ကန်တည်ငြိမ်သည့်စနစ်နှင့် အချို့သော ဥပဒေတို့ကိုပင် အမြန်အဆန် ရေးဆွဲအတည်ပြုဖို့ ဟန်ပြင်နေရတုန်း ဖြစ်သည်။

ရာသီဥတုဖောက်ပြန်ခြင်းကို မဖြစ်မနေ ထိန်းသိမ်းကာကွယ်ကြရေး၏ အရေးပါမှုကို သတိပင် မပြုမိသေးသည်က နေရာအနှံ့ မှာ တွေ့မြင်နေရဆဲလည်း ဖြစ်၏။

အခြား နက်ရှိုင်းလေးနက်သည့်အရာတို့ကို အသာထား၊ သစ်ပင်သစ်တော ပြုန်းတီးမှုမျှကိုပင် ပေါ့ပေါ့တန်တန် သဘောထားနေကြဆဲ။ နိုင်ငံတကာက ကမ္ဘာမြေစိမ်းလန်းရေး၊ ယခုနှစ်အတွင်း သစ်ပင်ဘယ်နှသန်း စိုက်ဖြစ်အောင် စိုက်ကြရေးဟု အစီအစဉ်ဆွဲနေချိန်တွင် မြို့ကြီးများ၏ အထင်ကရနေရာများတွင်ပင် သစ်ပင်ခုတ်လို့ကောင်းနေဆဲ။

ပညာတတ်များ၊ အမြင်အတွေ့များသူတို့ များပြားသည်ဆိုသော ရန်ကုန်မြို့ကြီးမှာပင် သစ်ပင်အားရပါးရခုတ်နေကြသည်တို့က ရှိနေဆဲ။ ဆက်လက်ခုတ်ပစ်ကြရန်လည်း အားယူနေကြသည်ကို မြင်နေရဆဲ။

ရန်ကုန်မြို့က စိမ်းလန်းနယ်မြေများစွာရှိသည်။ ရန်ကုန်တက္ကသိုလ် အပါအဝင် တက္ကသိုလ် ကောလိပ်ဝင်းများ၊ အင်းလျားကန်၊ ကန်တော်ကြီး၊ မြေပဒေသာကျွန်း၊ ရွှေတိဂုံဘုရား စသောပတ်ဝန်းကျင်တစ်ခုလုံးမှာ စိမ်းလန်းအေးမြနေသည့် အာဝါသအောက်တွင် ရှိသည်။

ယခုမူ မည်မျှစိမ်းလန်းအောင်ချန်ခဲ့ရမည်ဆိုသည်ကို ခိုင်မာသည့် ဥပဒေများဖြင့် မတားဆီးနိုင်ခဲ့သည့်အတွက် သစ်တော မြက်တောတို့အစား ကွန်ကရစ်တောများက လွှမ်းမိုးပေါ်ထွက်ချင်သလို ပေါ်ထွက်ခဲ့သည့်အခါ စိမ်းလန်းရေိယာများ လျော့ပါးခဲ့ရသည်ကို သိသိသာသာ တွေ့မြင်နေရသည်။

မြို့ပြစည်ပင် စိမ်းလန်းရေး၊ ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင် အမွေအနှစ် ထိန်းသိမ်းရမည့် ဇုန်နယ်ခွဲခြားမှုနှင့် မြို့မြေအသုံးချမှုစနစ်ဆိုင်ရာ ခွဲခြားသတ်မှတ်ရေး စသည့်ဥပဒေတို့ကို ယခုအခါ စိစစ်ရင်း၊ ပြင်ဆင်ရေးဆွဲရင်း၊ ဖြည့်စွက်ရင်း တာဝန်ရှိသူတို့က အလျင်အမြန် ဒရောသောပါး လုပ်ကိုင်နေကြရဆဲ ဖြစ်သည်ဟုလည်း သိရပါသည်။

ယခုလို ဥပဒေတိတိကျကျ မပေါ်ထွက်နိုင်သေးသည့်အချိန်တွင် ပညာရှင်များ၊ ပါဝင်ပတ်သက်နေကြသူများက မြို့ပြစိမ်းလန်းသာယာရေး ပိုမိုကောင်းမွန်ရေးဟူသည့် အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုပါမည်။

ဥပဒေမရှိတုန်း စီးပွားရှာမှု၊ ဥပဒေမပေါ်ခင် သွက်သွက်လုပ်ထားနိုင်မှဟူသည့် စိတ်သဘောထားများအစား မိမိတို့၏ နောက်မျိုးဆက်များအတွက် သာယာစိမ်းလန်းသည့် ရှင်သန်နေပျော်သည့် အနာဂတ်ကောင်းမွေချန်ထားလိုသည့် စိတ်ဓာတ်များကို မွေးမြူကြဖို့ လိုမည်ဟု ရှုမြင်မိပါကြောင်း။ ။

# မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးမျိုးဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှု<br>ဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဦးဝင်းနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့်<br>ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာ<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု<br>ဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာ<br>ဝန်ကြီးဌာန |

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး / ပြည်နယ် စာရင်းစစ်ချုပ်ရုံးအသီးသီး၏ ဂုဏ်သတင်းကောင်းရန် ဝန်ထမ်းအားလုံး ကြိုးပမ်းဆောင်ရွက်ရမည်

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉) ကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးစုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ဦးမော်သန်းက နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍ အသီးသီးတွင် ပြည်သူ၏ယုံကြည်မှုရရှိရန်အလွန်အရေးကြီးပါကြောင်း ၊ ယုံကြည်မှုရရှိစေရန် အဓိကလိုအပ်ချက်မှာ ဂုဏ်သတင်းကောင်းရန်ဖြစ်ပါကြောင်း၊ ဂုဏ်သတင်းကောင်းရန်မှာ မိမိတို့တစ်ဦးချင်း၏ လုပ်ကိုင်နိုင်စွမ်းပကား၊ သိက္ခာသမာဓိနှင့် အများအကျိုးစီးပွားကို ဦးထိပ်ပန်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းတစ်ဦးစီ တစ်ယောက်စီမှစ၍ အားလုံးပါဝင်ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးအသီးသီး၏ ဂုဏ်သတင်းကောင်းရန် ဝန်ထမ်းအားလုံးက ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ချမှတ်ထားသည့်စံများအရ ဘဏ္ဍာရေးလောကနှင့် စာရင်းစစ်၊ စာရင်းကိုင်လောကတွင်လည်း ယုံကြည်မှုရရှိရန် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ သိက္ခာသမာဓိရှိမှု ၊ လုံ့လဉဿဟာယ စိုက်ထုတ်မှု၊ ပညာရှင်များ၏ ကျင့်ဝတ်နှင့်အညီ လိုက်နာထားရှိမှုနှင့် ပြည်သူ့အကျိုးစီးပွားကို ဦးတည်၍ ကျယ်ပြန့်စွာထားရှိဆောင်ရွက်ရန် လိုအပ်မှုတို့ကို သိရှိပြီးဖြစ်ကြပါကြောင်း၊ ထို့အတွက် တစ်ဦးချင်းမှအစ ရုံး၏ဂုဏ်သတင်းကောင်းရန်အတွက် နိုင်ငံတကာစံများနှင့်အညီ စစ်ဆေးရေးလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကပါဝင်သည့်အချက်များမှာ ထိန်းချုပ်ကွပ်ကဲမှုဘောင်၊ စီမံခန့်ခွဲသူများ၏ ထိန်းချုပ်မှု ၊ လုပ်ငန်းစီမံခန့်ခွဲမှု ၊ လူ့စွမ်းအားအရင်းအမြစ်ခန့်ခွဲမှု၊ ပစ္စည်းထုတ်လုပ်မှု ၊ ထုတ်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချမှုတို့ကို ဆိုင်ရာဌာနအတွင်း ပြန်လည်သုံးသပ်ခြင်းအပြင် ဌာနတွင်းစစ်ဆေးမှုများ၊ ပြင်ပစာရင်းစစ်ဆေးမှုနှင့် ပြင်ပပုဂ္ဂိုလ်များ၏ စစ်ဆေးအာမခံမှုတို့ ဖြစ်သည်။ စစ်ဆေးမှုအရည်အသွေး အာမခံချက်ရှိစေရေးအတွက် မိမိတို့ရုံးများအတွင်း ဆင့်ကဲဆင့်ကဲစိစစ်ကြီးကြပ် တင်ပြမှုများရှိသော်လည်း ရုံးအချင်းချင်း ပြန်လည်စိစစ်သုံးသပ်မှုသည်လည်း အရေးပါလှပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အနေဖြင့် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းတို့အတွက် နိုင်ငံတကာ စာရင်းစစ်ချုပ်ရုံးများ လိုက်နာရမည့်စံများနှင့်အညီ ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိပြီး လက်ရှိထုတ်ပြန်ထားသည့် ညွှန်ကြားချက်များလည်းရှိနေပါကြောင်း၊ စာရင်းစစ်ဆေးမှု အရည်အသွေးပြည့်မီရန်အတွက် ရုံးအချင်းချင်းပြန်လည်စိစစ်သုံးသပ်မှုဆိုင်ရာ လုပ်ငန်းလမ်းညွှန်နှင့်စပ်လျဉ်း၍လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များထံမှ အသေးစိတ်ဖော်ပြ အကြံဉာဏ်တောင်းယူ ဆောင်ရွက်ထားပြီးဖြစ်၍ ဆောင်ရွက်ရာ၌ ခက်ခဲမှုရှိမည်မဟုတ်ဟု ယုံကြည်ပါကြောင်း၊ ဉာဏ်ကိစ္စရပ်မှာ လုပ်ငန်းစွမ်းဆောင်မှုစွမ်းရည်တိုးတက်ရန်ဖြစ်ပြီး သိက္ခာသမာဓိ တည်ဆောက်ရန်နှင့် စာရိတ္တကောင်းရန်အတွက်ဖြစ်သဖြင့် ဆင့်ကဲဆင့်ကဲ ထိန်းသိမ်းသွားရန်ဖြစ်ပါကြောင်း။

ထို့အတွက်ကြောင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုကောင်းတစ်ခု ဖြစ်စေရန်အတွက် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၉ ခုနှစ်တွင် စစ်ဆေးရေးလုပ်ငန်းအချို့အား ပုဂ္ဂလိကကဏ္ဍသို့ တာဝန်ပေးအပ်စစ်ဆေးစေခြင်းအတွက် စီစဉ်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကစာရင်းစစ်များအပေါ် အကဲဖြတ်မှု ဆိုင်ရာအချက်များလည်း ပြင်ဆင်ထားပြီး ဖြစ်ပါကြောင်းနှင့် နိုင်ငံတကာ ပြည်သူ့ကဏ္ဍစာရင်းစံများ (IPSAS) ကျင့်သုံးနိုင်ရေးအတွက်လည်း ဦးတည်ချက်နှင့် လမ်းကြောင်းပြ မြေပုံချမှတ်ပြီးဖြစ်ပါသဖြင့် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်ပါကြောင်း။

ယခုလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များ ၊ အခက်အခဲများ စိန်ခေါ်မှုများအပေါ် ကျော်လွှားဖြေရှင်းနိုင်စေရေးအတွက် စစ်ဆေးဖော်ထုတ်မှုများကို အချင်းချင်းအတွေ့အကြုံဗဟုသုတများ မျှဝေသွားရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များက ဆွေးနွေးတင်ပြကြသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စု စာရင်းစစ်ချုပ်ဦးမော်သန်း ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## ရုပ်ရှင်ဇာတ်ကားကြည့်ရှုလေ့လာမှုပြုလုပ်မည်

**ရန်ကုန် မေ ၂၄**

ဒါရိုက်တာ Midi Z ၏ Ice Poison ဇာတ်ကားအား မေ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀)ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ရုပ်ရှင်ပြခန်းမ၌ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ်ပြုလုပ်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို Cinematheque Program ၏ကဏ္ဍခွဲတစ်ခုအဖြစ် (၁၅) ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❐ *ရှေ့ဖုံးမှ*

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ် ဧပြီ ၉ ရက်တွင် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး(၁/၂၀၁၉)ကို ကျင်းပခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုငွေများ ပြင်ဆင်အတည်ပြုရန် အစည်းအဝေးကို ထပ်မံခေါ်ယူရခြင်း ဖြစ်ပါကြောင်း။

**ဆွေးနွေးဆုံးဖြတ်**

၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်မတိုင်မီ ပေးပို့တင်ပြရမည်ဖြစ်သည့်အတွက် အချိန်မှာ အလွန်နီးကပ်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်များအတွက် ထပ်မံခွင့်ပြုပေးမည့် ဖြည့်စွက်ခွင့်ပြုငွေများကို ပြည်ထောင်စုလွှတ်တော်သို့ အချိန်မီပေးပို့နိုင်ရေးအတွက် ဆွေးနွေးဆုံးဖြတ်ကြရန် ဖြစ်ပါကြောင်း။

**စစ်ဆေးကြပ်မတ်**

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေများကို မိမိတို့ဒေသအတွက် ဟန်ပြဖြစ်စေမည့် လုပ်ငန်းမျိုးမဖြစ်စေဘဲ ဒေသခံပြည်သူများအတွက် အကျိုးရှိ ထိရောက်သည့် လုပ်ငန်းများတွင် အသုံးပြုသွားကြရန်၊ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးစေရန်နှင့် အရည်အသွေး ပြည့်မီစေရန် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက စစ်ဆေးကြပ်မတ် စီမံဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။



ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။ သတင်းစဉ်



ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်



ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

**“တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေများကို မိမိတို့ဒေသအတွက် ဟန်ပြဖြစ်စေမည့် လုပ်ငန်းမျိုး မဖြစ်စေဘဲ ဒေသခံပြည်သူများအတွက် အကျိုးရှိထိရောက်သည့် လုပ်ငန်းများတွင် အသုံးပြုသွားကြရန်၊ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးစေရန်နှင့် အရည်အသွေးပြည့်မီစေရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက စစ်ဆေးကြပ်မတ် စီမံဆောင်ရွက်သွားကြရန် မှာကြားလို”**

ထို့ပြင် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး (၁/၂၀၁၉) တွင် ပြောကြားခဲ့သလို သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းနှင့် မညီညွတ်သည့် တင်ဒါခေါ်ယူမှုများ၊ တင်ဒါစည်းမျဉ်းများအတွင်း လက်တစ်လုံးခြား လုပ်ကိုင်ဆောင်ရွက်မှုများကို ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ကြောင်းကို ထပ်မံသတိပေးလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ အပါအဝင် ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဘဏ္ဍာရေး ကော်မရှင်မှ သုံးသပ်ပြီး ထောက်ခံအတည်ပြုပေးပါရန် ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယခုကျင်းပသည့် အစည်းအဝေးတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုအကျိုးရှိထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များသို့ ထပ်မံထောက်ပံ့ငွေကိုသာ အတည်ပြုမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများအပေါ် ပြင်ဆင်ပြောင်းလဲရန် မရှိပါကြောင်း။

၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ရငွေ ငွေကျပ် ၂၁၆၆၈ ဘီလီယံ၊ သုံးငွေ ငွေကျပ် ၂၇၁၈၈ ဘီလီယံ၊ ဂျီဒီပီ တန်ဖိုး ငွေကျပ် ၁၀၅၇၂၆ ဘီလီယံ၊ အသားတင်လိုငွေ ငွေကျပ် ၅၃၂၀ ဘီလီယံဖြစ်ပြီး လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၅ ဒသမ ၀၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

**သုံးသပ်ထောက်ခံ**

နိဂုံးချုပ်အားဖြင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုငွေများအား အတည်ပြုပေးနိုင်ပါရန်နှင့် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း အပါအဝင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ယနေ့ ဒုတိယအကြိမ် ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင်မှ သုံးသပ်ထောက်ခံအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိစစ်ပြီးခွင့်ပြုထားသည့် ဖြည့်စွက်ခွင့်ပြုငွေကျပ် ၁၂၂ ဘီလီယံနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ပြည်ထောင်စုက ထောက်ပံ့ရမည့်ငွေကျပ် ၃၉ ဘီလီယံတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပခဲ့သည့် (၁/၂၀၁၉)ကြိမ်မြောက် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးတွင် အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း။

**၄၀ ဘီလီယံကို ထပ်မံခွင့်ပြုရမည်ဖြစ်**

ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်များတွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ လိုအပ်လာသည့်အတွက် ငွေကျပ် ၄၀ ဘီလီယံကို ထပ်မံခွင့်ပြုရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်း ဖြည့်စွက်ခွင့်ပြုငွေမှာ ငွေကျပ် ၁၆၁ ဘီလီယံဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ထောက်ပံ့ရမည့် ငွေမှာ ငွေကျပ် ၇၉ ဘီလီယံဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်း၊ အဆိုပါ ငွေရပ်အား ဘဏ္ဍာရေးကော်မရှင်မှ သုံးသပ်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၈-၂၀၁၉ ပြည်ထောင်စု ဌာန၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံမှုများနှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ထောက်ခံဆွေးနွေး**

ထို့နောက် ဘဏ္ဍာရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ အပါအဝင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက မိမိတို့ ဆွေးနွေး အတည်ပြုထားသည့်အတိုင်း ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုစာရင်း၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်ပေးပို့သွားမည် ဖြစ်ပါကြောင်း။

**တာဝန်ယူမှု၊ တာဝန်ခံမှုတို့ အပြည့်အဝရှိကြရန် အရေးကြီး**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားရေးကို အကျိုးပြုနိုင်သည့် စီမံကိန်းများ၊ ဘတ်ဂျက်များ ဖြစ်ရန် ဆိုသည်မှာ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ အားလုံးအနေဖြင့် တာဝန်သိမှုသာမက တာဝန်ယူမှု၊ တာဝန်ခံမှုတို့ အပြည့်အဝရှိကြရန် အရေးကြီးပါကြောင်း။

ပြည်သူ့ဘဏ္ဍာဖြစ်သည့် ဘတ်ဂျက်ငွေများကို ကိုင်တွယ်အသုံးပြုရာတွင် ပြည်သူ့အကျိုးအတွက် စေတနာမှန်ကန်ရန်၊ သုံးစွဲရာတွင် မှန်ကန်စနစ်ကျရန်နှင့် အရည်အသွေးများ စံချိန်စံညွှန်းမီရန် အထူးလိုအပ်ပါကြောင်း၊ ယခုထပ်မံခွင့်ပြုပေးရသည်မှာလည်း ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည့်အတွက် တိုင်းဒေသကြီး/ပြည်နယ်များအတွက် အကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ကြီး တိုးတက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ အနေဖြင့် မိမိတို့ဒေသအတွက် ဘတ်ဂျက်လျာထားဆောင်ရွက်ရာတွင် စနစ်ကျနသည့် ဘတ်ဂျက်လျာထားမှုဖြစ်စေရန်၊ ရရှိသည့် ခွဲဝေချထားငွေကို သုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် အညီ ဖြစ်စေရန်၊ ပြည်သူများ၏ အကျိုးကို အထူးရှေးရှုပြီး စေတနာမှန်ကန်ဖြူစင်စွာ ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ဘဏ္ဍာရေးကော်မရှင်က ထောက်ခံတင်ပြခဲ့သည့် ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲ သုံးစွဲကြရန် အလေးအနက်မှာကြားလိုပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Zang Guohua ၊ မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ကူမင်းမြို့မှ ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ၂ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြရာ ပေကျင်း မြူနီစပယ်ပြည်သူ့ကွန်ကရက် ဒုတိယအတွင်းရေးမှူးချုပ် Mr. Cui Xinjian၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Shangri – La Hotel သို့ ရောက်ရှိကြသည်။

**နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြည်သူ့ခန်းမဆောင်ကြီး ( Great Hall of the People ) သို့ ရောက်ရှိကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင် တို့ ဦးဆောင်သည့် နှစ်ဖက်ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပြည်သူ့ခန်းမဆောင်ကြီး၌ နှစ်နိုင်ငံဆွေးနွေးပွဲကို ကျင်းပပြုလုပ်သည်။

**ဆက်လက်အကူအညီပေး**

နှစ်နိုင်ငံဆွေးနွေးပွဲတွင် ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေး မူဘောင်အောက်မှ မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အဆိုပါအစီအစဉ်အောက်မှ နှစ်နိုင်ငံပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို တရုတ်အစိုးရမှ ဆက်လက်အကူအညီပေးရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေးနှင့် တရုတ်အစိုးရမှ ဆက်လက်အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၇၀) ပြည့်မြောက်မည့် ၂၀၂၀ ပြည့်နှစ်တွင် နှစ်နိုင်ငံအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ သတင်းပြန်ကြားရေးလုပ်ငန်း၊ ယဉ်ကျေးမှု၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တရုတ်အစိုးရမှ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများအတွက် မြန်မာအစိုးရအား ယွမ်သန်း ၁၀၀၀ အကူအညီအထောက်အပံ့ပေးမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ သတင်းစဉ်

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဦးဆက်အောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြေသြဇာကော်မတီ၏ (၂၇)ကြိမ်မြောက် အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၄**

မြေသြဇာကော်မတီ၏ (၂၇)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အရည်အသွေးပြည့်မီရေး**

အခမ်းအနားတွင် မြေသြဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က မြေသြဇာတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် သုံးစွဲသူတောင်သူလယ်သမားတို့အကြား ဘက်ညီမျှတသော အရည်အသွေးပြည့်မီရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်း၊ ဈေးကွက်အတွင်းရှိ မြေသြဇာအမျိုးမျိုးတို့ကို စစ်ဆေးကြပ်မတ်ရာတွင် လက်ရှိဖြစ်ပေါ်နေသော ခေတ်စနစ်နှင့် လိုက်လျောညီထွေစွာ စစ်ဆေးဆောင်ရွက်ရမည့် အချက်များ လုပ်ငန်းစဉ်များအား ပြောင်းလဲကျင့်သုံး ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ မြေသြဇာကော်မတီဝင်များ စုံညီစွာတက်ရောက်ကြပြီး ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ကော်မတီ၏ လုပ်ငန်းစဉ်များနှင့် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် အကြောင်းအရာများအား ဆွေးနွေးတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**ဖြေလျှော့မှုများဆောင်ရွက်ပေး**

မြေသြဇာကော်မတီသည် စိုက်ပျိုးရေးလုပ်ငန်း၏ အရေးပါသည့် သွင်းအားစုတစ်ခုဖြစ်သော မြေသြဇာများ၏ အရည်အသွေး၊ စံချိန်စံညွှန်းများပြည့်စုံမှန်ကန်ရေးအတွက် မြေသြဇာနည်းပညာကော်မတီ၏ နည်းပညာပိုင်းဆိုင်ရာစိစစ်ထောက်ခံအကြံပြုချက်များဖြင့် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြေသြဇာတင်သွင်းမှု၊ ထုတ်လုပ်မှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးရောင်းချမှုများတွင် သက်ဆိုင်ရာလုပ်ငန်းရှင်များ အနေဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရေးအတွက် ဖြေလျှော့မှုများဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သော မြေသြဇာကော်မတီ၏ (၂၇)ကြိမ်မြောက် အစည်းအဝေးမှ မြေသြဇာမှတ်ပုံတင်လျှောက်လွှာ ၃၈၃ စောင်ကို မှတ်ပုံတင်ခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးလှကျော် မြေသြဇာကော်မတီ၏ (၂၇)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

**ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့အစိုးရရဲ့နိုင်ငံအတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# GIS Data Infrastructure ဆောင်ရွက်ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် GIS Data Infrastructure ဆောင်ရွက်ခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၁၉) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဧပြီ ၂၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန e-Government အကောင်အထည်ဖော်ရေး ကော်မတီ၏ GIS Data Infrastructure ဆောင်ရွက်ခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၁၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန e-Government အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က လမ်းကွန်ရက်များနှင့် တံတားများ အခြေခံအဆောက်အအုံများကို Digital စနစ်အသုံးပြုသည့် မြေပြင်သတင်းအချက်အလက် (GIS)နည်းပညာကို အသုံးပြု၍ Data Infrastructure အဖြစ်ပြောင်းလဲဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လမ်းဦးစီးဌာနများက သင်တန်းသားများကို ခေါ်ယူပြီး သင်ကြားပေးသည့် ပထမဆုံးသင်တန်းဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ချမှတ်ပေးသည့် လမ်းစဉ်များအတိုင်း e-Government စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ Enterprise GIS စနစ်လည်း အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိပါကြောင်း။

နိုင်ငံတကာအဆင့်မီ Enterprise GIS စနစ်ဖြင့် လမ်းကွန်ရက်များကိုစီမံခန့်ခွဲနိုင်ရန်နှင့် Smart City စီမံခန့်ခွဲမှုများကို အထောက်အကူဖြစ်စေရန်၊ အနာဂတ်တွင် ဆောင်ရွက်ရမည့် စီမံကိန်းများ၏ လုပ်ငန်းတိုးတက်မှုအခြေအနေ (Progress) များကို အချိန်နှင့်တစ်ပြေးညီ GIS စနစ်မှနေ၍ တိုက်ရိုက်စီမံခန့်ခွဲနိုင်ရန် ရည်မှန်းချက်များနှင့် စတင်အကောင်အထည်ဖော်ရခြင်း ဖြစ်ပါကြောင်း၊ အဓိကအခြေခံကျသည့် တစ်နိုင်ငံလုံးရှိလမ်းကွန်ရက်များကို GIS စနစ်ပေါ်သို့ Accuracy တိကျစွာထည့်သွင်းနိုင်ရေးကို ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ယခုသင်တန်းကို တိုင်းဒေသကြီးနဲ့ ပြည်နယ်လေးခုက သင်တန်းသား ၆၂ ဦးနှင့် ပထမအသုတ်အဖြစ် ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း။

နောက်ပိုင်းသင်တန်းများကိုလည်း ဆက်လက်ခေါ်ယူသွားမှာဖြစ်ပါကြောင်း၊ GIS စနစ်မှာ Satellite Map ၊ Terrain Map ၊ Transportation Map စသည့် Map Layer များကို အခြေခံပြီး သင်ကြားသွားမှာဖြစ်သလို ဌာန၏ Enterprise GIS စနစ်မှာ ပါဝင်သည့် GIS Portal စနစ်၊ Dashboard များနှင့် စီမံခန့်ခွဲမှုစနစ်များကိုပါလေ့လာရမည်ဖြစ်ပါကြောင်း၊ GPS Data Collector များအသုံးပြုကာ လက်တွေ့လေ့ကျင့်ရမှာဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် လွယ်ကူထိရောက်သည့် နည်းပညာသစ်များကို စိတ်ပါဝင်စားစွာ သင်ယူလေ့လာနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့၊ CIO ဦးရန်နောင်က Enterprise GIS ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် GIS Data Infrastructure ဆောင်ရွက်ခြင်း သင်တန်းသို့ တက်ရောက်လာသော သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် GIS Data Infrastructure ဆောင်ရွက်ခြင်း သင်တန်းသည် ပထမဆုံးအကြိမ်စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၇၅ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့နယ်ရှိ ကျွန်းများတွင် တရုတ်နိုင်ငံမှ Docudrama ရိုက်ကူးရေးအဖွဲ့များ Variety Show Program လာရောက်ရိုက်ကူး

**ကော့သောင်း ဧပြီ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ကျွန်းများတွင် တရုတ်နိုင်ငံမှ ခရီးသွားမှတ်တမ်းနှင့် ဖျော်ဖြေရေး (Docudrama) ရိုက်ကူးရေးအဖွဲ့သည် ဧပြီ ၂၁ ရက်မှ ၂၃ ရက်အထိ ဒေသန္တရသမိုင်းကြောင်း၊ လူနေမှုဓလေ့စရိုက်နှင့် သဘာဝရှုခင်းများကို နောက်ခံထားပြီး ရိုက်ကူးခဲ့ကြသည်။ **(အောက်ပုံ)**



ထိုသို့ ရိုက်ကူးမှုကို ကော့သောင်းမြို့နယ်အတွင်းရှိ စေတန်ကျွန်း၊ ညောင်ဦးဖီးကျွန်း၊ ဖီလာကျွန်း၊ မြင်းခွာကျွန်းနှင့် ကြက်မောက်ကျွန်းများတွင် တရုတ်နိုင်ငံမှ Exploring Myanmar Culture & Tourism Oraganization နှင့် ရိုက်ကူးရေးအဖွဲ့များ ပူးပေါင်း၍ သရုပ်ဆောင်လေးဦး အပါအဝင် အင်အား ၁၁၈ ဦးဖြင့် Variety Show Program ကို လှည့်လည်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့အနေဖြင့် ဧပြီ ၁ ရက်မှ ၃ ရက်အထိ မန္တလေးတိုင်းဒေသကြီး ပုဂံဒေသရှိ ရွှေစည်းခုံနှင့် အာနန္ဒာဘုရား၊ သရပါဂိတ် နှင့် မဏိစည်သူဈေးတို့တွင်လည်း ကောင်း၊ ဧပြီ ၅ ရက်မှ ၇ ရက်အထိ ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသရှိ Novotel Hotel တွင် တည်းခိုနေထိုင်မှုများ၊ ညောင်ရွှေမြို့ ဘောလုံးကွင်းတွင် ကျင်းပသည့် Inle Dreaming Music Festival ၌ သီဆိုဖျော်ဖြေမှုများ၊ ညောင်ရွှေမြို့ဈေးတွင် ကြက်ကြော်ရောင်းချမှုတို့ကိုလည်းကောင်း၊ ဧပြီ ၁၅ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားတွင် ဘုရားဖူးမြော်ကြည်ညိုမှုများ၊ လမ်းလျှောက်သကြံန်များတွင် ရေကစားနေမှုများ၊ မဟာဗန္ဓုလပန်းခြံဝန်းကျင်နှင့် ကန်တော်ကြီးပန်းခြံမှ မြင်ကွင်းများ၊ လှုပ်ရှားသွားလာနေမှုများ၊ harky စားသောက်ဆိုင်နှင့် Burma Bistro စားသောက်ဆိုင်များတွင် ပြင်ဆင်ရောင်းချမှုနှင့် စားသောက်မှုများကို လည်းကောင်း လှည့်လည်ရိုက်ကူးခဲ့ကြသည်။


မြန်မာနိုင်ငံ၏ သဘာဝရှုခင်းများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်မှုများ၊ ရိုးရာယှဉ်ကျေးမှုအမွေအနှစ်များ ပျော်ရွှင်မှုနှင့် အေးချမ်းသာယာမှုစသည့် အခြေအနေမှန်များကို နိုင်ငံတကာမှသိရှိပြီး ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ရုပ်ရှင်နှင့်ဗီဒီယိုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံ့ပုံရိပ် မြှင့်တင်နိုင်ရန် စသည့် ရည်ရွယ်ချက်များစွာဖြင့် ပြည်ပမှ ရုပ်ရှင်နှင့် ခရီးသွားမှတ်တမ်း လာရောက်ရိုက်ကူးမှုများ အဆင်ပြေချောမွေ့စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနကို ပင်တိုင်ထား၍ ဆက်စပ်ဝန်ကြီးဌာနများ ပေါင်းစပ်ပြီး ရုပ်ရှင်ရိုက်ကူးရေးဝန်ဆောင်ခနှင့် ရိုက်ကွင်းကြေးများကို ယခုနှစ် ဧပြီ ၁ ရက်မှစတင်ပြီး နှုန်းထားလျှော့ချမှုအပါအဝင် တည်းခိုသွားလာမှုများမှစ၍ ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြည်ပမှ ခရီးသွားမှတ်တမ်း ရိုက်ကူးမှုများအပါအဝင် ရုပ်ရှင်ဇာတ်လမ်း ရိုက်ကူးမှုများအထိ တိုးတက်မှုရှိလာကြောင်း သိရသည်။

**မျိုးမြင့်အောင် (FDC)**

# အသည်းရောဂါကင်းဝေးရေး လူတိုင်း ဘီပိုး စီပိုး စစ်ဆေးပေး

ဒေါက်တာ ဝင်းအောင် (သုတေသီ)
မြန်မာအသည်းဖောင်ဒေးရှင်း

**ယနေ့အချိန်အခါတွင် အသည်းရောင်အသားဝါ ဗိုင်းရပ်စ်ရောဂါပိုးများသည် တစ်ကမ္ဘာလုံးတွင် ကူးစက်ပြန့်ပွားလျက်ရှိပါသည်။ ဗိုင်းရပ်စ်ပိုး "အေနှင့်အီး" တို့သည် မသန့်ရှင်းသော ရေနှင့်အစားအသောက်တို့မှ တစ်ဆင့်လည်းကောင်း၊ ဗိုင်းရပ်စ်ပိုး "ဘီ၊ စီနှင့် ဒီ"တို့သည် ရောဂါပိုးရှိသော သွေး၊ အရေပြားဖောက်ခြင်းနှင့် လိင်ဆက်ဆံခြင်းတို့မှ တစ်ဆင့်လည်းကောင်း ကူးစက်ပါသည်။**




**"မိမိတွင် ဘီပိုး၊ စီပိုးရှိနေသလားဆိုတာ လူတိုင်းသိထားသင့်ကြောင်း အသိပညာပေးရန် လိုအပ်ပါသည်။ သို့မှသာလျှင် မိမိကိုယ်တိုင် ရောဂါပိုးကူးစက်မှုမခံရသေးလျှင် ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပြီး ပိုးရှိနေခဲ့လျှင်လည်း ပိုးကောင်ရေလျော့နည်းသွားအောင်၊ ပိုဆိုးမလာရလေအောင်၊ နာတာရှည်အသည်းရောင်၊ အသည်းခြောက်၊ အသည်းကင်ဆာရောဂါများ ဆက်လက်မဖြစ်အောင် တားဆီးနိုင်ပါမည်။ သူတစ်ပါးကို မကူးစက်အောင်လည်း ကာကွယ်နိုင်ပါမည်"**

### ဖြစ်ပွားမှု

၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ၃၂၅ သန်းသော လူသားများသည် အသည်းရောင်အသားဝါ ဗိုင်းရပ်စ်ရောဂါပိုးများ ကူးစက်ခြင်းကို ခံစားလျက်ရှိနေကြရပြီး နှစ်စဉ် ၁ ဒသမ ၃၄သန်းသည် ပြင်းထန်သော အသည်းရောင်ခြင်းနှင့် နောက်ဆက်တွဲ နာတာရှည် အသည်းရောင်၊ အသည်းခြောက်၊ အသည်းကင်ဆာရောဂါတို့ကြောင့် အသက်ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။ အထက်ပါ ဗိုင်းရပ်စ်ပိုးငါးမျိုးအနက် "ဘီပိုးနှင့် စီပိုး" ကူးစက်ခံနေရသူပေါင်းမှာ ၉၀ ရာခိုင်နှုန်းခန့်ရှိပါသည်။

သေဆုံးမှုများအနက် ၄၇ ရာခိုင်နှုန်းသည် ဘီဗိုင်းရပ်စ်ပိုးနှင့် ၄၈ ရာခိုင်နှုန်းသည် စီဗိုင်းရပ်စ်ပိုးတို့ကြောင့်ဖြစ်ပြီး ကျန် ၅ ရာခိုင်နှုန်းသည် ဗိုင်းရပ်စ်ပိုး အေ၊ ဒီနှင့် အီးတို့ကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားသော အဓိကအသည်းရောဂါများအားလုံး၏ ဖြစ်ပွားရခြင်း အကြောင်းရင်းများမှာ ဘီဗိုင်းရပ်စ်ပိုးကြောင့် ၆၀ ရာခိုင်နှုန်းခန့်၊ စီဗိုင်းရပ်စ်ပိုးကြောင့် ၃၀ ရာခိုင်နှုန်းခန့်နှင့် အခြားသောအကြောင်း (အရက်၊ အသည်း၊ အဆီဖုံးခြင်းစသည်) တို့ကြောင့် ၁၀ ရာခိုင်နှုန်းခန့်ဖြစ်ပါသည်။ ထို့အပြင် ၂၀၁၄ ခုနှစ် ကမ္ဘာ့စစ်တမ်းများအရ ကမ္ဘာပေါ်တွင် အသည်းကင်ဆာသည် ကမ္ဘာ့ကင်ဆာရောဂါဖြစ်ပွားမှု၏ ၅ ဒသမ ၆ ရာခိုင်နှုန်းရှိပြီးဖြစ်ပွားမှု အဆင့် ၆ တွင် ရှိပါသည်။ နှစ်စဉ် အသည်းကင်ဆာကြောင့် သေဆုံးသူလူပေါင်း ၈၀၀၀၀၀ ခန့်ရှိပြီး ကင်ဆာရောဂါကြောင့် သေဆုံးမှုတွင် အဆင့် ၂ ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း အသည်းကင်ဆာဖြစ်ပွားမှုနှုန်းသည် အမျိုးသားများတွင် အဆင့် ၃ ရှိပြီး အမျိုးသမီးများတွင် အဆင့် ၅ ရှိပါသည်။ အသည်းကင်ဆာ ဖြစ်ပွားရသည့် အကြောင်းရင်းများအနက် ဖြစ်ပွားမှုများ၏ ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းခန့်သည် ဗိုင်းရပ်စ်ပိုး ဘီနှင့်စီတို့ကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှတွင် ဘီပိုး၊ စီပိုးသည် အသည်းကင်ဆာကိုဖြစ်စေသော အဓိက အကြောင်းရင်းဖြစ်ပါသည်။

### ဘီပိုးနဲ့ စီပိုးကူးစက်ခံနေရသူများ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၇ ခုနှစ်စစ်တမ်းများအရ ကမ္ဘာ့လူဦးရေ၏ ၅ ရာခိုင်နှုန်းဖြစ်သော လူဦးရေ ၃၂၅ သန်းသည် အသည်းရောင်အသားဝါဗိုင်းရပ်စ်ရောဂါပိုးများ ကူးစက်ခြင်းခံစားနေရသူများဖြစ်ကြသော်လည်း ဖော်ပြပါလူများ၏ ၁၀ ရာခိုင်နှုန်းဖြစ်သော လူဦးရေသန်း ၃၀ ခန့်ကသာ မိမိကိုယ်မိမိ ပိုးကူးစက်ခံနေရသည်ကို သိကြပါသည်။ ကျန် ၉၀ ရာခိုင်နှုန်းဖြစ်သော လူဦးရေ သန်း ၃၀၀ နီးပါးသည် မိမိတွင် ပိုးရှိ/မရှိ မသိကြပါ။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာအသည်းဖောင်ဒေးရှင်းတို့မှ ပူးပေါင်းဆောင်ရွက်ခဲ့သော National Sero-survey အရ မြန်မာနိုင်ငံလူဦးရေ ၅၂ သန်းတွင် ဘီပိုးသည် လူဦးရေ၏ ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့်စီပိုးသည် ၂ ဒသမ ၇ ရာခိုင်နှုန်းခန့်ရှိနေခြင်းကြောင့် စုစုပေါင်း လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် ပိုးကူးစက်မှုရှိနေကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် လူဦးရေ ၁၀ ဦးမှာ တစ်ဦးသည် ဘီပိုး (သို့မဟုတ်) စီပိုးရှိနေပြီး မြန်မာနိုင်ငံ၏ လူဦးရေ ၅ သန်းခန့်မှာ ဘီပိုး(သို့မဟုတ်)စီပိုးရှိနေကြပါသည်။ သို့သော် အဆိုပါ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းသာဖြစ်သည့် လူဦးရေ ၅ သိန်းကသာ ပိုးရှိနေမှန်းသိရှိကြပြီး ကျန်လူဦးရေ ၄ ဒသမ ၅ သန်းခန့်မှာ ပိုးရှိ/မရှိမသိသော လူများဖြစ်နေကြပါသည်။

ကမ္ဘာ့အသည်းရောင် မဟာမိတ်အသင်း (World Hepatitis Alliance)၏ ၂၀၁၈ Global Survey အရ ဘီပိုးနှင့်စီပိုး ကူးစက်ခံစားနေရသူများ၏ ၉၀ ရာခိုင်နှုန်းသည် မိမိကိုယ်မိမိမသိရှိကြရခြင်း အကြောင်းရင်းများမှာ-(၁) လူအများစုသည် အသည်းရောဂါ/ရောဂါပိုးများနှင့် ပတ်သက်၍ ကျန်းမာရေးဗဟုသုတ နည်းပါးခြင်း/မရှိခြင်း၊ (၂) ကျန်းမာရေးဝန်ထမ်းများမှလည်း ရောဂါအကြောင်း အသိပညာဖြန့်ဝေ ပေးမှုအားနည်းခြင်း၊ (၃) ဗိုင်းရပ်စ်ရောဂါပိုးများ ရှိ/မရှိစစ်ဆေးရန် အနီးပတ်ဝန်းကျင်တွင် လွယ်ကူစွာ မရှိခြင်း/ လက်လှမ်းမမီခြင်း၊ (၄) စမ်းသပ်စစ်ဆေးခကြီးမား၍ မစစ်ဆေး လိုကြခြင်း၊ (၅) စစ်ဆေးပြီး ဘီပိုး၊ စီပိုးရှိနေခဲ့လျှင် ရောဂါပိုး မရှိသောလူများက ကူးစက်ခံရမည်ကြောက်၍ မိမိတို့အား ရှောင်ကြဉ် ခွဲခြားဆက်ဆံခြင်းခံရမည်ကိုစိုး၍ စစ်ဆေးခြင်း မပြုလိုခြင်းနှင့် (၆)ကုသမည်ဆိုပါကလည်း ကုန်ကျစရိတ် ကြီးမားမည်/ လုံးဝပျောက်ကင်းမည် မဟုတ်ဟု လွဲမှားစွာ မှတ်ယူခြင်းတို့ကြောင့် ဖြစ်ပါသည်။

### ကျန်းမာရေး အသိပညာပေးခြင်း

ဖော်ပြပါအတားအဆီး အကြောင်းရင်းများကို ဖယ်ရှားပစ်နိုင်ရန် ပြည်သူများကိုနည်းမျိုးစုံဖြင့် မှန်ကန်ထိရောက်သော ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ရပါမည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ဘီပိုး၊ စီပိုးများသည် တစ်ဦးနှင့်တစ်ဦး အသားချင်းထိခြင်း၊ လက်တွဲခြင်း၊ သာမန်နမ်းခြင်း၊ ထမင်းအတူစားခြင်း၊ အတူကစားခြင်း၊ ချောင်းဆိုးနှာချေခြင်း၊ မိခင်နို့တိုက်ခြင်းတို့မှတစ်ဆင့် မကူးနိုင်ကြောင်း၊ အဆိုပါပိုးများသည် လေထဲမှကူးခြင်းလည်းမဟုတ်၊ အစားအသောက်မှ ကူးခြင်းလည်းမဟုတ်၊ ပိုးရှိသူ၏ ကိုယ်တွင်းအရည်နှင့် သွေးမှတစ်ဆင့်သာ ကူးစက်နိုင်သဖြင့် ဘီပိုး၊ စီပိုး ရောဂါရှိနေသော လူများကိုရှောင်ကြဉ်ခွဲခြားဆက်ဆံခြင်း မပြုလုပ်သင့်ကြောင်း အသိပေးပြောကြားထားပါသည်။

ထို့အပြင် မိမိတွင် ဘီပိုး၊ စီပိုးရှိနေသလားဆိုတာ လူတိုင်း သိထားသင့်ကြောင်း အသိပညာပေးရန် လိုအပ်ပါသည်။ သို့မှသာလျှင် မိမိကိုယ်တိုင် ရောဂါပိုးကူးစက်မှု မခံရသေးလျှင် ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပြီး ပိုးရှိနေခဲ့လျှင်လည်း ပိုးကောင်ရေလျော့နည်းသွားအောင်၊ ပိုဆိုးမလာရလေအောင်၊ နာတာရှည် အသည်းရောင်၊ အသည်းခြောက်၊ အသည်းကင်ဆာရောဂါများ ဆက်လက်မဖြစ်အောင် တားဆီးနိုင်ပါမည်။ သူတစ်ပါးကို မကူးစက်အောင်လည်း ကာကွယ်နိုင်ပါမည်။ ဆောင်ရန်ရှောင်ရန်တို့ကို လိုက်နာဆောင်ရွက်ခြင်းနှင့် လိုအပ်ပါက ဘီပိုး၊ စီပိုး ပျောက်ကင်းစေသည့် ဆေးဝါးများဖြင့် ကုသခံယူခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မိမိရောဂါ ပိုမိုမဆိုးရွားခင် ကုသရန်အချိန်လည်းရပါသည်။ အဘယ်ကြောင့်ဆိုသော ဘီပိုး စီပိုး ရောဂါပိုး စတင်ကူးစက်ခံရပြီဆိုလျှင် ၁၅ နှစ်မှ အနှစ် ၂၀ ကြာမှသာ အသည်းခြောက်၊ အသည်းကင်ဆာရောဂါများ ဆက်ဖြစ်တတ်ပါသည်။ ထို့ကြောင့် အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးများကို အသံတိတ် ကူးစက်ရောဂါ/ အသံတိတ် လူသတ်သမား (Silent Infection/ Silent Killer) ဟု ခေါ်ပါသည်။ အထက်ပါရောဂါများသည် ယခုအခါ ကုသလို့ရပြီဆိုတာကိုလည်း သိရပါမည်။ သို့မှသာ အဖြစ်များနေသော နာတာရှည်အသည်းရောင်၊ အသည်းခြောက်၊ အသည်းကင်ဆာရောဂါများကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပြီး နောက်ဆက်တွဲအသည်းရောဂါများဖြစ်ပွားမှုနှင့် သေဆုံးမှုများလည်း လျော့ကျသွားမည်ဖြစ်ပါသည်။ ရောဂါပိုးရှိနေသည်ကို စောစောသိလျှင် စောစောကုသလို့ ရပါသည်။ ထို့ကြောင့် အထက်ပါ အကြောင်းအရာများနှင့် လူတိုင်း ဘီပိုး၊ စီပိုး လူတိုင်းစစ်ဆေးသင့်ကြောင်း ဗဟုသုတများကို ပြည်သူအများ သိနိုင်ရန် ရေဒီယို၊ တီဗွီ၊ သတင်းစာ၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ ပညာပေးစာအုပ်များမှတစ်ဆင့် ဖြန့်ဝေခြင်းနှင့် လူထုပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်းတို့ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

### အသည်းရောင်ရောဂါ ဘီပိုး၊ စီပိုး ရှိ/မရှိ စစ်ဆေးခြင်း

လူတိုင်းသည် မိမိတွင် အသည်းရောင်ရောဂါ ဘီပိုး၊ စီပိုး များကို ရှိ/ မရှိ စစ်ဆေးခြင်းအားဖြင့် အောက်ပါအကျိုးကျေးဇူး များကို ရရှိနိုင်မည်ဖြစ်ပါသည်။

ရောဂါပိုးကူးစက်ခံထားရခြင်း မရှိသေးသောသူများသည် ဘီပိုးကာကွယ်ဆေး ကြိုတင်ထိုးထားနိုင်ပါသည်။ အသည်းရောင် အသားဝါ ဘီပိုး၊ စီပိုး မကူးစက်စေရန်အတွက် သေချာစွာ ဗိုင်းရပ်စ်ပိုး စစ်ဆေးထားခြင်းမရှိသော သွေးများသွင်းခြင်း၊ ကျောက်ကပ်ဆေးခြင်း၊ စနစ်တကျ ပိုးသတ်ထားခြင်း မရှိသော ကိရိယာ/ဆေးထိုးအပ်ပြွန်များ အသုံးပြု၍ ခွဲစိတ် ခြင်း/ သွားနှုတ်သွားစိုက်ခြင်း၊ လိင်ဆက်ဆံဖော်များခြင်း၊ အရက်သောက်ခြင်း၊ အဆီအစားများခြင်းနှင့် အသည်းထိခိုက် နိုင်သော ဆေးဝါးများသုံးစွဲခြင်းတို့ကို ရှောင်ကြဉ်ရပါမည်။

အသည်းရောင်ရောဂါ ဘီပိုးကူးစက်ခံထားရခြင်းရှိနေသောသူများသည် မိမိ၏ရောဂါ ပိုမဆိုးလာအောင် ပြုမူနေထိုင်နည်းများ၊ တစ်ပါးသူများကို ထပ်မံမကူးစက်အောင် ကာကွယ်နည်းများ၊ ဆေးကုသနိုင်သည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်နိုင်ပါမည်။ ရောဂါပိုဆိုးလာခြင်းမဖြစ်ရန်အတွက်လည်း ဘီပိုးသတ်ဆေးသောက်ရန် လို/မလိုကို ထပ်မံစစ်ဆေးမှုများ ပြုရပါမည်။ (ဥပမာ သွေးတွင်ပိုးကောင်ရေများနေသလား၊ ပိုးတွေပွားနေသလား၊ အသည်းထိခိုက်နေပြီလား၊ အသည်းခြောက်နေသလား၊ လူနာမိသားစုထဲမှာကော အသည်း ကင်ဆာဖြစ်ဖူးတဲ့သူ ရှိသလားစသည်ဖြင့်)။ ကုသရန် လိုအပ်မည့်သူဆိုလျှင် နားလည်တတ်ကျွမ်းသည့် ဆရာဝန်များနှင့် ပြသရန် လိုအပ်ပါသည်။ အထူးသဖြင့် ဘီပိုးကူးစက်ခြင်း ခံထားရကြောင်း သိရှိရသည့် ကိုယ်ဝန်ဆောင်မိခင်များသည်လည်း မိမိမွေးဖွားလာမည့်ရင်သွေးငယ်တွင် ဘီပိုးကူးစက်ခြင်း မခံရလေအောင် မိမိကိုယ်တိုင် ကိုယ်ဝန်လရင့်ပိုင်းတွင် (လိုအပ်လျှင်) ဘီပိုးသတ်ဆေးကို သောက်ရပါမည်။ ဘီပိုးသတ်ဆေးကို တစ်နေ့တစ်လုံး သောက်ခြင်းအားဖြင့် ဘီပိုး၏ နောက်ဆက်တွဲ ရောဂါဆိုးများဖြစ်သော နာတာရှည် အသည်းရောင်၊ အသည်းခြောက်နှင့် အသည်းကင်ဆာရောဂါများ ဆက်လက်ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ပါသည်။ သို့သော် ဆေးကိုနှစ်ရှည်လများ သောက်ပေးရပါမည်။ ကုန်ကျစရိတ်မှာ တစ်လလျှင် ကျပ်နှစ်သောင်းခန့်သာ ဆေးအမျိုးအစားပေါ် မူတည်ရှိပါသည်။ ဘီပိုးကုသသည့် သောက်ဆေးများသည် အန္တရာယ်ကင်း စိတ်ချရပြီး အာနိသင်လည်း ပြည့်ဝပါသည်။ လိုအပ်ပါက သွေးကြောအတွင်းသွင်း ဘီပိုးသတ်ဆေး ထပ်မံအသုံးပြု၍ ရာနှုန်းပြည့်နီးပါး ဘီပိုးပျောက်အောင်ကုသ၍ ရနိုင်ပြီဖြစ်ပါသည်။

အသည်းရောင်ရောဂါ စီပိုးကူးစက်ခံထားရခြင်းရှိနေသော သူများသည်လည်း ဗိုင်းရပ်စ်ပိုးဘီနှင့် ဒီများ ထပ်မံကူးစက်မခံရအောင် ဘီပိုးကာကွယ်ဆေး ကြိုတင်ထိုးထားနိုင်ပါသည်။ တစ်ပါးသူများကိုလည်း ထပ်မံမကူးစက်အောင် လိုက်နာဆောင်ရွက်ရမည့် ကာကွယ်နည်းများ၊ ဆေးကုသနိုင်သည့် နည်းလမ်းများ သိထားရပါမည်။ စီပိုးသတ်ဆေး (DAA) သောက်ရန်လိုမလိုကို ပိုးကောင်ရေ (HCV RNA) ထပ်မံ သွေးစစ်ဆေးပြီးမှသာ တတ်ကျွမ်းနားလည်သည့် ဆရာဝန်မှ ဘယ်ဆေးကို ဘယ်လောက်ကြာအောင် သောက်ရမည်ကို ဆုံးဖြတ်ပေးနိုင်ပါသည်။ ယခင်အခါက စီပိုးကုသရာတွင် အသုံးပြုခဲ့သည့် သွေးကြောတွင်းသွင်း စီပိုးသတ်ဆေးများသည် ပျောက်ကင်းမှုနည်းပြီး ဘေးထွက်ဆိုးကျိုးလည်း လွန်စွာများပါသည်။ ကုန်ကျစရိတ်လည်း သိန်းရာဂဏန်းအထိရှိပါသည်။ ယခုအခါတွင်အသုံးပြုသော စီပိုးသတ်ဆေးသောက် ဆေးများသည် အာနိသင်အစွမ်းထက်ပြီး ဘေးထွက်ဆိုးကျိုးလည်း မရှိသလောက် နည်းပါသည်။ သောက်ဆေးကို တစ်နေ့တစ်ကြိမ် သုံးလသောက်ရုံဖြင့် ၉၅ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိ ရောဂါပျောက်ကင်းပါသည်။ ကုန်ကျန်စရိတ်လည်း မများပါ။ ဆေးအမျိုးအစားပေါ် မူတည်၍ သုံးလစာကို သွေးစစ်ခများ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းအောက် သာရှိပါသည်။ အသည်းခြောက်သောသူများတွင်မူ စီပိုးသတ်ဆေးကို ခြောက်လသောက်ရပါသည်။

### အသည်းရောင်ရောဂါကင်းဝေးရေး၊ ဝိုင်းဝန်းရှာဖွေစစ်ဆေးပေး

အထက်ဖော်ပြပါ အကြောင်းအချက်များကြောင့် ကမ္ဘာတစ်ဝန်းလုံးရှိ လူသားများအားလုံးမှ အသည်းရောင်ရောဂါများကို သတိပြုအလေးထားလာကြစေရန်နှင့် အသည်းရောင်ရောဂါများကို ကမ္ဘာပေါ်တွင် လျော့နည်းပပျောက်သွားစေရန် ရည်ရွယ် ချက်များဖြင့် နှစ်စဉ် ဇူလိုင်လ ၂၈ ရက်နေ့တွင် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ (World Hepatitis Day) ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကကြီးမှူး ၍ နှစ်စဉ်ဆောင်ပုဒ် တစ်ခုစီ ချမှတ်ကာ ကမ္ဘာတစ်ဝန်း နိုင်ငံတိုင်းတွင် အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပပြုလုပ်လာခဲ့ပါသည်။ ယခင် ၂၀၁၈ ခုနှစ် ကမ္ဘာ့အသည်းရောင်ရောဂါနေ့၏ ဆောင်ပုဒ်မှာ 'Find The Missing Millions' (အသည်းရောင်ရောဂါကင်းဝေးရေး၊ ဝိုင်းဝန်းရှာဖွေစစ်ဆေးပေး)ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၁/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၁/၂၀၁၉) ကျင်းပစဉ်။



# (၂၅) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်ဆွေးနွေး

**နေပြည်တော် မေ ၂၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသောင်းထွန်းသည် ထိုင်းနိုင်ငံ ဖူးခက်၌ မေ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း (၂၅) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။

အဆိုပါအစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ပြီး အစည်းအဝေး သဘာပတိအဖြစ် ထိုင်းနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခေတ္တဝန်ကြီးနှင့် ဒုတိယဝန်ကြီး Ms. Chutima Bunyapraphasara တို့က ဆောင်ရွက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်မှုကို သုံးသပ်ဆွေးနွေးခြင်းနှင့် အာဆီယံဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင် ရာ လုပ်ငန်းကော်မတီများသို့ လမ်းညွှန်ခြင်း၊ ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုစာချုပ်ကို ၂၀၁၉ ခုနှစ်တွင် အပြီးသတ်ညှိနှိုင်းရေးနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပြုပြင်ပြောင်းလဲရေးကိစ္စရပ်တို့ကို အလေးပေးဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် စပ်လျဉ်း၍ လက်ရှိအကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ စတုတ္ထအဆင့် စက်မှုပြုပြင်ပြောင်းလဲရေး(4IR) လုပ်ငန်းစဉ်များအပေါ် အာဆီယံနိုင်ငံများ၏ အသင့်ဖြစ်မှုအခြေအနေနှင့် လိုအပ်ချက်များ၊ စည်းမျဉ်းအခြေခံ နိုင်ငံစုံ ကုန်သွယ်ရေးစနစ်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ဆက်လက်ဦးဆောင်နိုင်ရေးအတွက် လတ်တလောနှင့် ရေရှည်ပြုပြင်ပြောင်းလဲရန် လိုအပ်နေမှုများကို ဆွေးနွေးခဲ့သည်။ ထို့ပြင် အာဆီယံ စီးပွားရေး အသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံများသို့ သွားရောက်လေ့လာမှုအစီအစဉ်အား မြန်မာနိုင်ငံက ၂၀၁၉ ခုနှစ်တွင် လက်ခံဆောင်ရွက်ရန် အတည်ပြုပြောကြားသည်။

အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီတို့၏ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို မေ ၂၂ ရက်တွင် ကျင်းပခဲ့ရာ အာဆီယံ စီးပွားရေး အကြံပေးကောင်စီက ယင်းတို့အဖွဲ့အစည်း၏ ၂၀၁၉ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် ပြည်တွင်း လုပ်ထုံးလုပ်နည်းများ ပြီးစီးသည့် အာဆီယံနိုင်ငံများက အာဆီယံဝန်ဆောင်မှုကုန်သွယ်ရေး သဘောတူစာချုပ်နှင့် အာဆီယံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် စတုတ္ထအခြေပြစာချုပ်တို့ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

အသည်းရောင်အသားဝါ ဗိုင်းရပ်စ်ပိုးကူးစက်ခံနေရသည့် သန်းပေါင်းများစွာသော သူများကို ရှာဖွေစစ်ဆေးပေးကြပါရန်လို့ အဓိပ္ပာယ်ရပါသည်။

၂၀၁၈ မှ ၂၀၂၀ ပြည့်နှစ်အထိ သုံးနှစ်စီမံကိန်း (3-Years Campaign) အဖြစ် သတ်မှတ် ပြီး တစ်ကမ္ဘာလုံးရှိ လူဦးရေသန်းနှင့်ချီ၍ ဘီပိုး၊ စီပိုးစစ်ဆေးမှု ခံယူကြရန် လှုံ့ဆော်ထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း အထက်ပါစီမံကိန်းကြီးကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသား အသည်းရောင်အသားဝါရောဂါကာကွယ်ထိန်းချုပ်ရေးစီမံချက်သည် မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုကို ရယူလျက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘီပိုး၊ စီပိုး စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ရန် ဦးဆောင် လမ်းညွှန်ခြင်းနှင့် ပညာပေးနှိုးဆော်ခြင်းတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါသည်။

**တိုက်တွန်းနှိုးဆော်ချက်**

နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် အသည်းရောင်အသားဝါ ဗိုင်းရပ်စ် ဘီပိုး၊ စီပိုးများသည် တစ်ကမ္ဘာလုံးတွင် ကူးစက်ပြန့်ပွားလျက် ရှိနေပါသည်။ ဖော်ပြပါ ရောဂါပိုးများ ကူးစက်ခံရပါက လူအများစုမှာ ကူးစက်နေမှုကို မသိရှိလိုက်ရဘဲ၊ ဝေဒနာမခံစားလိုက်ရဘဲ စိုးရိမ်ရသော နာတာရှည်အသည်းရောင်၊ အသည်းခြောက်၊ အသည်းကင်ဆာရောဂါ အခြေအနေသို့ အချိန်မရွေးရောက်ရှိနိုင်ပြီး အသက်ဆုံးရှုံးရသည်အထိ ဖြစ်နိုင်ပါသည်။ အထက်ပါဗိုင်းရပ်စ် ဘီပိုး၊ စီပိုးများ ကူးစက်ခြင်းကို သိရှိအောင် စစ်ဆေးနိုင်ပါသည်။ ကာကွယ်နိုင်ပါသည်။ ကုသနိုင်ပါသည်။ ပျောက်ကင်းနိုင်ပါသည်။ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် မိမိကိုယ်မိမိ အသည်းရောင် အသားဝါ ဗိုင်းရပ်စ် ဘီပိုး၊ စီပိုး ကူးစက်ခံထားရခြင်း ရှိ/မရှိ စစ်ဆေးမှု ခံယူသင့်ပါသည်။ သို့မှသာလျှင် နိုင်ငံတော်မှ အသည်းရောင် အသားဝါရောဂါ ကာကွယ်မှု၊ ထိန်းချုပ်မှုနှင့် ကုသမှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၁၆ ခုနှစ်တွင် ချမှတ်ခဲ့သော Global Goal ဖြစ်သည့် "To Eliminate Viral Hepatitis As a Public Health Threat by 2030" (အသည်းရောင် အသားဝါရောဂါများကို ၂၀၃၀ ပြည့်နှစ်တွင် ပြည်သူလူထု၏ ကျန်းမာရေး ခြိမ်းခြောက်ခံနေရမှုမှ ဖယ်ရှားပစ်နိုင်ရေး) ရည်မှန်းချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် 'အသည်းရောဂါ ကင်းဝေးရန် လူတိုင်း ဘီပိုး၊ စီပိုး စစ်ဆေးပေးပါ' ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်သူများအနေဖြင့် ဘီပိုး၊ စီပိုးစစ်ဆေးခြင်းကို မပျက်မကွက် အမြန်ဆုံး ခံယူကြပါရန် အသိပေးနှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

**နိုင်ငံသာယာဝပြောဖို့၊ သဘာဝတောတွေ ထိန်းသိမ်းစို့။**



ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ တတိယအကြိမ် အစည်းအဝေး ကျင်းပစဉ်။

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ တတိယအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ တတိယအကြိမ်အစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း၊ ပူးပေါင်းကော်မတီ အတွင်း ရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက် အတွင်းရေးမှူး ဦးကျော်စိုးလင်း၊ ပူးပေါင်းကော်မတီဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Zvezda ရုပ်သံဌာနနှင့် Russia Today သတင်းဌာန၏မေးမြန်းမှုများဖြေကြား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဧပြီ ၂၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင် Radisson Collection ဟိုတယ်၌ Zvezda ရုပ်သံဌာနမှ သတင်းထောက်အား လက်ခံတွေ့ဆုံပြီး သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားသည်။

**သတင်းဌာနလုပ်ငန်းများ ကြည့်ရှုလေ့လာ**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မော်စကိုမြို့ရှိ Main Direction of National Information Agency Russia သို့ ရောက်ရှိပြီး သတင်းဌာနအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Russia Today သတင်းဌာနမှ သတင်းထောက်များ၏ မေးမြန်းမှုများအား ပြန်လည်ရှင်းလင်းဖြေကြားသည်။

**တွေ့ဆုံအမှာစကားပြောကြား**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားနိုင်ငံတွင် ဘွဲ့လွန်သင်တန်း၊ ပါရဂူသင်တန်းနှင့် Doctor of Science သင်တန်းများ တက်ရောက်နေသော တပ်မတော်အရာရှိများအား မော်စကိုမြို့ရှိ Radisson Collection ဟိုတယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှားနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသား အရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းအလိုက် ကိုယ်စားလှယ်အရာရှိများက လက်ခံရယူကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ရှိ Main Direction of National Information Agency Russia သတင်းဌာနအတွင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ညပိုင်းတွင် Radisson Collection ဟိုတယ်၌ (၈)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံသို့ ပါဝင်တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V. Fomin က တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

**မော်စကိုမြို့ညအလှရှုခင်းကြည့်ရှု**

ညစာသုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်စကိုမြစ်တွင်းသွားသင်္ဘောဖြင့် မော်စကိုမြစ်အတွင်း လိုက်ပါစီးနင်းကြပြီး မော်စကိုမြို့၏ ညအလှရှုခင်းများအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shouigu တို့ တွေ့ဆုံဆွေးနွေးစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

✽ *ကျော့ဖုံးမှ*

ထိုသို့ဆွေးနွေးရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပထဝီနိုင်ငံရေးအရ အင်ဒို- ပစိဖိတ်ဒေသသည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် အခွင့်အလမ်းများအတွက် အဓိကအချက်အချာနေရာ ဖြစ်သော်လည်း တစ်ဖက်တွင် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့၌ စိုးရိမ်ပူပန်မှုများ ရှိနေဆဲဖြစ်ကြောင်း၊ ၂၁ ရာစုတွင် အင်ဒို-ပစိဖိတ်ဒေသအား တစ်ကမ္ဘာလုံးမှ အာရုံစိုက်မှု ပိုမိုများပြားလာခဲ့ကြောင်း၊ အင်ဒို-ပစိဖိတ်ဒေသသည် ကမ္ဘာ့စစ်အင်အားကြီးနိုင်ငံများ၊ စီးပွားရေးအင်အားကြီးနိုင်ငံများ၊ ဒီမိုကရေစီ ထွန်းကားသည့်နိုင်ငံများနှင့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နှင့် အင်ဒိုနီးရှားကဲ့သို့သော လူဦးရေများပြားသည့် နိုင်ငံများတည်ရှိနေခြင်းကြောင့် ယနေ့နိုင်ငံတကာရေးရာများတွင် အာရုံစိုက်ခံရဆုံးနှင့် အရေးပါဆုံးသော ဒေသအဖြစ်သို့ ရောက်ရှိနေကြောင်း၊ အင်ဒို- ပစိဖိတ်ဒေသအတွင်း၌ နိုင်ငံအချို့၏ စစ်ရေးအရလွှမ်းမိုးနိုင်ရန် ကြိုးစားလာမှုများသည် ဒေသတွင်းနိုင်ငံများအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာစေကြောင်း၊ ကမ္ဘာ့အရေးပါဆုံး စွမ်းအင်ဖြစ်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ပေးနိုင်ခြင်းသည် နိုင်ငံအားလုံးအတွက် အရေးကြီးဆုံးလုပ်ငန်းတစ်ခုဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့တင်ပို့ရာ အဓိကလမ်းကြောင်းသည် အိန္ဒိယသမုဒ္ဒရာကို ဖြတ်ကျော်ရသည့်အတွက် စီးပွားရေးအရ အရေးပါသောဒေသတစ်ခုဖြစ်လာသည်ကို တွေ့ရှိရကြောင်း။

**နိုင်ငံများအားလုံး၏ တန်းတူညီမျှမှု**

အင်ဒို-ပစိဖိတ်ဒေသတွင် ဖြစ်ပေါ်နေသော ပင်လယ်ဓားပြတိုက်ခိုက်မှုများအား နိုင်ငံပေါင်းစုံပူးပေါင်းဆောင်ရွက်မှုဖြင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့သော်လည်း ပင်လယ်ရေကြောင်းဆိုင်ရာခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေဆဲပင်ဖြစ်ကြောင်း၊ အင်ဒို-ပစိဖိတ်ဒေသတွင် လူမှောင်ခိုကူးခြင်းနှင့် မူးယစ်ဆေးဝါးတရားမဝင်ဖောက်ကား ရောင်းဝယ်ခြင်းတို့ကိုလည်း အခြားသော နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများအဖြစ် တွေ့ရှိရကြောင်း၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ ပင်လယ်ဓားပြမှုများနှင့် အကြမ်းဖက်မှုများအကြား ကြီးမားသည့် ဆက်နွှယ်မှုများသည် အင်ဒို - ပစိဖိတ်ဒေသတွင် ရှုပ်ထွေးသောသမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေကြောင်း၊ အင်ဒို-ပစိဖိတ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ကောင်းမွန်သော စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရာတွင် ဒေသအတွင်းရှိ နိုင်ငံတစ်နိုင်ငံချင်းစီ၏ အချုပ်အခြာ၊ နယ်မြေပိုင်ဆိုင်မှုနှင့် နိုင်ငံများအားလုံး၏ တန်းတူညီမျှမှုတို့ကိုသာ အခြေခံပြီး နိုင်ငံ၏အရွယ်အစားနှင့် လူဦးရေကို ထည့်သွင်းစဉ်းစားခြင်းမပြုသည့် စည်းမျဉ်းကိုအခြေခံသော လုပ်ဆောင်ချက်များကို တစ်နိုင်ငံချင်းအလိုက်သော်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအားလုံးများ အားလုံးအတွက်သော် လည်းကောင်း ကျင့်သုံးရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ချစ်ကြည်ရင်းနှီးမှုခိုင်မာရေး**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shouigu နှင့် တွေ့ဆုံ၍ (၈)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေးဆိုင်ရာ ညီလာခံကျင်းပပြုလုပ်မှုအခြေအနေများ၊ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ပြခန်းများ ကြည့်ရှုလေ့လာ**

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် တပ်မတော်အရာရှိကြီးများသည် ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင် မော်စကိုဒေသရှိ ကူဘင်ကာ မျိုးချစ်ပန်းခြံသို့ သွားရောက်၍ ဆီးရီးယားနိုင်ငံအတွင်း အကြမ်းဖက်သမားများအား နှိမ်နင်းရာတွင် ရုရှားတပ်မတော်မှအသုံးပြုခဲ့သော ယာဉ်ယန္တရားများနှင့် လက်နက်ပစ္စည်းများပြခန်း၊ အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် ယာဉ်ယန္တရားများနှင့် လက်နက်ပစ္စည်းများ ပြခန်း၊ ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သော ရုရှားနိုင်ငံမှ ထုတ်လုပ်သည့် တင့်ယာဉ်များနှင့် ဂျာမန်နိုင်ငံမှအသုံးပြုခဲ့သည့် တင့်ယာဉ်ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**လုံခြုံရေးဆိုင်ရာညီလာခံတက်ရောက်**

(၈)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ (8th Moscow Conference on International Security) သို့ ရုရှားနိုင်ငံမှ Doctor of Science ဘွဲ့ရရှိထားသော ဒုတိယဗိုလ်မှူးကြီး တင်ဘုန်းကျော်အား Making Decisions in Air Traffic Control စာအုပ်ရေးသားပြုစုထုတ်ဝေခဲ့သည့်အတွက် လေကြောင်းလုံခြုံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖြစ် ဖိတ်ကြားခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ဗိုလ်မှူးကြီး မျိုးကျော်သူအား "Color" Revolutions and " Hybrid" Warfare ..General and Spacifice Features ခေါင်းစဉ်အောက်တွင် ပါဝင်ဆွေးနွေးရန် ဖိတ်ကြားခံခဲ့ရကြောင်း၊ ယခုအခါ အဆိုပါ အရာရှိကြီးနှစ်ဦးမှာ (၈)ကြိမ်မြောက် မော်စကို နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံသို့ တက်ရောက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံမှ တင်ပို့ခဲ့သည့် ဆန်တန်ချိန် ၁၈၀၀၀ ကို အိုင်ဗရီကို့စ် အာဏာပိုင်များက စားသုံးရန်မသင့်ဟု ကြေညာ၍ ဖျက်ဆီးခဲ့သည့်ကိစ္စနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ ပါဝင်သော စုံစမ်းရေးအဖွဲ့ ဖွဲ့စည်း၍ အသေးစိတ် စုံစမ်းစစ်ဆေးသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**သတင်းထုတ်ပြန်ချက်**

**၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက် )**

**မြန်မာနိုင်ငံမှ တင်ပို့ခဲ့သည့် ဆန်တန်ချိန် (၁၈၀၀၀) ကို အိုင်ဗရီကို့စ် အာဏာပိုင်များက စားသုံးရန်မသင့်ဟု ကြေညာ၍ ဖျက်ဆီးခဲ့သည့်ကိစ္စ**

၁။ မြန်မာနိုင်ငံမှ တင်ပို့ခဲ့သော ဆန်တန်ချိန် (၁၈၀၀၀) ကို **အိုင်ဗရီကို့စ် အာဏာပိုင်များက** စားသုံးရန်မသင့်ဟု ကြေညာ၍ ဖျက်ဆီးခဲ့သည်ဟု ပြည်ပသတင်းဌာနများတွင် မကြာသေးမီက ဖော်ပြခဲ့ပါသည်။

၂။ ယင်းကိစ္စနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးခဲ့ရာ ယင်းဆန်များမှာ Olam International Co.,Ltd က အာဖရိကတိုက်ရှိ ဂီနီ (Guinea) သို့ ဆန်တင်ပို့ရန် မြန်မာကုမ္ပဏီ (၃) ခု ဖြစ်သော ရွှေဝါရောင်ကုမ္ပဏီမှ တန် (၁၃၅၀၀)၊ Myanmar Economic Corporation Co.,Ltd မှ တန် (၈၀၀၀) နှင့် ရောဟသ်ာ ကုမ္ပဏီမှ တန် (၅၀၀) စသည်ဖြင့် သင်္ဘောပေါ်အရောက်ဈေးနှုန်း (FOB) ဖြင့် ဝယ်ယူခဲ့သည့် ဆန်များဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ၎င်းဆန်များအား တင်ဆောင်မည့် MV Ocean Princess သင်္ဘောသည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ဆန်တန်ချိန် (၂၂၀၀၀) ခန့်ကို အရည်အသွေးစစ်ဆေးသည့် Bureau Veritas ကုမ္ပဏီ၏ စစ်ဆေးအတည်ပြုချက်ဖြင့် တင်ဆောင်၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ထွက်ခွာသွားခဲ့ပါသည်။ ထို့အပြင် အိန္ဒိယနိုင်ငံဆိပ်ကမ်း၌ ဆန်တန်ချိန် (၁၄၀၀၀) အား ထပ်မံတင်ဆောင်ခဲ့ပြီး ဂီနီနိုင်ငံရှိ Conakry ဆိပ်ကမ်းသို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်၌ ဆိုက်ရောက်ခဲ့ပါသည်။

၄။ ဂီနီနိုင်ငံရှိ Conakry ဆိပ်ကမ်းတွင် ၎င်းသင်္ဘောမှ ဆန်တန်ချိန် (၄၀၀၀) ခန့်ချအပြီး ဆန်အိတ်အချို့တွင် အလေးချိန်မပြည့်သည့် အကြောင်းပြချက်ဖြင့် ဆက်လက်လက်မခံခဲ့သဖြင့် တိုဂိုနိုင်ငံ (Togo) တွင် ရောင်းချရန် သွားရောက်ခဲ့ရာ ယင်းနိုင်ငံမှလည်း ထပ်မံ၍ ငြင်းပယ်ခံခဲ့ရပါသည်။ ၎င်းမှ ဆက်လက်ထွက်ခွာခဲ့ရာ အိုင်ဗရီကို့စ်နိုင်ငံ၊ အဘီဂျန် (Abidjan) ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

၅။ အဆိုပါ ဆန်များအား မြန်မာနိုင်ငံသို့ ပြန်လည်တင်ဆောင်နိုင်ရန် Olam International Co.,Ltd ကိုယ်စားလှယ်များက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် လာရောက်တွေ့ဆုံတင်ပြခဲ့မှုအရ စုစုပေါင်း ဆန်တန်ချိန် (၁၈၀၁၀.၅၅) တန်အား ပြန်လည်သယ်ယူနိုင်ရန် Repair & Return စနစ်ဖြင့် သွင်းကုန်ပါမစ် (၃) စောင် ထုတ်ပေးခဲ့ပါသည်။

၆။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၎င်းဆန်များ ပြန်လည်ရောက်ရှိလာပါက မည်သည့်အတွက်ကြောင့် ပြန်လည်တင်ပို့ခံခဲ့ရခြင်းဖြစ်သည်ကို စစ်ဆေးရေးအဖွဲ့ဖွဲ့၍ စိစစ်ရန် စီစဉ်ခဲ့ပါသည်။

၇။ သို့သော် ၎င်းသင်္ဘောမှာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ခြင်းမရှိဘဲ မြန်မာ့ဆန်များ စားသုံးရန်မသင့်၍ အိုင်ဗရီကို့စ်၌ ဖျက်ဆီးခဲ့ကြောင်း ပြည်ပသတင်းဌာနများက ဖော်ပြခဲ့ရာ မြန်မာ့ဆန်များ၏ နာမည်ကောင်းကို ထိခိုက်စေခဲ့ပါသည်။

၈။ ယင်းကိစ္စနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ ဆန်များ ရောင်းချခဲ့သည့် ပြည်တွင်းကုမ္ပဏီများနှင့် သင်္ဘောတင်မှုတွင် အရည်အသွေးစစ်ဆေးသည့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးခဲ့ရာ ယင်းဆန်များကို စာချုပ်ပါ အရည်အသွေးအလေးချိန်များအတိုင်း ဆန်တင်ပို့မှုတွင် နှစ်ပေါင်းများစွာအတွေ့အကြုံရှိသည့် ကုမ္ပဏီများမှ ရောင်းချခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာအရည်အသွေးစစ်ဆေးသည့် ကုမ္ပဏီများကလည်း ယင်းဖြစ်ရပ်မျိုး ယခင်က ဖြစ်ပွားခဲ့ခြင်းမျိုး မရှိခဲ့ကြောင်းနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာ၍ သင်္ဘောတင်ပေးခဲ့ခြင်းဖြစ်ကြောင်း တင်ပြခဲ့ကြပါသည်။

၉။ မြန်မာ့ဆန်များ၏ အရည်အသွေးကို တာဝန်ခံနိုင်ကြောင်းနှင့် FOB စနစ်ဖြင့် ဝယ်ယူခဲ့သည့်ကုမ္ပဏီအနေဖြင့် သင်္ဘောတင်စဉ်မှ ကုန်ပစ္စည်းချသည့်အချိန်အထိ (၇) လကျော် ကြာမြင့်ခဲ့ခြင်းနှင့် သင်္ဘောတင်ချိန်နှင့် သင်္ဘောပေါ်တွင် ရေငွေ့ဝင်ခြင်းများကြောင့်သာ ဆန်အရည်အသွေး ထိခိုက်မှုဖြစ်နိုင်ကြောင်း ဆန်များရောင်းချခဲ့သည့် ကုမ္ပဏီများ၏ တင်ပြချက်အရ သိရှိရပါသည်။

၁၀။ အထက်ပါ ဆန်ရောင်းချခဲ့သည့် မြန်မာကုမ္ပဏီ (၃) ခုသည် FOB (ရန်ကုန်) စနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ရာ FOB စနစ်အရ **"ကုန်ရောင်းသူသည် ရောင်းချမည့်ကုန်ပစ္စည်းကို တင်ပို့ရမည့် သင်္ဘောပေါ်သို့ ရောက်ရှိသည်အထိ တင်ပို့ပေးရန် တာဝန်ရှိပြီး ဝယ်သူသည် ကုန်ပစ္စည်းသင်္ဘောပေါ်သို့ ရောက်ရှိပြီးသည်နှင့်တစ်ပြိုင်နက် ကုန်ပစ္စည်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် ဆုံးရှုံးမှုနှင့် ကုန်ကျစရိတ်အားလုံးကို တာဝန်ယူရမည်"** ဖြစ်သဖြင့် ယခုဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဆန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ငွေကြေးအရ နစ်နာမှု မရှိကြောင်းနှင့် ဆန်များ ဖျက်ဆီးခံရခြင်းအပေါ် တာဝန်မရှိကြောင်း တွေ့ရှိရပါသည်။

၁၁။ ယင်းဖြစ်စဉ် ဖြစ်ပေါ်ခဲ့သော်လည်း မြန်မာ့ဆန်များ တင်ပို့သည့်ဈေးကွက်ကို ထိခိုက်မှုမရှိဘဲ ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ (၁၉) ရက်နေ့အထိ ပို့ကုန်လိုင်စင်ခွင့်ပြုထားသည့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် (၂၇၉၉၅) တန်၊ အာရှနိုင်ငံများသို့ ဆန်တန်ချိန် (၁၁၉၀) တန်၊ ဆန်ကွဲ (၁၁၅၀) တန်၊ ဥရောပနိုင်ငံများသို့ ဆန်တန်ချိန် (၁၅၂၇၁) တန်၊ ဆန်ကွဲ (၁၉၀၁၀) တန်တို့ကို ပုံမှန်အတိုင်း ဆက်လက်တင်ပို့လျက်ရှိပါသည်။

၁၂။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်ပြီး တာဝန်ရှိသူများ ပါဝင်သော စုံစမ်းရေးအဖွဲ့ ဖွဲ့စည်း၍ ဆန်တင်ပို့သည့် ကုမ္ပဏီများ၊ အရည်အသွေးစစ်ဆေးသည့် Bureau Veritas ကုမ္ပဏီနှင့် ဆန်ဝယ်ယူသည့် Olam International Co., Ltd တို့ကို အသေးစိတ် စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## အာဆီယံအတွင်းရေးမှူးချုပ်ဟောင်း ကွယ်လွန်သည့်အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး



**ရန်ကုန် ဧပြီ ၂၄**

အာဆီယံအတွင်းရေးမှူးချုပ်ဟောင်း Hon.Rodolfo C. Severino သည် ဧပြီ ၁၉ ရက် သောကြာနေ့တွင် ကွယ်လွန်သွားသည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဖိုးစိန်လမ်း အမှတ်(၂၁)ရှိ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံရုံးသို့ သွားရောက်၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် ဖွင့်လှစ်ထားရှိသည့်စာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဖိလစ်ပိုင်နိုင်ငံ အာဆီယံအတွင်းရေးမှူးချုပ်ဟောင်း Hon.Rodolfo C. Severino သည် ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ အာဆီယံအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**သတင်းစဉ်**


## ဓမ္မပီတိ ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် ဧပြီ ၂၄**


ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု ညောင်ထောက်ပင်ကျေးရွာရှိ ဓမ္မပီတပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် အလှူငွေများ လိုအပ်လျက်ရှိရာတွင် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအနေဖြင့် အလှူငွေများ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျောင်းသား ကျောင်းသူ ၉၉ ဦးအား ဆရာ ဆရာမ ခုနစ်ဦးက ပညာသင်ကြားပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ၊ ကျောင်းစိမ်း/ဖြူ ထီး၊ ဖိနပ်၊ မိုးကာများ လှူဒါန်းနိုင်ပြီး ကျောင်းသားများအတွက် ရေအိမ်သုံးလုံး၊ ထမင်းစားဆောင်၊ အိပ်ဆောင်၊ စာကြည့်တိုက် စသည့်အဆောက်အအုံများ ဆောက်လုပ်ရန် ကျန်ရှိနေသေးကြောင်းနှင့် အာဟာရဒါနအဖြစ် နံနက်စာ ကျပ်ငါးသောင်း၊ နေ့လယ်စာ တစ်သိန်းကျပ်၊ ညစာ ကျပ် ခုနစ်သောင်း စုစုပေါင်း တစ်နေ့စာအတွက် ကျပ် နှစ်သိန်းနှစ်သောင်း ကုန်ကျနေသည့်အတွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ကျောင်းထိုင်ဆရာတော်ဦးတေဇနိယ ဖုန်း ၀၉-၇၇၃ ၇၄၂ ၃၈၇၊ ၀၉-၄၂၂ ၇၈၇ ၀၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

**အခြေခံပညာကျောင်းများရှိ ပညာသင်နှစ်အလိုက်**
**(မူလတန်း၊ အလယ်တန်း၊ အထက်တန်း)စုစုပေါင်း ဆရာအရေအတွက်**




**အခြေခံပညာကျောင်းများရှိ ပညာသင်နှစ်အလိုက်**
**(မူလတန်း၊ အလယ်တန်း၊ အထက်တန်း)စုစုပေါင်း ကျောင်းသားအရေအတွက်**



# မြန်မာနိုင်ငံသည် ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု အများဆုံးသောနိုင်ငံ ၃၀ တွင် ပါဝင်နေဆဲဖြစ်ပြီး ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် ရှိနေဆဲဖြစ်

**နေပြည်တော် ဧပြီ ၂၄**

နိုင်ငံတစ်ဝန်း တီဘီရောဂါဖြစ်ပွားမှု စစ်တမ်း (၂၀၁၇-၂၀၁၈) (Nationwide TB Prevalence Survey) အသိပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

**ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု အများဆုံး နိုင်ငံ ၃၀ တွင် ပါဝင်နေဆဲဖြစ်**

အသိပေးဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံတွင် စတုတ္ထအကြိမ်မြောက် ဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်ဝန်း တီဘီရောဂါဖြစ်ပွားမှုစစ်တမ်း (၂၀၁၇-၂၀၁၈) ပါ တွေ့ရှိချက်များသည် တီဘီရောဂါ တိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) အရလုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် အောင်မြင်မှုအခြေအနေတို့ကို လေ့လာဆန်းစစ် သိရှိနိုင်ရန်အတွက် လည်းကောင်း၊ ထပ်မံရေးဆွဲဆောင်ရွက်မည့် တီဘီရောဂါတိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၂၅)နှင့် စီမံချက်များ၊ လုပ်ငန်းစဉ်များအတွက် လည်းကောင်း အထူးအရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် တီဘီရောဂါဖြစ်ပွားမှုနှုန်းမှာ နှစ်စဉ် ၃ ဒသမ ၅ ရာခိုင်နှုန်းခန့် ကျဆင်းလျက်ရှိသော်လည်း မြန်မာနိုင်ငံသည် ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု အများဆုံးသောနိုင်ငံ ၃၀ တွင် ပါဝင်နေဆဲဖြစ်ပြီး ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် ရှိနေဆဲဖြစ်ပါကြောင်း၊ အဆိုပါနိုင်ငံ ၃၀ စာရင်းတွင် မပါရှိရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ဘက်ပေါင်းစုံမှ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ကမ္ဘာ့တီဘီရောဂါ အစီရင်ခံစာ (၂၀၁၈) အရ မြန်မာနိုင်ငံ၌လူဦးရေ တစ်သိန်းတွင် တီဘီရောဂါ ဖြစ်ပွားသူ ၃၅၈ ဦးနှင့် ရောဂါကြောင့်သေဆုံးသူ ၅၁ ဦးရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး နိုင်ငံတစ်ဝန်း တီဘီရောဂါဖြစ်ပွားမှု စစ်တမ်း (၂၀၁၇-၂၀၁၈) အသိပေးဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်မှ ၂၀၁၈ ခုနှစ်တွင် တီဘီရောဂါလူနာ ၁၃၅၀၀၀ ကျော်ကို ကုသမှုပေးခဲ့ရာ ကုသမှုအောင်မြင်နှုန်းမှာ ၈၇ ရာခိုင်နှုန်း ရရှိခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခက်ခဲဒေသ၊ လုပ်ငန်းခွင်၊ အကျဉ်းထောင်များ စသည်တို့အထိ ကွင်းဆင်းရောဂါ ရှာဖွေကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနတစ်ခုတည်းမှ ဆောင်ရွက်၍ မရဘဲ ဌာနပေါင်းစုံ၊ INGO/ Local NGO ၊ လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေး အဖွဲ့အစည်းများစသည်ဖြင့် အားလုံးစုစည်းဆောင်ရွက်မှသာ အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယခုစစ်တမ်းကို ကျွမ်းကျင်မှု နည်းပညာပိုင်းဆိုင်ရာ စနစ်တကျ ပြုလုပ်ဆောင်ရွက်ခြင်း၊ ဒီဂျစ်တယ် ဓာတ်မှန်စက်၊ အဆင့်မြင့် Gene Xpert စက်များဖြင့် စမ်းသပ်အတည်ပြုဆောင်ရွက်ခြင်းတို့ကြောင့် တွေ့ရှိချက်များသည် မှန်ကန်ပြီး ယုံကြည်စိတ်ချရပါကြောင်း။

**တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပိုမိုပါဝင် ဆောင်ရွက်**

ယခုစစ်တမ်း တွေ့ရှိချက်များကို အခြေခံ၍ တီဘီရောဂါ တိုက်ဖျက်ရေး မဟာဗျူဟာ (၂၀၂၁-၂၀၂၅) ကို ရေးဆွဲသည့်အခါ လက်တွေ့မြေပြင်တွင် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များ ရေးဆွဲရန်နှင့် လုပ်ငန်းဆောင်ရွက်အောင်မြင်မှုကို စဉ်ဆက်မပြတ်ဆန်းစစ်သည့် စနစ်နှင့် အသုံးချသုတေသနလုပ်ငန်းများကိုပါ တစ်ပါတည်းထည့်သွင်းရေးဆွဲဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ လူမှုရေးဝန်ကြီးများ အနေဖြင့်လည်း တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ဦးဆောင်နေရာမှ ပိုမိုပါဝင်ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်းပြောကြားသည်။

**စစ်တမ်းတွေ့ရှိချက်များကို နှိုင်းယှဉ်သုံးသပ်**

ဆက်လက်၍ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာ စည်သူအောင်က နိုင်ငံတစ်ဝန်းတီဘီရောဂါဖြစ်ပွားမှုစစ်တမ်း (၂၀၁၇-၂၀၁၈) တွေ့ရှိချက်များကို လည်းကောင်း၊ အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်မန်နေဂျာ ဒေါက်တာ ချိုချိုစန်းက စစ်တမ်းကောက်ယူ ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Medical Officer, Dr. Onazaki က စစ်တမ်းတွေ့ရှိမှုကောက်ချက်များနှင့် (၂၀၀၉-၂၀၁၀) ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် စစ်တမ်းနှင့် ယခု စစ်တမ်းတွေ့ရှိချက်များကို နှိုင်းယှဉ်သုံးသပ်မှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တီဘီရောဂါ စစ်တမ်းကောက်ယူခြင်း လုပ်ငန်းများကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်အထိ ဆောင်ရွက်ပြီး စစ်တမ်းအရ တီဘီရောဂါဖြစ်ပွားသူများ၏ ၇၃ ရာခိုင်နှုန်းမှာ အမျိုးသားများ ဖြစ်ကြောင်းတွေ့ရှိရသည်။

တီဘီလူနာများ၏ ၅၀ ရာခိုင်နှုန်းကျော်မှာ အသက် ၅၀ နှစ်နှင့် အထက်တွင် တွေ့ရှိရသည့် အတွက်ပြည်သူလူထုအတွင်းတီဘီရောဂါ ကူးစက်ပြန့်ပွားမှုကို အတော်အသင့် ထိန်းချုပ်နိုင်ပြီဟု ယူဆနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၄)ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး ကျင်းပ

**မန္တလေး ဧပြီ ၂၄**

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၄)ကြိမ်မြောက် အာဆီယံသဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးနှင့် အခြားဆက်စပ်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ Hilton Hotel ၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်မှု တန်ဖိုးထား**

အစည်းအဝေးကို အာဆီယံသီချင်းဖြင့် စတင်ဖွင့်လှစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့် အမှာစကားပြောကြားရာတွင် အာဆီယံနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တန်ဖိုးထားပါကြောင်း၊ အဆိုပါ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် မိမိတို့ အာဆီယံနိုင်ငံများသည် နှစ်ပေါင်း ၄၀ ကျော် အတူတကွ တည်ရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ လတ်တလောတွင် ဖိလစ်ပိုင်နိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ငလျင်ဘေးကြောင့် အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ပျက်စီးမှုများအတွက် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ စာရင်းဇယားများအရ မိမိတို့နေထိုင်သည့် အာဆီယံဒေသတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ဘေးအန္တရာယ် စုစုပေါင်း ၁၆၀၄ ကြိမ်ခန့်ဖြစ်ပွားခဲ့ပါကြောင်း၊ အာဆီယံဒေသသည် ဘေးအန္တရာယ်များစွာ ကျရောက်လွယ်သည့် ဒေသဖြစ်သော်လည်း နိုင်ငံတကာမှ ပညာရှင်များ၏ လေ့လာသုံးသပ်ချက်များအရ ဘေးအန္တရာယ် ဖြစ်ပွားမှုများသည့် အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ဘေးအန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းများ မြင့်မားလာသည်ကိုတွေ့ရှိရပါကြောင်း။

**အရေးပါသည့် ဆုံးဖြတ်ချက် ချမှတ်**

မြန်မာနိုင်ငံအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံအတွင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးနှင့် အခြားဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပ ပြုလုပ်ရသည့်အတွက်လည်းများစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ သုံးရက်ကြာကျင်းပပြုလုပ်မည့် အစည်းအဝေးများမှ ဘေးဒဏ် ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့် အာဆီယံ လူမှုအသိုက်အဝန်းဖြစ်စေရေးအတွက် အရေးပါသည့် ဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

**ယဉ်ကျေးမှုအမွေအနှစ်များစွာရှိ**

ထို့နောက် မန္တလေးတိုင်းဒေသကြီး




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး (၃၄) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ အစည်းအဝေး တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးက မန္တလေးတိုင်းဒေသကြီးသည် ယဉ်ကျေးမှုအမွေအနှစ်များစွာရှိပြီး သမိုင်းကြောင်းအစဉ်အလာမြင့်မားသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ သို့ဖြစ်ရာအဆိုပါ အမွေအနှစ်များအား ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်နိုင်ရန်လည်း အရေးကြီးပါ ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဖြစ်ပွားမှုများသည့် ဘေးအန္တရာယ်များအတွက် လိုအပ်သည့် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် မြေပြင်တွင်လည်း လက်တွေ့အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းများအတွက် အစိုးရ အဖွဲ့အစည်းများသာမက အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အင်အားကိုပါ ရယူဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း၏ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr. Kung Phoak က အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်၍ ပိတ်သိမ်းလိုက်သည်။

**အစီရင်ခံစာ မိတ်ဆက်**

ထို့နောက် UNESCAP ၏ နည်းပညာပူးပေါင်းဆောင်ရွက်မှုဖြင့် ပြုစုထားသည့် အာဆီယံနိုင်ငံများအတွင်း မိုးခေါင်ရေရှားမှု ဘေးအန္တရာယ် လေ့လာဆန်းစစ်ချက် အစီရင်ခံစာအား မိတ်ဆက်ဖြန့်ချိခြင်းကို ဆောင်ရွက်သည်။

**သုံးရက်ကြာ ကျင်းပမည်**

အဆိုပါ (၃၄) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးနှင့် အခြား ဆက်စပ်အစည်းအဝေးများကို ဧပြီ ၂၄ ရက်မှ ၂၆ရက် အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံသဘာဝ ဘေးစီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာကူညီမှု ပေါင်းစပ်ညှိနှိုင်းရေးဌာန (AHA Centre)၊ အာဆီယံအပေါင်းသုံးနိုင်ငံများ၊ အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းအောက်ရှိ ကဏ္ဍအလိုက် အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့ အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ ပဲခူးမြို့သို့ ဒေသစာရီကြွချီပူဇော်ခံ

**ပဲခူး ဧပြီ ၂၄**

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သို့ ဒေသစာရီကြွချီ အပူဇော်ခံသည်။

ရှေးဦးစွာ ယနေ့နံနက် ၅ နာရီက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များအား သထုံမြို့ ရွှေစာရံစေတီ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ ဆရာတော် သံဃာတော်များက ဘုရားအနေကဇာတင်ကြပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ ဌာနဆိုင်ရာများ၊ ရွှေစာရံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များက မွန်ပြည်နယ် သထုံမြို့မှ ပဲခူးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စစ်တောင်းတံတား(မုပ္ပလင်)တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်သည့် ဦးညွန့်ရွှေနှင့် ဒေါ်ညွန့်ညွန့်ဌေး၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်၊ ဌာနဆိုင်ရာများ၊ ရွှေမော်ဓောစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များက ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ကျောက်ပန်းတောင်း ဓမ္မာရုံသို့ ကြိုဆိုပင့်ဆောင်ကြရာ လမ်းကြောင်းတစ်လျှောက်တွင် ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်များက ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ကြီးတည်ထားကိုးကွယ်ရေး အလှူငွေများထည့်ဝင်လှူဒါန်းကြသည်။

ယနေ့ည ၇ နာရီခွဲတွင် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ကျောက်ပန်းတောင်းဓမ္မာရုံ၌ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကမှ စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ပင့်ဆောင်ပူဇော်ခြင်း အထိမ်းအမှတ် **"မေတ္တာလွှမ်းမှ ငြိမ်းချမ်းမယ်"** တရားတော်ကို ဟောကြားချီးမြှင့်ရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံ တရားချစ်ခင် သူတော်စင်များက တရားတော်ကို ရိုသေစွာ နာယူကြည်ညိုကြသည်။



**ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့် ပဲခူးမြို့သို့ ပင့်ဆောင်လာစဉ်။**

**ဟန်လင်းနိုင်**

# ရန်ကုန်မြို့တွင်း မြို့နယ်များ၌ သောက်သုံးရေပိုမိုပေးဝေနိုင်ရေးနှင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရေး ရေပေးဝေရေးစခန်းများကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဧပြီ ၂၄**

ရန်ကုန်မြို့ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်နှင့် လှိုင်သာယာမြို့နယ်များသို့ သောက်သုံးရေပိုမိုပေးဝေနိုင်ရေး အချင်း ၈၀၀ မီလီမီတာ HDPE ရေပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းများ သတ်မှတ်ကာလ ပြီးစီးနိုင်ရေးနှင့် ပူပြင်းသောနွေကာလအတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးစိန်အုန်းနှင့်တာဝန်ရှိသူများ ဧပြီ ၂၃ ရက်က ရေပေးဝေရေးစခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်ဦးစိန်အုန်းသည် ရေရရှိရေးနှင့် ရေပေးဝေရေးတာဝန်ခံအဖွဲ့ အတွင်းရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်တွင် ညောင်နှစ်ပင် ရေသန့်စင်စက်ရုံ၊ လှော်ကားရေလှောင်ကန်၊ ကုက္ကိုင်းရေလှောင်ကန်များနှင့် အချင်း ၈၀၀ မီလီမီတာ HDPE ရေပို့ပိုက်လိုင်း ဆက်သွယ်သည့် လုပ်ငန်းခွင်များသို့ သွားရောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးကြည့်ရှုစဉ်အတွင်း ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အတွင်းရေးမှူး ဦးအောင်ဆန်းဝင်းနှင့် တာဝန်ရှိသူများက ညောင်နှစ်ပင် ရေသန့်စင်စက်ရုံမှ ရေသန့်စင်ပေးဝေမှုအခြေအနေ၊ လှော်ကားကန်အတွင်း ယခင်နှစ်ထက် ကန်ရေပိုမို သိုလှောင်ပေးဝေနိုင်မှုအခြေအနေ၊ ကုက္ကိုင်းရေလှောင်ကန်မှ ရန်ကုန်မြို့တွင်း မြို့နယ်များသို့ ရေပေးဝေမှုအခြေအနေနှင့် မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်များသို့ ရေပိုမိုပေးဝေနိုင်ရေး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းတစ်လျှောက် အချင်း ၈၀၀ မီလီမီတာ HDPE ရေပို့ပိုက်လိုင်းဆက်သွယ်ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြပြီး ကော်မတီဝင်က ရေလှောင်ကန်ကြီးများကြံ့ခိုင်ရေး၊ ရေတိုးမြှင့်သိုလှောင်ပေးဝေရရှိနိုင်ရေး၊ ရေအရည်အသွေးကောင်းမွန်စေရေး၊ သတ်မှတ်ကာလအတွင်း အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ အန္တရာယ်ကင်းရှင်းအောင် ကြိုတင်စီမံဆောင်ရွက်ရေး မှာကြားကြောင်း သိရသည်။

**စောသိန်းဝင်း**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ကျေးရွာများသို့ သောက်သုံးရေ လှူဒါန်း

**နေပြည်တော် ဧပြီ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် တောင်သာကျေးရွာနှင့် မင်းဒင်ကျေးရွာတို့တွင် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရေသွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တောင်သာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ဦးဆောင်၍ တောင်သာကျေးရွာသို့ ရေဂါလန် ၄၀၀၀ နှင့် မင်းဒင်ကျေးရွာသို့ ရေဂါလန် ၂၀၀၀ စုစုပေါင်း ရေဂါလန် ၆၀၀၀ ကို အိမ်ထောင်စုအလိုက် သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်များဖြင့် သယ်ဆောင်၍ စနစ်တကျ ခွဲဝေ လှူဒါန်းပေးခဲ့ပြီး ဥတ္တရသီရိနှင့် ပုဗ္ဗသီရိမြို့နယ်များအတွင်းရှိ ကျေးရွာများသို့လည်း သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆက်လက်ပေးဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ရေဖိအားလျော့နည်းကျဆင်းမှု အခြေအနေတင်ပြချက်

ရန်ကုန်မြို့တော်သို့ သောက်သုံးရေ စဉ်ဆက်မပြတ်ပေးဝေရန်အတွက် လှော်ကား၊ ဂျိုးဖြူ၊ ဖူးကြီး၊ ငမိုးရိပ်ရေလှောင်ကန်နှင့် ညောင်နှစ်ပင်ရေသန့်စင်စက်ရုံမှ ရေအား၊ လျှပ်စစ်ဓာတ်အား အသုံးပြုပြီး ရေတွန်းစက်ကြီးများ လည်ပတ်မောင်းနှင်၍ မြို့နယ်အသီးသီးသို့ ရေပေးဝေလျက်ရှိသည်။ ရေလှောင်ကန်ကြီးများ၏ ရေသိုလှောင်မှုအနေဖြင့် ယခင်နှစ်ထက် လှော်ကားကန်တွင် ကန်ရေအမြင့် ၁၃ လက်မခန့်၊ ဖူးကြီးကန်တွင် ကန်ရေအမြင့် နှစ်လက်မခန့်၊ ဂျိုးဖြူကန်တွင် ယခင်နှစ်တန်ရေချိန်အတိုင်း သိုလှောင်ပေးဝေနိုင်၍ ယခုနှစ် နွေရာသီ ရေလိုအပ်ချက်ကို ပြည့်မီလုံလောက်စွာ ပေးဝေနိုင်သည်။

မြို့နယ်အသီးသီးရှိ ထပ်ဆင့်ရေတွန်း စက်ရုံများဖြစ်သည့် ပါရမီရေတွန်းစက်ရုံ၊ ကျိုက္ကဆံရေတွန်းစက်ရုံ၊ ဂန္ဓမာရေတွန်းစက်ရုံ၊ မြို့ဦးရေတွန်းစက်ရုံ၊ ရေနံ့သာရေတွန်းစက်ရုံ၊ သုဝဏ္ဏရေတွန်းစက်ရုံ၊ ရွှေအင်ကြင်းရေတွန်းစက်ရုံ၊ ဘုရင့်နောင်ရေတွန်းစက်ရုံ၊ ရွှေပေါက္ကံရေတွန်းစက်ရုံ၊ သဲဖြူရေတွန်းစက်ရုံ၊ ရန်ကုန်ပေါက် ရေတွန်းစက်ရုံ၊ ဒလရေတွန်းစက်ရုံ၊ ဒဂုံတောင်ရေတွန်း စက်ရုံအမှတ်(၁)၊ ဒဂုံတောင်ရေတွန်း စက်ရုံအမှတ်(၂)၊ ယုဇနဥယျာဉ်မြို့တော် ရေတွန်းစက်ရုံ အစရှိသည့် ရေတွန်းစက်ရုံများနှင့် မြေအောက်ရေပေးရေးစနစ်မှ ရေတွန်းစက်ရုံများ၊ ထပ်ဆင့်ရေတွန်းစက်ရုံများဖြင့် ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီးသို့ ရေဖြန့်ဝေပေးလျက်ရှိသည်။ ထိုသို့ပေးဝေလျက်ရှိသော်လည်း ရာသီဥတု ပူပြင်းခြောက်သွေ့၍ ရေသုံးစွဲမှုများပြားလာခြင်း၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်ပေါ်ခြင်းတို့ကြောင့် ရေဖိအားလျော့နည်းကျဆင်းမှုများ လတ်တလောဖြစ်ပေါ်လျက်ရှိ၍ ရေချွေတာစုဆောင်းအသုံးပြုနိုင်ကြရန်နှင့် ရေလိုအပ်ချက်ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်တောင်းခံနိုင်ကြောင်း အသိပေးတင်ပြအပ်ပါသည်-

| | | | |
|---|---|---|---|
| **အရှေ့ပိုင်းခရိုင်ရုံး** | - | ၀၉ | - ၂၅၀၂၈၃၈၂၃ |
| **အနောက်ပိုင်းခရိုင်ရုံး** | - | ၀၉ | - ၂၅၀၂၈၃၈၁၂ |
| **တောင်ပိုင်းခရိုင်ရုံး** | - | ၀၉ | - ၅၀၅၄၅၆၅ |
| **မြောက်ပိုင်းခရိုင်ရုံး** | - | ၀၉ | - ၂၅၃၈၃၅၂၇၅ |

**ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်း/တာဝန်အဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# နွေရာသီသောက်သုံးရေရှားပါးပြတ်လပ်မှုများအတွက် အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်ခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်ကျေးရွာများတွင် နွေရာသီသောက်သုံးရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ရေပြတ်လပ်မှုဖြစ်နိုင်ခြေစာရင်း ကောက်ယူခြင်း၊ သောက်သုံးရေအလျင်အမြန် ပံ့ပိုးဖြည့်ဆည်းပေးမည့် အစီအစဉ်ရေးဆွဲခြင်းများ ကြိုတင်ဆောင်ရွက်ခဲ့ပါသည်။

စာရင်းကောက်ယူချက်များအရ ၂၀၁၉ခုနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်(၁၅)ခုရှိ မြို့နယ်(၉၃) မြို့နယ်၊ ကျေးရွာပေါင်း (၂၀၈) ရွာတွင် ရေရှားပါးပြတ်လပ်နိုင်ခြေရှိကြောင်း ခန့်မှန်းသိရှိခဲ့ပြီး ရေရှားပါးပြတ်လပ်သော ကျေးရွာများသို့ ရေသန့်စင်ကားများ၊ ရေသယ်ယာဉ်များအသုံးပြု၍လည်းကောင်း၊ ရေဖြန့်ဝေရေးဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ စက်သုံးဆီကူညီပံ့ပိုးပေးခြင်းဖြင့်လည်းကောင်း၊ သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိရာ ၂၀၁၉ခုနှစ်၊ ဧပြီလ(၂၃)ရက်နေ့ထိ တိုင်းဒေသကြီး/ပြည်နယ် (၁၀) ခုရှိ မြို့နယ်ပေါင်း(၃၀)၊ ကျေးရွာပေါင်း(၇၅) ရွာသို့ ရေဂါလန်(၂၉၅၂၂၀) ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ ကျေးလက်ရေရရှိရေးလုပ်ငန်းများအနေဖြင့် ယခုဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ (၂၁၇၇) ရွာ၌ ရေပေးရေးလုပ်ငန်းပေါင်း (၂၂၂၁) ခုအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ မည်သည့်ကျေးရွာများမဆို ရေရှားပါးပြတ်လပ်မှုတစ်စုံတစ်ရာဖြစ်ပေါ်ပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)အပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများသို့ ဖုန်းဆက်သွယ်မှုအပြင် အခြားဆက်သွယ်ရေး နည်းလမ်းမျိုးစုံဖြင့် အချိန်အခါမရွေးဆက်သွယ် အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ


**နေပြည်တော် မေ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/ ၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၁၈-၄-၂၀၁၉)ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် (၂၅-၂-၂၀၁၉) ရက်နေ့မှ (၈-၃-၂၀၁၉) ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ငါးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ရှစ်ဦး၊ ပေါင်း၁၀ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ၁၁ ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၆၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၅၉၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၇၃ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၃၂၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**




**အာရပ်စော်ဘွားများ ပြည်ထောင်စုသမ္မတနိုင်ငံ (UAE) ဒူဘိုင်းမြို့၌ Asia Athletics Association Gala Dinner and Award ဆုပေးပွဲကို မေ ၂၂ ရက်က ကျင်းပခဲ့ရာ အာရှပြေးခုန်ပစ်အဖွဲ့ချုပ်မှ ချီးမြှင့်သည့် အကောင်းဆုံးစဉ်ဆက်မပြတ် စနစ်တကျဆောင်ရွက်နိုင်မှုဆုကို မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ်မှ ရရှိခဲ့သဖြင့် အာရှပြေးခုန်ပစ်အဖွဲ့ချုပ်မှ ပါမောက္ခချုပ် Ms.Dahlan AIHamad ကဆုချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးကျော်ထူးအောင် လက်ခံရယူစဉ်။**

ဗလစိုး

● *ကျောဖုံးမှ*

၁၀၀ကျော်၊ အမြင့်ပေ ၆၀ ခန့်ရှိ မြေစာပုံ လျှောကျမှုဖြစ်ပေါ်ခဲ့၍ ဦးအောင်တင့်(၄၀)နှစ်မှာ နေရာတွင် သေဆုံးခဲ့ပြီး ဦးမဲလှအောင် (၂၄)နှစ်မှာ မြေစာများ ဖုံးအုပ်ပျောက်ဆုံးခဲ့ကာ ဘက်ဟိုးယာဉ် နှစ်စီး၊ မြေသယ်ယာဉ် နှစ်စီး မြေစာများနှင့်အတူ လျှောကျခဲ့သည်။

ထို့အတူ ယနေ့နံနက် ၉ နာရီက ဖားကန့်မြို့နယ် လုံးခင်းကျေးရွာမြောက်ဘက် ခုနစ်မိုင်ခန့်အကွာ ကထန်ကျေးရွာအနီးရှိ ဝမ်းဘရားသားကုမ္ပဏီ (နိုင်ငံတော်နှင့်အကျိုးတူ)အတွင်းသို့ အမြင့်ပေ ၈၀ ခန့်ရှိ မြေစာများပြတ်ကျမှုဖြစ်ပေါ်ခဲ့၍ ယာဉ်နှစ်စီး မြေစာများဖုံးလွှမ်းခဲ့သည်။

အဆိုပါမြေစာများသည် လုပ်ကွက်အတွင်း လုပ်ငန်းဆောင်ရွက်နေသည့် HTR-1500(ဖူကူတာဝါ)အမျိုးအစား ကျောက်ဖောက်စက် ယာဉ်ပေါ်သို့ ကျရောက်ခဲ့၍ယာဉ်မောင်းသူ ကျောက်ပန်းတောင်းမြို့နယ် ရသေ့တောင်ကျေးရွာနေ ကိုကိုဆင့်(၃၅ နှစ်)မှာ ယာဉ်နှင့်အတူ မြေစာများအတွင်း မျောပါသေဆုံးခဲ့သည်။

ဖားကန့်မြို့နယ် တွင် သဘာဝဘေးအန္တရာယ်ကြောင့် နှစ်ရက်အတွင်း သေဆုံးသူ ၅၇ ဦးရှိခဲ့ပြီး နွံကန်ပေါက်သည့်နေရာ၊ မြေစာပုံပြိုကျသည့်နေရာများသို့ ကချင်ပြည်နယ် သစ်တော၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကာ မြေပြိုကျသည့်လုပ်ကွက်များကို ထပ်မံပြိုကျမှုမဖြစ်ပေါ်စေရေးအတွက် အန္တရာယ်မြေအဖြစ် သတ်မှတ်၍ ပိတ်ထားရန်၊ မြေစာပုံရှင်းလင်းရေး လုပ်ငန်းများကို ကုမ္ပဏီများ၊ လုပ်ငန်းရှင်များက ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ပျောက်ဆုံးနေသော ဝန်ထမ်းမိသားစုများကို ကူညီစောင့်ရှောက်ပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

"နွံကန်ပေါက်တဲ့နေရာ၊ မြေစာပုံပြိုတဲ့ နေရာတွေမှာ ကျောက်စိမ်းဌာနက အဖွဲ့တွေနဲ့ ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့ဝင်တွေက ဌာနဆိုင်ရာတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး မြေစာရှင်းလင်းရေး လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ကချင်ပြည်နယ် ဝန်ကြီးကလည်း ကွင်းဆင်းကြည့်ရှုနေပါတယ် "ဟု ဖားကန့်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖုန်ဂရိန်က ပြောသည်။

ယမန်နေ့ကဖြစ်ပွားခဲ့သည့် ရွှေနဂါးကိုးကောင် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီနှင့် မြန်မာသူရကုမ္ပဏီတို့မှ နွံကန်ကျိုးပေါက်ခဲ့၍ ပျောက်ဆုံးနေသူ ၅၄ ဦးအနက် မေ ၂၃ ရက်အထိ ရုပ်အလောင်းသုံးလောင်း ရှာဖွေတွေ့ရှိခဲ့ပြီး ယနေ့ည ၇ နာရီအထိ ရုပ်အလောင်းနှစ်လောင်း ထပ်မံရှာဖွေတွေ့ရှိခဲ့၍ ပျောက်ဆုံးနေသည့် ၄၉ ဦးကို ဖားကန့်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် တာဝန်ရှိသူများက စက်ယန္တရားများဖြင့် ဆက်လက်ရှာဖွေလျက်ရှိကာ နွံကန်ပေါက်ကျမှုနှင့် မြေစာပုံပြိုကျမှုတို့ကြောင့် နှစ်ရက်အတွင်း သေဆုံးသူနှင့် ပျောက်ဆုံးသူ ၅၇ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**တော့တင်ဟမ် ချန်ပီယံလိဂ်ဝင်ခွင့်ရရန် ပိုမိုအားကောင်းလာ**

မေ ၂၄ ရက် နံနက်ပိုင်းက ပရီမီယာလိဂ်ပွဲစဉ်များအဖြစ် ဝက်ဖို့ဒ်နှင့် ဆောက်သမ်တန်၊ တော့တင်ဟမ်နှင့် ဘရိုက်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်ဖို့ဒ်နှင့် ဆောက်သမ်တန်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေကျခဲ့ပြီး တော့တင်ဟမ်နှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်တွင် တော့တင်ဟမ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ တော့တင်ဟမ်အသင်းသည် ၃၅ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၇၀ ဖြင့် အမှတ်ပေးဇယား တတိယနေရာတွင် ရပ်တည်လိုက်နိုင်သောကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရန် ပိုမိုအားကောင်းလာခဲ့သည်။

**မန်စီးတီး ဖာနန်ဒက်စ်အားခေါ်ယူရေးတွင် မန်ယူအားအနိုင်ရရန် မျှော်လင့်**

မန်စီးတီးအသင်းသည် စပိန်တင်းလစ္စဘွန်းအသင်းမှ ပေါ်တူဂီ ကွင်းလယ်ကစားသမား ဘရူနို ဖာနန်ဒက်စ် (၂၄နှစ်) အား ခေါ်ယူရေးတွင် မန်ယူအသင်းအား အနိုင်ရရန် မျှော်လင့်နေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**ဆာနေး မန်စီးတီးအသင်းမှ ထွက်ခွာသွားမည်ကို စိုးရိမ်ပူပန်နေ**

မန်စီးတီးအသင်းသည် ဂျာမနီတောင်ပံကစားသမား ဆာနေး (၂၃နှစ်) အနေဖြင့် အသင်းနှင့်စာချုပ်သစ်ချုပ်ဆိုနိုင်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများကြန့်ကြာနေသည့်အတွက် အသင်းမှ ထွက်ခွာသွားမည်ကို စိုးရိမ်ပူပန်နေကြောင်း မက်ထရိုတွင် ဖော်ပြထားသည်။

**ပရီမီယာလိဂ်သမိုင်းတစ်လျှောက်အမြန်ဆုံးသွင်းဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့**

မေ ၂၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဝက်ဖို့ဒ်နှင့် ဆောက်သမ်တန်အသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သောပွဲစဉ်တွင် ဆောက်သမ်တန်အသင်းအတွက် ၇ ဒသမ ၆၉ စက္ကန့်တွင် သွင်းယူနိုင်ခဲ့သော ရှိန်းလောင်း၏ ဂိုးသည် ပရီမီယာလိဂ် သမိုင်းတစ်လျှောက်အမြန်ဆုံးသွင်းဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ ၎င်းသည် တော့တင်ဟမ် ခံစစ်ကစားသမား လက်ဒလေကင်း တင်ထားခဲ့သော စံချိန်တင်ကို ချိုးဖြတ်ခဲ့ခြင်းဖြစ်သည်။ လက်ဒလေကင်း တင်ထားခဲ့သော စံချိန်မှာ ၉ ဒသမ ၈၂ စက္ကန့်ဖြစ်သည်။

**ဒီဂီယာ၊ ပေါ့ဘာနှင့် လူကာကူ ၎င်းတို့၏ အနာဂတ်နှင့်ပတ်သက်ပြီး စဉ်းစားဖွယ်ရှိ**

မန်ယူအသင်းအနေဖြင့် ချန်ပီယံလိဂ်ခြေစစ်ပွဲ မအောင်မြင်ခဲ့ပါက စပိန်ဂိုးသမား ဒီဂီယာ (၂၈နှစ်)၊ ပြင်သစ်ကွင်းလယ်ကစားသမား ပေါလ် ပေါ့ဘာ (၂၆နှစ်) နှင့် ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူ (၂၅နှစ်) တို့သည် အိုးထရက်ဖို့ဒ်၌ ၎င်းတို့၏ အနာဂတ်နှင့်ပတ်သက်ပြီး စဉ်းစားဖွယ်ရှိနေကြောင်း ဂါးဒီးယန်းတွင် ဖော်ပြထားသည်။

**မန်စီးတီး ရိုဒရီအား စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူသွားရန် အဆင်သင့်ရှိ**

မန်စီးတီးအသင်းသည် အသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ဖာနန်ဒင်ဟို (၃၃နှစ်)၏ နေရာကို ရေရှည်အစားထိုးရန်အတွက် အက်သလက်တီကိုမက်ဒရစ်အသင်းမှ စပိန်ကစားသမား ရိုဒရီ (၂၂နှစ်) အား စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူသွားရန် အဆင်သင့်ရှိနေကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။

**ဝုဖ်နှင့် စပို့တင်းလစ္စဘွန်း ကမာချိုအား ခေါ်ယူလိုနေ**

ဝုဖ်နှင့် စပို့တင်းလစ္စဘွန်းအသင်းသည် လီဗာပူးအသင်းမှ အသက် ၁၉ နှစ်အရွယ် ပေါ်တူဂီကစားသမား ကမာချိုအား ခေါ်ယူလိုနေကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာနှင့် ဥဇဘက်ကစ္စတန်အသင်း စတင်တွေ့ဆုံ

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို မေ ၂၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် မြန်မာအသင်းသည် ဥဇဘက်ကစ္စတန်အသင်းနှင့် စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် ဥဇဘက်ကစ္စတန်၊ သြစတြေးလျ၊ နီပေါအသင်းတို့နှင့် ကျရောက်နေသည်။ အခြားအုပ်စုတွင်မူ တောင်ကိုရီးယား၊ ဗီယက်နမ်၊ အီရန်နှင့် လက်ဘနွန်အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းပါဝင်သည့် အုပ်စု (က) ပွဲစဉ်များကို မေ ၂၆၊ ၂၈၊ ၃၀ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပထမပွဲကို ညနေ ၄ နာရီ၊ ဒုတိယပွဲကို ည ၇ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အုပ်စု (က) ပွဲစဉ်များအဖြစ် မေ ၂၆ ရက် ညနေ ၄ နာရီတွင် သြစတြေးလျအသင်းနှင့် နီပေါအသင်း၊ ည ၇ နာရီတွင် မြန်မာအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်း၊ မေ ၂၈ ရက် ညနေ ၄ နာရီတွင် နီပေါအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်း၊ ည ၇ နာရီတွင် မြန်မာအသင်းနှင့် သြစတြေးလျအသင်း၊ မေ ၃၀ ရက် ညနေ ၄ နာရီတွင် သြစတြေးလျအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်း၊ ည ၇ နာရီတွင် မြန်မာအသင်းနှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ အုပ်စု (က) အနေအထားအရ အာရှထိပ်သီး သြစတြေးလျအသင်းသည် ခြေစစ်ပွဲအောင်မြင်ရန် အခြေအနေ အကောင်းဆုံးဖြစ်နေသောကြောင့် လက်ကျန်တစ်နေရာအတွက် မြန်မာနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ အပြိုင်လုရဖွယ်ရှိနေရာ မြန်မာအသင်းအတွက် အဖွင့်ပွဲတွင် ရလဒ်ကောင်းရရန် လိုအပ်နေသည်။ ယင်းခြေစစ်ပွဲကို မြန်မာပရိသတ်များ တစ်ခဲနက်လာရောက်အားပေးနိုင်ရန် ဝင်ကြေးအခမဲ့ သတ်မှတ်ထားသည်။

ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၁၉ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ-** ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်-**ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြများအဖြစ်-**ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ **ဂိုးနည်းပြ-** ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် **ဂိုး-**ဇူးလတ်နဒီ၊ ပိုးဥ၊ ခင်မြတ်မိုး၊ **နောက်တန်း-** နှင်းမြသဇင်၊ နော်ထက်ထက်ဝေ၊ ဇွန်ယုယဦး၊ နန့်ဇူးဇူးထက်၊ သဇင်အောင်၊ ကြည်ပြာလင်း၊ မိုးမမစိုး၊ အိအိကျော်၊ ဖြူဖြူဝင်း၊ **အလယ်တန်း-** မိုးမိုးသန်း၊ ဘွဲ့လျှန်ကိန်း၊ မေဖူးကို၊ အေးအေးထွေး၊ လင်းမြင့်မိုရ်၊ သီတာဝင်း၊ ပို့ပို့ပြည့်မောင်၊ **ရှေ့တန်း-** စန်းသော်သော်၊ နွယ်နီဝင်း၊ အေးမြတ်ခိုင်၊ မြတ်နိုးခင်တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**



မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ခြေစစ်ပွဲမတိုင်မီ ခြေစမ်းပွဲကစားနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကွင်းဆင်းစစ်ဆေး

**ပုသိမ် မေ ၂၄**

ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၄၀ စုစုပေါင်း ငွေကျပ်သိန်း ၁၄၀ ဖြင့် ကျေးရွာ ၁၉ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လင်းဝင်းကြီးကျေးရွာအုပ်စု လင်းဝင်းကြီးကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း၊ သစ်ပုတ်ကုန်းကျေးရွာအုပ်စု သစ်ပုတ်ကုန်းကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း၊ ရွှေမြင်တင်ကျေးရွာအုပ်စု ကြခတ်ကုန်းကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် လက်ပန်ကျေးရွာအုပ်စု ထိန်တန်းကျေးရွာမြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား သတ်မှတ်စံချိန်စံနှုန်းများဖြင့်ဆောင်ရွက်ခြင်း ရှိ/မရှိနှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မြို့သာစက်မှုဥယျာဉ်အတွင်းရှိ ကုမ္ပဏီစိုက်ခင်းမှ ဆေးခြောက်ပင်များနှင့် ဆက်စပ်ပစ္စည်းများကိုစွဲဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲ (မန္တလေး)၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန၊ မူးယစ်တပ်ဖွဲ့ခွဲ(၁)မန္တလေးမှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မေ ၂၂ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မန္တလေး မြို့သာ စက်မှုဥယျာဉ် မြို့တော်ဝင်း၊ အမှတ်(၂) လုပ်ကွက်အတွင်းရှိ III M Global Nutracetical Company စိုက်ခင်းသို့ သွားရောက်စစ်ဆေးခဲ့သည်။

**သိမ်းဆည်းရမိ**

အဆိုပါ စိုက်ခင်းဧက ၂၀ တွင် ဆေးခြောက်အပင်ပေါင်း ၃၅၀၀၀၀ ခန့်၊ ဆာလာအိတ် ၁၉ အိတ်အတွင်းမှ ဆေးခြောက်အစေ့(မျိုးစေ့)(၃၈၀)ကီလို၊ ဖန်ပုလင်းအတွင်းမှ ဆေးခြောက်အဆီ ၁၈၀၄ ဂရမ်၊ Formic Acid ၁ လီတာ၊ အက်သနောအရည် ၄၅ ဒသမ ၆ လီတာ၊ အယ်ကိုဟောအရည် ၂၂ ဒသမ ၈ လီတာ၊ Bio Maxs အစိမ်းရောင် အရည် ၆ လီတာ၊ Acetone အရည် ၅ လီတာ၊ Acetonitrile အရည် ၅ လီတာ၊ Concort Water ၃ လီတာ၊ Methonal အရည် ၁၂ ဒသမ ၅ လီတာ၊ အမိုနီယမ်ဖော့စဖိတ် ၅၀၀ ဂရမ်ပါ၊ မော်တော်ယာဉ် နှစ်စီး၊ ဆေးခြောက် ၂၇၀ ဒသမ ၅ ကီလိုနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

**ဥပဒေအရအရေးယူ**

အဆိုပါ လုပ်ကွက်အတွင်းမှ ဦးရိုန်းလတ်(၃၇ နှစ်)၊ မရွှန်းလဲ့မြတ်နိုး (၂၃ နှစ်)၊ အမေရိကန်နိုင်ငံသားများဖြစ်ကြသော Mr. John Fredric Todoroki (၆၃ နှစ်) နှင့် Mr. Alexander Skemp Todoroki (၄၉ နှစ်) (ဖမ်းမမိသေး)တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**





ဆေးခြောက်စိုက်ခင်းနှင့် ဆက်စပ်ပစ္စည်းများ။



ဖမ်းဆီးရမိသူများကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၅-၅-၂၀၁၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တကယ်တစ်နှစ်တာ "ပြည်ထဲရေးဝန်ကြီးဌာန" "ဧရာဝတီတိုင်းဒေသကြီး" (ပုသိမ်)
- ၉း၄၀ - လှပစုံလင်အာဆီယံတစ်ခွင်
- ၁၀း၃၀ - အလုပ်သမားရေးရာအစီအစဉ်
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၁)(ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင်) (ဒါရိုက်တာ- ဘိုသန့်)
- ၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း-၃၄)(ဇာတ်သိမ်း)

**ညပိုင်း**

- ၁၆း၃၅ - Soccer View
- ၁၆း၅၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "မဟူရာရုပ်ရှင်ရုံ"
- ၁၉း၂၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း - ၂)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တကယ်တစ်နှစ်တာ "ပြည်ထောင်စုရှေ့နေချုပ်ရုံး" "ကယားပြည်နယ်" (လွိုင်ကော်)
- \- နိုင်ငံခြားဇာတ်လမ်းတွဲ
- \- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ ဓာတ်ပုံပညာရှင် ဦးမြင့်သိန်းဖေ)

## ရေပူမရမ်းချောင်စစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးရာမှ ကျောက်စိမ်းတုံးများဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆ ဒသမ ၁ သန်း၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၄၄၆ သန်း၊ စုစုပေါင်းတားဆီးမှုလေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆ ဒသမ ၅၄၆ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Kluger ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းတုံး ၇၆၂ ကီလိုနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၃ ဒသမ ၁ သန်းအား တွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ မေ ၂၂ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် သစ်သီးနှစ်မျိုး၊ ခန့်မှန်း တန်ဖိုးငွေကျပ် ၀ ဒသမ ၃၄၃ သန်းအား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကျိုင်းတုံ- တာချီလိတ်လမ်းပေါ်၌ ခရီးသည်တင်ယာဉ်ချောင်းအတွင်းထိုးကျ၍ ရှစ်ဦးဒဏ်ရာရ

**ကျိုင်းတုံ မေ ၂၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် တာကျောက်ကျေးရွာ ကျိုင်းတုံ- တာချီလိတ်သွား ပြည်ထောင်စုကားလမ်းမပေါ်၌ မေ ၂၃ ရက်ညပိုင်းက မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ရေချောင်းအတွင်း ထိုးကျတိမ်းမှောက်ခဲ့ရာ ခရီးသည်ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။

မေ ၂၃ ရက် နံနက် ၁ နာရီခွဲတွင် တာချီလိတ်ဘက်မှ ကျိုင်းတုံဘက်သို့ ယာဉ်မောင်းစိုင်းလှအောင် (၂၃ နှစ်) မိုင်းကိုင်အုပ်စု ကျေးသီးမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်ပေါ်တွင် ခရီးသည် အမျိုးသားတစ်ဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ယာဉ်မောင်းပါ ကိုးဦးတို့ မောင်းနှင်လာစဉ် ကျိုင်းတုံမြို့နယ် တာကျောက်ကျေးရွာ ကျိုင်းတုံ-တာချီလိတ်သွား ပြည်ထောင်စုကားလမ်းမ မိုင်တိုင်အမှတ် (၆၈၃)ကီလိုမီတာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ရှိ ရေချောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့ကာ **(အပေါ်ပုံ)** ယာဉ်မောင်း စိုင်းလှအောင်မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ယာဉ်ပေါ်ပါ ခရီးသည်ရှစ်ဦးတို့တွင် (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့၍ အတွင်းလူနာ ခြောက်ဦးနှင့် ပြင်ပလူနာနှစ်ဦးအဖြစ် ဆေးကုသမှုခံယူလျက်ရှိသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ဘုတ်ပြင်းနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၄**

ကရသူရိနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက် မွန်းလွဲပိုင်းက ဘုတ်ပြင်းမြို့နယ် ဟန်ကပြုကျေးရွာအုပ်စု ကြိမ်မဲတောင်ကျေးရွာ၏ အနောက်ဘက် ဒီရေတောရှိ စက်လှေပေါ်တွင် မြင့်အောင်၊ ထွန်းဝင်းဦး(ခ)ထွန်းဦး၊ တာရာစည်သူ(ခ)ကင်းငယ်နှင့် မစန်းနွယ်တို့ကို တွေ့ရှိ၍စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မစန်းနွယ်မှာ ထွက်ပြေးသွားပြီး စက်လှေကိုရှာဖွေရာ ဘိန်းစာမှုန့် ၃၉ ဒသမ ၂၇၃၆၅ ကီလို သိမ်းဆည်းရမိသည်။

ထို့အတူ မေ၂၃ ရက် နံနက် ၄ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာခရီးသည် ယိန်းဇုန်း၏ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၄**

သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်မှ ၂၁ ရက်အထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသည့် စာရင်းများအရ တရားမဝင်ကျွန်း ၂၅၄ ဒသမ ၄၀၁၄ တန်၊ သစ်မာ ၈၀ ဒသမ ၂၄၈၆ တန်နှင့် အခြား ၃၂၉ ဒသမ ၂၃၆၉ တန် စုစုပေါင်း ၆၆၃ ဒသမ ၈၈၆၉ တန်၊ ပြစ်မှုကျူးလွန်သူ ၁၉ ဦးနှင့် ယာဉ်/ ယန္တရား ၁၃ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လှမော်**

## မြိတ်မြို့တွင် ဆိုင်ကယ်များ ခိုးယူရောင်းချနေသူများကို ဖမ်းဆီးရမိ

**မြိတ် မေ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မော်တော်ဆိုင်ကယ်များ ခိုးယူရောင်းချသူလေးဦးကို မြို့မရဲတပ်ဖွဲ့စခန်းနယ်ထိန်းအဖွဲ့က မေ၂၃ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြိတ်တောင်ကျေးရွာ ရွှေပြည်တန်ရပ်ရတနာလမ်းနေကျော်ဇင်ဖြိုး(ခ)သာထူးသည် ခိုးမှုကျူးလွန်ကြောင်းသတင်းအရ ၎င်း၏နေအိမ်တွင် နံပါတ်မပါဆိုင်ကယ်သုံးစီးရပ်ထားကြောင်း သိရှိရသဖြင့် မြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်မျိုးအောင်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စုံစမ်းရှာဖွေရာ ၎င်းကို နေအိမ်တွင်တွေ့ရှိရပြီး အဆိုပါ ဆိုင်ကယ်သုံးစီးကို ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ မတွေ့ရသဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ကျော်ဇင်ဖြိုး(ခ)သာထူးကို စစ်ဆေးမေးမြန်းရာ မော်တော် ဆိုင်ကယ်များကို ခိုးယူရောင်းချနေသည်မှာ ၎င်းတစ်ဦးတည်းမဟုတ်ကြောင်း သိရ၍ ဆိုင်ကယ်များကို အဓိကခိုးယူသူမှာ ပါရမီ(၂)ရပ်မှ စိုးစိုးနှင့် ဇေယျာသီရိ(၄)ရပ်မှ စိုးငွေတို့ဖြစ်ပြီး ခိုးထားသည့် ဆိုင်ကယ်များကို ပူးပေါင်းထုခွဲရောင်းချသူ ဇေယျာသီရိ(၄) ရပ်မှ အောင်ဖြိုးပိုင်(ခ)ဖြိုးပိုင်တို့ကိုပါ ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း မြို့မရဲတပ်ဖွဲ့စခန်းမှ သိရသည်။

**မြိတ် (ပြန်/ဆက်)**

## မြဝတီ-ကော့ကရိတ်အာရှလမ်းတွင် ယာဉ်နှစ်စီးတိုက်မိပြီး ခရီးသည်ငါးဦး ဒဏ်ရာရရှိ

**ကော့ကရိတ် မေ ၂၄**

မြဝတီ - ကော့ကရိတ် အာရှလမ်းတွင် မှန်လုံယာဉ်တစ်စီး ဘရိတ်ပေါက်ကာ တောင်ကမ်းပါးယံအား ဝင်ရောက်တိုက်မိပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားကာ တစ်ဖက်ယာဉ်ကြောအတိုင်း မောင်းနှင်လာသော ပရိဘောက်ယာဉ်အား ဝင်တိုက်မိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉နာရီ ၄၅ မိနစ်ခန့်က ကော့ကရိတ်မြို့နယ် မြဝတီ-ကော့ကရိတ်အာရှလမ်း နတ်စင်ကွေ့အနီး ယာဉ်တိုက်မှုဖြစ်ကြောင်း သတင်းအရအမှတ်(၇၁) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲအုပ် သန်းနိုင်ရွှေ ဦးစီးအဖွဲ့နှင့် ကော့ကရိတ်မြို့မ ရဲစခန်းမှ ဒုရဲအုပ် အောင်ပိုင်စိုး ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးရာ မြဝတီဘက်မှ ကော့ကရိတ်ဘက်သို့ ရန်ကုန်မြို့နေ ယာဉ်မောင်း ဦးထွန်းအောင်ကျော်(၅၀ နှစ်) မောင်းနှင်လာသော မှန်လုံယာဉ်သည် အခင်းဖြစ်နေရာအရောက် ဘရိတ်မမိတော့ဘဲ လမ်းယာဘက်ရှိတောင်ကမ်းပါးယံအား ဝင်ရောက်တိုက်မိပြီး ယာဉ်မှာဝဲဘက်ယာဉ်ကြောသို့ရောက်ရှိသွားကာ ပေါင်မြို့နယ်နေ ယာဉ်မောင်း လင်းအောင်(၃၃ နှစ်)မောင်းနှင်လာသောပရိဘောက်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ပရိဘောက်ယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည်ငါးဦးတွင် (မစိုးရိမ်ရ)ဒဏ်ရာများ ရရှိကာ ကော့ကရိတ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# စစ်သွေးကြွများ၏ တိုက်ခိုက်မှုထက် အမေရိကန်နှင့် အာဖဂန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှု ပိုများနေ

**ကဘူးလ် မေ ၂၄**

တာလီဘန်နှင့် အခြားစစ်သွေးကြွအုပ်စုများ၏ တိုက်ခိုက်မှုထက် အမေရိကန်နှင့် အစိုးရထောက်ခံသည့် တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သားများ သေဆုံးရသည့် အရေအတွက် ပိုများနေကြောင်း ကုလသမဂ္ဂက မေ ၂၄ ရက် တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

နိုင်ငံ၏အစိတ်အပိုင်း အတော်များများကို ထိန်းချုပ်ထားသည့် တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးသဘော တူညီမှုရရှိရေး ကြိုးပမ်းနေချိန်တွင် အမေရိကန်သည်အာဖဂန်၌ လေကြောင်း တိုက်ခိုက်မှုများကို အရှိန်မြှင့် လုပ်ဆောင်လာနေသည်ဖြစ်ရာ အရပ်သား သေဆုံးမှုများလည်း ပိုမိုများပြားလာခဲ့သည်။

၂၀၁၉ ခုနှစ်၏ ပထမသုံးလအတွင်း နိုင်ငံတကာနှင့် အစိုးရထောက်ခံသည့် တပ်ဖွဲ့ဝင်များကြောင့် အရပ်သားပြည်သူ ၃၀၅ ဦးသေဆုံးခဲ့သည်။ စစ်သွေးကြွအုပ်စုများ၏ တိုက်ခိုက်မှုကြောင့် သေဆုံး သူ ၂၂၇ ဦးရှိသည်ဟု အာဖဂန်ရှိ ကုလသမဂ္ဂ အကူအညီပေးရေး မစ်ရှင်အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြသည်။ သေဆုံးမှုအများဆုံးသည် အမေရိကန်၏လေကြောင်း တိုက်ခိုက်မှု သို့မဟုတ် အမေရိကန် ကျောထောက် နောက်ခံပေးထားသည့် အာဖဂန်တပ်ဖွဲ့များက လုပ်ဆောင်ခဲ့သည့် မြေပြင် ရှာဖွေရေး စစ်ဆင်နွှဲမှုများမှ ပေါ်ထွက်လာသည့် သေဆုံးသူ အရေအတွက်ဖြစ်ကြောင်း ကုလသမဂ္ဂ အကူအညီပေးရေး မစ်ရှင်အဖွဲ့က ဆိုသည်။ မစ်ရှင်အဖွဲ့က အာဖဂန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့နှင့် နိုင်ငံတကာမှ တပ်ဖွဲ့များအနေဖြင့် အရပ်သားများ သေဆုံးထိခိုက်မှုနှင့် ပတ်သက်သည့် စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန်နှင့် ရှာဖွေတွေ့ရှိသောရလဒ်များကို ရိုက်နှိပ်ဖော်ပြရန်၊ အပြစ်မဲ့သေဆုံးရသူများကို လျော်ကြေးပေးရန် အစီရင်ခံစာတွင် တိုက်တွန်းထားသည်။ အမေရိကန်လေတပ်ဖွဲ့ ဗဟို ညွှန်ကြားမှုဌာနက ပြောကြားချက်အရ အမေရိကန်သည် ၂၀၁၈ ခုနှစ်တွင် အာဖဂန်၌ ဗုံး ၇၃၆၂ လုံး ကြဲချခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



အာဖဂန်တပ်ဖွဲ့မှ သံချပ်ကာယာဉ်တစ်စီးကို တွေ့ရစဉ်။

# သေဆုံးသူ ၃၅၉ ဦးအထိ မြင့်တက်လာသော သီရိလင်္ကာ အကြမ်းဖက်တိုက်ခိုက်မှုစုံစမ်းရာတွင် သြစတြေးလျ ကူညီမည်

**ကိုလံဘို မေ ၂၄**

ယခုအချိန်အထိ သေဆုံးသူ ၃၅၉ ဦးအထိ မြင့်တက်လာပြီး ဒဏ်ရာရရှိသူ ၅၀၀ ကျော်လာသည့် သီရိလင်္ကာနိုင်ငံတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက် ဗုံးပေါက်ကွဲမှု ဖြစ်စဉ်များကို အမြန်ဆုံးဖော်ထုတ်နိုင်ရန် သြစတြေးလျနိုင်ငံက ပူးပေါင်း ပါဝင်သွားမည်ဖြစ်သည်။

သီရိလင်္ကာအကြမ်းတိုက်ခိုက်မှုပြုလုပ်ခဲ့သူ တစ်ဦးမှာ ပညာတတ်တစ်ဦးဖြစ်ကြောင်း စုံစမ်းသိရှိရပြီး ၎င်းသည် ယခင်က ဗြိတိန်တွင် ပညာသင်ယူခဲ့သူ တစ်ဦးဖြစ်ကာ နောက်ပိုင်းတွင် သြစတြေးလျနိုင်ငံတွင် ပညာဆက်လက် ဆည်းပူးခဲ့သူဖြစ်သည်။ အဆိုပါ ဗုံးဖောက်ခွဲ တိုက်ခိုက်မှုကို အစ္စလာမ့်စ် အစွန်းရောက်တပ်ဖွဲ့က ၎င်းတို့၏ လက်ချက်ဟု အာမက်သတင်း အေဂျင်စီမှ ဖော်ပြခဲ့သော်လည်း သက်သေ အထောက်အထား ပြသခြင်းမရှိကြောင်း သိရသည်။ သီရိလင်္ကာ ဝန်ကြီးချုပ်က အိုင်အက်စ်အဖွဲ့ပြောဆိုမှုကို စုံစမ်းစစ်ဆေးရေးမှူးများက ဆန်းစစ်နေကြောင်း ပြောသည်။

ဝမ်းနည်းဖွယ် အကြမ်းဖက်တိုက်ခိုက်မှုကြီးတွင် သြစတြေးလျနိုင်ငံသား နှစ်ဦးလည်း အသက်ဆုံးရှုံးခဲ့ပြီး သီရိလင်္ကာနိုင်ငံကိုကူညီရန် သြစတြေးလျ ရဲတပ်ဖွဲ့ဝင်များ စေလွှတ်သွားမည်ဖြစ်ကြောင်း သြစတြေးလျ ဝန်ကြီးချုပ် မော်ရစ်ဆင်က ပြောသည်။ သြစတြေးလျ၏ ထောက်ပံ့မှုကို ကြိုဆိုကြောင်း၊ သြစတြေးလျနှင့် သီရိလင်္ကာနိုင်ငံသည် ရင်းနှီးသည့် မဟာမိတ်နိုင်ငံအဖြစ် တည်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**



သီရိလင်္ကာ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုတွင် သေဆုံးခဲ့သူအချို့ကို တွေ့ရစဉ်။

# သမ္မတထရမ့်ကို အစွဲပြုလျက် ဂိုလန်ကုန်းမြင့်ဒေသရှိ အခြေချအိမ်ရာကို အစ္စရေးက အမည်သစ်ပေးအပ်မည်



ဂျေရုဆလင် မေ ၂၄

**သိမ်းပိုက်ခံ ဂိုလန်ကုန်းမြင့်ဒေသကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အစ္စရေးပိုင်နက်အဖြစ် သတ်မှတ်ခဲ့မှုကို တန်ဖိုးထား အသိအမှတ်ပြုသည့်အနေဖြင့် ဂိုလန်ကုန်းမြင့်ဒေသရှိ အခြေချအိမ်ရာကို အမည်သစ်ပေးအပ်ရန် စီစဉ်ထားကြောင်း အစ္စရေး ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက မေ ၂၄ ရက်တွင် ပြောကြားလိုက်သည်။**

အဆိုပါဒေသသို့ မိသားစုနှင့်အတူ ခရီးထွက်ခဲ့သည့် ဝန်ကြီးချုပ် နေတန်ယာဟုက ရုပ်သံဗီဒီယိုတစ်ခုတွင် ပြောကြားခဲ့ရာတွင် ၎င်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို အစွဲပြုလျက် ဂိုလန်ကုန်းမြင့်ဒေသရှိ အခြေချအိမ်ရာကို အမည်သစ်ခေါ်တွင်ရန်တောင်းဆိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အစိုးရအဖွဲ့သို့ တင်ပြသွားမည် ဖြစ်သည်ဟု ဆိုထားသည်။

သမ္မတထရမ့်က ဂိုလန်ကုန်းမြင့်ဒေသကို အစ္စရေးပိုင်နက်အဖြစ် သတ်မှတ်သည့်သမိုင်းဝင် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်လိုက်ချိန်တွင် အစ္စရေးနိုင်ငံသားများအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ကြသည်ဟု မစ္စတာနေတန်ယာဟုက ပြောကြားသည်။ ၁၉၆၇ ခုနှစ်က ဖြစ်ပွားခဲ့သည့် ခြောက်ရက်ကြာ စစ်ပွဲအတွင်း ဆီးရီးယားလက်မှ သိမ်းပိုက်ခဲ့သည့် မဟာဗျူဟာ မြောက် အစိတ်အပိုင်းဖြစ်သည့် ဂိုလန်ကုန်းမြင့်ဒေသကို သမ္မတထရမ့်က အစ္စရေးပိုင်နက်အဖြစ် မတ် ၂၅ ရက်တွင် သတ်မှတ်လိုက်ခြင်းသည် ကာလရှည်ကြာတည်ရှိခဲ့သည့် နိုင်ငံတကာ ဘုံသဘောတူညီမှုတစ်ရပ်ကို ချိုးဖောက်ရာ ရောက်ခဲ့သည်။ အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟု ငါးကြိမ်မြောက် အနိုင်ရရှိသည့် အစ္စရေး ရွေးကောက်ပွဲမတိုင်မီ သီတင်းနှစ်ပတ် အလိုတွင် သမ္မတထရမ့်က ထိုသို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ သမ္မတထရမ့်သည် ၎င်းရုံးထိုင်ချိန်မှစတင်ကာ ဂျေရုဆလင်မြို့ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်လိုက်ခြင်းအားဖြင့် အစ္စရေးကို မျက်နှာသာပေးသည့် အမေရိကန်၏ မူဝါဒ အပြောင်းအလဲကို ဖော်ပြခဲ့သည်။

အစ္စရေးနိုင်ငံသည် ဧရိယာအားဖြင့် ၁၂၀၀ စတုရန်းကီလိုမီတာရှိသည့် ဂိုလန်ကုန်းမြင့်ဒေသကို ၁၉၈၁ ခုနှစ်တွင် သိမ်းပိုက်ခဲ့ပြီး ယင်းလုပ်ရပ်ကို နိုင်ငံတကာ အဖွဲ့အစည်းက အသိအမှတ်မပြုခဲ့ပေ။ အစ္စရေးနိုင်ငံသား အခြေချသူ နှစ်သောင်းခန့်တို့သည် ဂိုလန်ကုန်းမြင့်ဆီသို့ ရွှေ့ပြောင်း နေထိုင်ခဲ့ကြပြီး အခြေချနေရာ ၃၃ ခု တို့တွင် ပျံ့နှံ့လျက်ရှိသည်။

**အေအက်ဖ်ပီ**

# အမေရိကန်သမ္မတဒေါ်နယ်ထရမ့် ဗြိတိန်နိုင်ငံသို့ နိုင်ငံတော်ခရီးစဉ် သွားရောက်မည်

**ဝါရှင်တန် မေ ၂၄**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် လာမည့်ဇွန်လတွင် ဗြိတိန်နိုင်ငံသို့ နိုင်ငံတော်ခရီးစဉ် သွားရောက်မည်ဖြစ်ပြီး အဲလိဇဘက် ဘုရင်မကြီးနှင့် ဝန်ကြီးချုပ်ထရီဆာမေတို့နှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

အဲလိဇဘက် ဘုရင်မကြီး၏ ဖိတ်ကြားချက်ဖြင့် ဗြိတိန်နိုင်ငံကို ဇွန်လ ၃ ရက်မှ ၅ ရက်နေ့အထိ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် သမ္မတကတော် မယ်လနီယာထရမ့်တို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း အိမ်ဖြူတော်သတင်းထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ဗြိတိန်ခရီးစဉ်သည် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံကြား ခိုင်မာသည့် အထူးဆက်ဆံရေးကို ထပ်လောင်းခိုင်မာစေမည်ဖြစ်ကြောင်း အိမ်ဖြူတော်ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံသို့ နိုင်ငံတော်ခရီးစဉ် သွားရောက်နေစဉ်အတွင်း ပို့စ်မောက်တွင် ပြုလုပ်မည့် (၇၅)နှစ်မြောက် D-Day အခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း နာဇီများကို မဟာမိတ်တပ်ဖွဲ့များက ပူးပေါင်းထိုးစစ်ဆင်တိုက်ခိုက်သည့် အထိမ်းအမှတ်အဖြစ် D-Day နေ့ အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန်ခရီးစဉ်ပြီးနောက် အမေရိကန်သမ္မတထရမ့်နှင့် သမ္မတကတော်တို့သည် ပြင်သစ်နိုင်ငံကို ခရီးဆက်လက်ထွက်ခွာမည်ဖြစ်ပြီး နော်မန်ဒီဒေသ၌ ဇွန် ၆ ရက်နေ့တွင်ကျင်းပမည့် D-Day နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကိုလည်း ဆက်လက်တက်ရောက်မည် ဖြစ်သည်။ အဆိုပါခရီးစဉ်တွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်နှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

**အေအက်ဖ်ပီ**

**နိုင်ငံတကာ သတင်းတိုထွာ**

## စစ်မှုထမ်းများ၏ သက်သာချောင်ချိရေး ဩစတြေးလျ ငွေကြေးထောက်ပံ့မည်

**ကင်ဘာရာ ဧပြီ ၂၄**

ဩစတြေးလျ ဝန်ကြီးချုပ် စကော့ မော်ရစ်ဆင်သည် စစ်မှုထမ်းဟောင်းများအတွက် အလုပ်အကိုင် ခန့်ထားရေး အကူအညီနှင့် သာယာဝပြောရေးဌာနများအတွက် ဩစတြေးလျဒေါ်လာ ၆၃ သန်း (အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၆ သန်း)ကို ငွေကြေးထည့်ဝင်သွားမည် ဖြစ်ကြောင်း ကြေညာခဲ့သည်။

မော်ရစ်ဆင်နှင့် စစ်မှုထမ်းဟောင်းရေးရာဝန်ကြီး ဒါရန်ချက်စတာတို့သည် ဧပြီ ၂၄ ရက်က ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှု ကာလအတွင်း ကာကွယ်ရေးဆိုင်ရာ တာဝန်ရှိသူ ၅၀၀၀ ကျော်နှင့် ၎င်းတို့မိသားစုဝင်များ စုဝေးရာဖြစ်သည့် ဒါဝင်သို့ ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိခဲ့စဉ်အတွင်း ရန်ပုံငွေကိစ္စကို ကြေညာခဲ့ခြင်းဖြစ်သည်။

ယင်းရန်ပုံငွေထည့်ဝင်မှုသည် စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ အနေဖြင့် ကာကွယ်ရေးတပ်ဖွဲ့မှ ထွက်ခွာသွားချိန်တွင် အလုပ်အကိုင် ရရှိစေရန်နှင့် ၎င်းတို့လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် အိမ်ရာရရှိရေးအတွက် ဖြစ်ကြောင်း ဝန်ကြီးချုပ် မော်ရစ်ဆင်က သတင်းထောက်များသို့ ပြောကြားလိုက်ကြောင်းသိရသည်။ **ဆင်ဟွာ**

## လိင်အကြမ်းဖက်မှုနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်မူကြမ်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီ တင်သွင်း

**ဂျီနီဗာ ဧပြီ ၂၄**

ကုလသမဂ္ဂလုံခြုံရေး ကောင်စီသည် ပဋိပက္ခဖြစ်ပွားမှုများအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အဆုံးသတ်စေရေးအတွက် တိကျခိုင်မာသည့် ကတိကဝတ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကမ္ဘာတစ်ဝန်းမှ စစ်ဖြစ်ပွားနေသည့် အဖွဲ့အစည်းများကို တိုက်တွန်းသည့် ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို တင်သွင်းခဲ့သည်။

လုံခြုံရေးကောင်စီ ဥက္ကဋ္ဌအဖြစ် အလှည့်ကျသည့် ဂျာမနီနိုင်ငံက အဆိုပြုခဲ့သည့် ယင်းဆုံးဖြတ်ချက်မူကြမ်းကို ဧပြီ ၂၃ ရက်နေ့က ထောက်ခံမဲ ၁၃ မဲဖြင့် အတည်ပြုခဲ့ကြောင်း သိရသည်။ ယင်းဆုံးဖြတ်ချက်မူကြမ်းတွင် စစ်ဖြစ်ပွားနေသည့် အဖွဲ့အစည်းများသည် တိုက်ခိုက်ရေးသမားများက ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုလုပ်ရပ်များကို စုံစမ်းစစ်ဆေးရန် တာဝန်ရှိပြီး ကျူးလွန်သူများကို အပြစ်ပေးရန် ပါရှိသည်။

ယင်းဆုံးဖြတ်ချက် မူကြမ်းသည် နိုင်ငံတော် အချုပ်အခြာအာဏာ၏ အရေးပါ အရာရောက်မှုကို အပြည့်အဝ ထင်ဟပ်မှုမရှိဟုဆိုကာ ရုရှားနှင့် တရုတ်နိုင်ငံတို့က မဲခွဲဆုံးဖြတ်မှုတွင် ပါဝင်ခဲ့ခြင်း မရှိပေ။ **အင်န်အိတ်ချ်ကေ**

# ထင်ကြေးအမျိုးမျိုးနဲ့ မြောက်ကိုရီးယားခေါင်းဆောင်ရဲ့ ရုရှားခရီးစဉ်

*ကလျာမိုးမြင့်*

**မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဟာ ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးဖို့အတွက် ရုရှားနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းမီဒီယာက ဖော်ပြလျက်ရှိပါတယ်။ ခေါင်းဆောင်နှစ်ဦးဟာ ဧပြီ ၂၅ ရက်မှာ ဗလာဒီဗော့စတော့ဆိပ်ကမ်းမြို့မှာ မျက်နှာစုံညီတွေ့ဆုံဆွေးနွေးကြမှာ ဖြစ်ပါတယ်။ ထရမ့်နဲ့ကင်တို့ ဗီယက်နမ်မှာ ပြုလုပ်ခဲ့တဲ့ ထိပ်သီးအစည်းအဝေး ပျက်ပြယ်သွားခဲ့ပြီးနောက် ဒီကိစ္စပေါ်လာပါတယ်။ သို့သော်လည်းပဲ နှစ်ဖက်စလုံးဟာ မတူခြားနားတဲ့ အစီအစဉ်တွေကို စားပွဲပေါ်ဆောင်ယူလာနိုင်တယ်လို့ ယူဆရပါတယ်။ ခေါင်းဆောင်ကင်ဟာ ကျည်ကာရထားနဲ့ တူမင်မြစ်ကို ဖြတ်ကျော်ကာ ဧပြီ ၂၄ ရက်မှာ ရုရှားနယ်စပ်ဖြစ်တဲ့ ခါဆန်မြို့ကို ဆိုက်ရောက်လာတယ်လို့ ရုရှားသတင်းမီဒီယာက ဖော်ပြပါတယ်။**



မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်း ရုရှားနိုင်ငံသို့ ရောက်ရှိလာစဉ်။

### မြောက်ကိုရီးယားအပေါ် မော်စကိုရဲ့လွှမ်းမိုးမှု

ရုရှားနိုင်ငံဟာ မြောက်ကိုရီးယားနိုင်ငံအပေါ် ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်မှုတွေ၊ အကူအညီပေးအပ်မှုတွေနဲ့ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုတွေ ပေးအပ်နေတဲ့ အဓိက မဟာမိတ်နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဒါ့အပြင် မြောက်ကိုရီးယားရဲ့ နျူကလီးယားဆိုင်ရာ ကနဦးကြိုးပမ်းမှုတွေမှာ နားလည်ကျွမ်းကျင်မှုရှိအောင်အထောက်အကူပြုခဲ့သူ ဖြစ်ပါတယ်။ မြောက်ကိုရီးယားနဲ့ ရုရှားတို့ဟာ ၂၀၁၁ ခုနှစ်မှာ နောက်ဆုံးအကြိမ် အစည်းအဝေးပြုလုပ်ခဲ့ကြပြီး အဲဒီအစည်းအဝေးမှာ ရုရှားသမ္မတဟောင်း ဒီမစ်ထရီမက်ဗီဒက်ဟာ မစ္စတာကင်ရဲ့ ဖခင်ဖြစ်သူ ကင်ဂျုံအီနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ မြောက်ကိုရီးယားခေါင်းဆောင်နဲ့ ရုရှားသမ္မတတို့ရဲ့ ယခုဆွေးနွေးပွဲကိုလည်း ဗလာဒီဗော့စတော့မှာ တွေ့ဆုံဆွေးနွေးသွားဖွယ်ရှိတယ်လို့ အများက ခန့်မှန်းထားပါတယ်။

### ရွှေ့ပြောင်းလုပ်သားများ

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ဖော်ပြချက်အရ ရုရှားနိုင်ငံမှာ အလုပ်လုပ်ကိုင်နေကြပြီး မိမိနေအိမ်ဆီ ငွေကြေးပေးပို့နေတဲ့ မြောက်ကိုရီးယားရွှေ့ပြောင်းလုပ်သားအရေအတွက်ဟာ ၈၀၀၀ လောက်ရှိတယ်လို့ သိရပါတယ်။ အချို့ကတော့ ရွှေ့ပြောင်းလုပ်သားအရေအတွက် ဒီထက် မကဘူးလို့ ဆိုထားပါတယ်။

မြောက်ကိုရီးယားရဲ့ နျူကလီးယားအရေးနဲ့ ပတ်သက်ပြီး သမ္မတထရမ့်နဲ့ခေါင်းဆောင်ကင်တို့ ဗီယက်နမ်မှာ ပြုလုပ်ခဲ့တဲ့ ထိပ်သီးအစည်းအဝေးဟာ ထူးခြားတိုးတက်စေမယ့် သဘောတူညီချက်မျိုးမရရှိလိုက်ဘဲ အဆုံးသတ်သွားပါတယ်။

### မျှော်လင့်မထားသောရလဒ်

သဘောတူညီချက် တစ်စုံတစ်ရာမရဘဲ ဒီလိုအဆုံးသတ်သွားတာမျိုးက မြောက်ကိုရီးယားခေါင်းဆောင်မျှော်လင့်ထားတဲ့ ရလဒ်တစ်ခု မဟုတ်ပါဘူး။ ခေါင်းဆောင်ကင်အနေနဲ့က မြောက်ကိုရီးယားရဲ့စီးပွားကို ထိခိုက်အောင်လုပ်နေတဲ့ နိုင်ငံတကာရဲ့ အရေးယူပိတ်ဆို့မှုအချို့ကို ဖယ်ရှားသွားစေမယ့် ကတိကဝတ်တစ်ခုခုနဲ့ ပတ်သက်လို့ သဘောတူညီမှုရဖို့ မျှော်လင့်ခဲ့တဲ့ အနေအထားမျိုးပါပဲ။ နိုင်ငံတကာရဲ့အရေးယူပိတ်ဆို့မှုတွေဟာ စတင်သက်ဝင်နေပြီဖြစ်ပြီး အမေရိကန်ရဲ့ရပ်တည်ချက်သဘောထားကတော့ ပြောင်းလဲမှုမရှိခဲ့ပါဘူး။ အရေးယူပိတ်ဆို့မှုတွေကနေ လျော့ပါးသက်သာသွားအောင် မြောက်ကိုရီးယားက လုပ်နိုင်ဖို့ဆိုတာဟာ သိပ်မလွယ်ကူလှသလို ပြင်ပကမ္ဘာနဲ့ ကုန်သွယ်ရေးကို အစပြန်ကောက်ဖို့ဆိုတာကလည်း သိပ်မဖြစ်နိုင်ပါဘူး။ ဒီတော့ မြောက်ကိုရီးယားအနေနဲ့ အဲဒီရည်မှန်းချက်ပန်းတိုင်ဆီ ရောက်ရှိနိုင်ဖို့ဆိုရင် ခရီးတွင်အောင် အကူအညီပေးနိုင်မယ့် မည်သူနဲ့မဆို ထိတွေ့ဆက်သွယ်ဖို့ လိုအပ်လာပြီဖြစ်တယ်လို့ နိုင်ငံရေးကျွမ်းကျင်သူအချို့က ဝေဖန်သုံးသပ်လျက် ရှိပါတယ်။

### တစ်ကိုယ်တည်းမဟုတ်

မြောက်ကိုရီးယားဟာ တစ်ကိုယ်တည်းမဟုတ်ဘူးဆိုတာကို အမေရိကန်ကို ပြသမှာဖြစ်တယ်လို့ ဩစတြေးလျနိုင်ငံ ကာတင်တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ အလက်စီမူရာဗီယက်က ပြောပါတယ်။ အကယ်၍သာ အင်အားကြီးနိုင်ငံတွေက ၎င်းတို့ကို ကျောထောက်နောက်ခံပေးနေဆဲပဲဆိုတာကို ပြသနိုင်ခဲ့မယ်ဆိုရင် အမေရိကန်နဲ့ တရုတ်ကို ပြန်ပြောဖို့ ပြောအားရှိသွားပြီပဲ ဖြစ်တယ်။ ဒါကြောင့် ရုရှားရဲ့အခန်းကဏ္ဍက ဒီနေရာမှာ အရေးပါလာတယ်လို့ ၎င်းက ပြောပါတယ်။ မြောက်ကိုရီးယားခေါင်းဆောင်ဟာ မိမိနိုင်ငံရဲ့အကျိုးစီးပွားအတွက် သံတမန်ရေးအရ အကွက်ရွှေ့တဲ့နေရာမှာ ကျွမ်းကျင်ပြောင်မြောက်ပြီး နိုင်ငံကိုကယ်တင်ရာမှာလည်း ပါးရည်နပ်ရည်ရှိလှတဲ့သူဖြစ်တယ်လို့ အလက်စီမူရာဗီယက်က မှတ်ချက်ချ ပြောဆိုခဲ့ပါတယ်။

### အခွင့်အရေးတစ်ခုဖြစ်

ရုရှားသမ္မတ ဗလာဒီမာပူတင်ဟာ မြောက်ကိုရီးယားခေါင်းဆောင်နဲ့ တစ်ချိန်ချိန်မှာ တွေ့ဆုံဆွေးနွေးနိုင်ဖို့ စိတ်အားထက်သန်နေခဲ့တာ ဖြစ်ပြီး ထရမ့်နဲ့ကင်ရဲ့ ထိပ်သီးအစည်းအဝေး ကျင်းပမှုအတွင်းမှာတော့ ဘေးကနေထိုင်ကြည့်တဲ့ အနေအထားမျိုးမှာ ရှိနေခဲ့ပါတယ်။ ဒီတော့ ဟနွိုင်းထိပ်သီးအစည်းအဝေး မအောင်မမြင်နဲ့ ပြီးဆုံးခဲ့ပြီးတဲ့နောက်မှာ သမ္မတပူတင်အနေနဲ့ ရုရှားကို ကစားပွဲထဲ ပြန်လည်ပို့ဆောင်ဖို့အတွက် ခေါင်းဆောင်ကင်နဲ့ ဆွေးနွေးပွဲတစ်ရပ် ကျင်းပခွင့်ရဖို့ဟာ အခွင့်အရေးကောင်းတစ်ခု ဖြစ်လာခဲ့တယ်လို့ အချို့က ထင်မြင်ယူဆလျက် ရှိပါတယ်။

### ဒေသတွင်းတည်ငြိမ်ရေးဆွေးနွေးလို

အမေရိကန်နဲ့ တရုတ်နိုင်ငံနည်းတူ ရုရှားနိုင်ငံဟာ နျူကလီးယားလက်နက်ပိုင်ဆိုင်တဲ့ နိုင်ငံတစ်ခုအနေနဲ့ရှိနေတဲ့ မြောက်ကိုရီးယားနိုင်ငံရဲ့ဖြစ်တည်မှုနဲ့ ပတ်သက်ပြီး စိတ်မသက်မသာဖြစ်ရတဲ့ နိုင်ငံတစ်ခုဖြစ်နေခဲ့ပေမယ့် ဝါရှင်တန်နဲ့မတူတဲ့အချက်ကတော့ နျူကလီးယားလက်နက် လျှော့ချရေးဆိုတာကို သိပ်လက်တွေ့မဆန်လှတဲ့ အနေအထားတစ်ခုအဖြစ် တွေ့မြင်နေရတဲ့ ပိုနေမြဲ ကျားနေမြဲ အခြေအနေကို မော်စကိုက လက်ခံလိုတာပါပဲ။ ဒါကြောင့် ကရင်မလင်နန်းတော်က အဲဒီအစား မြောက်ကိုရီးယားနဲ့ ဒေသတွင်း အခြေအနေ တည်ငြိမ်မှုရရှိစေရေး ရည်ရွယ်တဲ့ ဆွေးနွေးပွဲတွေကို ပြုလုပ်သွားလိုတယ်ဟု ဆန္ဒရှိနေတဲ့သဘောမျိုး ဖြစ်နိုင်ပါတယ်။

### ဘယ်လိုရလဒ်တွေပေါ်ထွက်လာနိုင်မလဲ

ဆွေးနွေးပွဲကို မစတင်ရသေးဘူးဆိုပေမယ့် အချို့တွေကတော့ နှစ်နိုင်ငံအကြား ဆွေးနွေးမှုတွေကနေ ကြီးကြီးမားမား ဘာသဘောတူညီမှုမျိုးမှ ထွက်ပေါ်လာနိုင်စရာမရှိဘူးလို့ ထင်ကြေးပေးနေကြပြီ ဖြစ်ပါတယ်။ နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှုအချို့ကိုရရှိဖို့နဲ့ နောက်ဖြစ်လာမယ့် ဝါရှင်တန်နဲ့ ဆွေးနွေးပွဲတွေအတွက် ကုတ်အား ကန်အားတစ်ခု ရရှိဖို့ဆိုတာကလွဲရင် မြောက်ကိုရီးယားအနေနဲ့ ၎င်းရဲ့အဓိက ဦးစားပေးတဲ့ စိတ်ဝင်စားမှုကတော့ ငွေကြေးကိစ္စပဲ ဖြစ်တယ်လို့ အချို့က ဝေဖန်သုံးသပ်ကြပါတယ်။ ဘာကြောင့် ဒီလိုထင်မြင်ရသလဲဆိုတော့ လက်ရှိအချိန်မှာ နိုင်ငံရဲ့ စီးပွားရေးဟာ ခက်ခဲတဲ့အခြေအနေလို့ ဆိုရမှာဖြစ်ပြီး ပြုံယမ်းအနေနဲ့ ပိတ်ဆို့မှုတွေကနေ သက်သာရာရမှသာ ပုံမှန်ကုန်သွယ်ရေး ဆောင်ရွက်မှုတွေကို ဆက်လုပ်သွားနိုင်မှာ ဖြစ်တယ်လို့ မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ဟောင်းတစ်ဦးဖြစ်တဲ့ မစ္စတာလန်ကော့ဗ်က ဆိုပါတယ်။

### အရေးယူပိတ်ဆို့မှုများ

ပြီးတော့လည်း ၎င်းက မြောက်ကိုရီးယားဟာ ရုရှားနဲ့ပတ်သက်ပြီး ထူးထူးခြားခြား သဘောတူညီမှု ရစရာရှိလိမ့်မယ်လို့တော့ မထင်မြင်မိဘူး။ ခရိုင်းမီးယားအရေးကိစ္စနဲ့ ပတ်သက်ပြီး ပိတ်ဆို့ခံလိုက်ရတဲ့နောက်မှာ ရုရှားနိုင်ငံရဲ့ စီးပွားရေးဟာ ခက်ခဲတဲ့အခြေအနေကို ရောက်ခဲ့တယ်။ ဒီအစည်းအဝေးဟာ သမ္မတထရမ့်ရဲ့အစိုးရအဖွဲ့နဲ့ တောင်ကိုရီးယားအပေါ် တစ်ခုခုပြောချင်တဲ့ အပြုအမူတစ်ခုဖြစ်နိုင်တယ်လို့ ၎င်းကဖွင့်ဟခဲ့ပါတယ်။ စီးပွားရေးအရ ကူးလူးဆက်ဆံမှုတွေမှာ ရုရှားဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အရေးယူပိတ်ဆို့မှုတွေ အားဖြင့်ချည်နှောင်ခံထားရတယ်။ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ရုရှားအနေနဲ့ အတိအလင်းချိုးဖောက်လို့ မရနိုင်တာမို့ အကောင်းဆုံးကတော့ မော်စကိုအနေနဲ့ အသေးအဖွဲပိတ်ဆို့မှုအချို့ကို မျက်ကွယ်ပြုထားကောင်း ပြုထားနိုင်လိမ့်မယ်လို့ ၎င်းက ပြောပါတယ်။

အဖြစ်နိုင်ဆုံးကတော့ ဒီတွေ့ဆုံမှုကနေ သေးငယ်တဲ့ အထောက်အကူပြု ကတိကဝတ်တစ်ခုခု ရစရာရှိလာနိုင်တယ်လို့ ကျွမ်းကျင်သူတွေက ခန့်မှန်းထားကြပါတယ်။ ဒီတော့ အဆုံးသတ်မှာ ရုရှားနဲ့ တွေ့ဆုံဆွေးနွေးမှုဟာ တင်းမာမှုတွေကို လျော့ပါးသွားစေဖို့ မြောက်ကိုရီးယားကို တွန်းအားပေးမယ့် အရာတစ်ခုဖြစ်လာမလား သို့တည်းမဟုတ် နိုင်ငံ့အကျိုးစီးပွားကို ရှေးရှုနေတဲ့ မြောက်ကိုရီးယားခေါင်းဆောင်ကင်အတွက် ဘယ်လိုအထောက်အကူပြုမလဲဆိုတာကို စိတ်ဝင်တစား လေ့လာစောင့်ကြည့်ရဦးမှာပါပဲ။ **ကိုးကား - အေအက်ဖ်ပီ၊ ဘီဘီစီ**

**ရုရှားနိုင်ငံဟာ မြောက်ကိုရီးယားနိုင်ငံအပေါ် ယဉ်ကျေးမှုဆိုင်ရာဖလှယ်မှုတွေ၊ အကူအညီ ပေးအပ်မှုတွေနဲ့ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုတွေ ပေးအပ်နေတဲ့ အဓိက မဟာမိတ်နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဒါ့အပြင် မြောက်ကိုရီးယားရဲ့ နျူကလီးယားဆိုင်ရာ ကနဦး ကြိုးပမ်းမှုတွေမှာ နားလည်ကျွမ်းကျင်မှုရှိအောင် အထောက်အကူပြုခဲ့သူ ဖြစ်ပါတယ်။**

# တိုင်းဒေသကြီးအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

မန္တလေး ဧပြီ ၂၄

**လူတိုင်းလက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ပဏာမကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်လာခြင်းဖြင့် ဆေးရုံများတွင် လူနာအမြောက်အမြားစုပုံနေခြင်းကို ကျဆင်းစေမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ပြောကြားသည်။**



ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်လာသည့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယမန်နေ့နံနက်ပိုင်းက မန္တလေးတွင် ပြုလုပ်သော မြန်မာနိုင်ငံ ဆရာဝန်အသင်း တိုင်းဒေသကြီးအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဝန်ကြီးချုပ်က ယင်းသို့ ပြောကြားခြင်း ဖြစ်သည်။

"လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ဆောင်ရွက်ပေးရာမှာ ဒေသတွင်း ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေကို အားဖြည့်ဆောင်ရွက်ပေးရမှာ ဖြစ်တယ်။ မည်သူမှ နောက်ကျမကျန်ရစ်အောင် ကြိုးစားဖို့လိုပါတယ်။ ခိုင်မာတဲ့ မူဝါဒနဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ ပြည်သူလူထု အကျိုးပြု ကတိကဝတ်တွေနဲ့ ဆက်လက်ချီတက်ရမှာဖြစ်တယ်"ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို ၁၉၄၈ ခုနှစ် ဧပြီ ၇ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ထိုနေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ကာ နိုင်ငံအသီးသီးတွင် အထိမ်းအမှတ်အခမ်းအနားများ ပြုလုပ်လျက်ရှိပြီး ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အတွက်ဆောင်ပုဒ်မှာ "Universal Health Coverage: Everyone, Everywhere" ဖြစ်ပြီး အရည်အသွေးပြည့်ကျန်းမာရေး၊ လူတိုင်းရအောင် ဆောင်ရွက်ပေး ဖြစ်သည်။

"ကျန်းမာရေးနဲ့ ပတ်သက်ရင် အစိုးရရဲ့စိုက်ထုတ်ပေးမှုဟာ အရင်ခေတ်တွေနဲ့စာရင် တဖြည်းဖြည်း တိုးတက်လာတယ်။ ဒါပေမယ့်လည်း ပြည်သူတွေဟာ ကျန်းမာရေးအတွက် သူတို့ရဲ့အိတ်ထဲက စိုက်ထုတ်ရတဲ့ငွေဟာ အခုထက်ထိ များတုန်းရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ ပြည်သူတွေအတွက်ဆင်းရဲတွင်း နက်စေမယ့် အကြွေးပတ်လည်ဝိုင်းနေမှာ ဖြစ်တဲ့အတွက် လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို (Universal Health Coverage- UHC) ကို ဆောင်ရွက်တာ ဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က ဆက်လက်ပြောသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်နှင့် ဇနီး၊ အမျိုးသမီးကော်မတီနာယက ဒေါက်တာ ယုယုမေ၊ မြို့တော်ဝန် ဒေါက်တာ ရဲလွင်တို့က စံပြမြို့နယ် ဆေးရုံဆုနှင့် ကျန်းမာရေးလုပ်ငန်း စွမ်းဆောင်ရည်ကောင်းမွန်သော မြို့နယ်ပထမဆုရရှိသော မိုးကုတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စိုင်းသန့်ခိုင်၊ စံပြတိုက်နယ် ဆေးရုံဆုရရှိသော တောင်သာမြို့နယ် ကျော်ဇီတိုက်နယ် ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာ ကျော်သူလွင်၊ အတိုးတက်ဆုံး မြို့နယ်ဆေးရုံဆုနှင့် ကျန်းမာရေးလုပ်ငန်း စွမ်းဆောင်ရည်ကောင်းမွန်သော မြို့နယ် တတိယဆုရရှိသော သာစည်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လင်းထင်ကျော်၊ အတိုးတက်ဆုံး တိုက်နယ်ဆေးရုံဆုရရှိသော သပိတ်ကျင်းမြို့နယ် ကြာညှပ်တိုက်နယ်ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာ ကျော်သူထွန်း၊ ဆေးကုသမှုလုပ်ငန်း ဆောင်ရွက်မှုထူးချွန်သည့် မြို့နယ်ဆေးရုံဆုရရှိသည့် ဝမ်းတွင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထားထား၊ ဆေးကုသမှုလုပ်ငန်းဆောင်ရွက်မှုထူးချွန်သည့် တိုက်နယ်ဆေးရုံဆုရရှိသည့် ငါန်းဇွန်မြို့နယ် ငါန်းမြားကြီးတိုက်နယ်ဆေးရုံမှ တာဝန်ခံ ဆရာဝန် ဒေါက်တာ ဇော်လင်းနိုင်၊ ကျန်းမာရေး လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်သောမြို့နယ် ဒုတိယရရှိသော အမရပူရမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သက်ဦးတို့ကို ဆုများနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ကျန်းမာရေးနေ့ ပိုစတာများ၊ ဓာတ်ပုံနှင့် စာစောင်များ၊ အခမဲ့သွေးစစ်ဆေးမှု၊ ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုတို့ကို လိုက်လံကြည့်ရှုခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ဝက်လက်မြို့၌ သီးနှံပျက်စီးကေများအတွက် ထောက်ပံ့ကြေးငွေ သိန်းပေါင်း နှစ်သောင်းလေးထောင်ကျော် ပေးအပ်

**ဝက်လက် ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့တွင် ၂၀၁၈ ခုနှစ် မိုးရာသီကာလအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီး ဧက ၄၀၁၉၅ ဧကအပေါ် ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးလှမိုးကျော်က ပြောသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးနှင့် ဝက်လက်မြို့နယ်မှ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပြီး ထောက်ပံ့ကြေးငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံ ငါးမျိုးပျက်စီးခဲ့သော ကျေးရွာအုပ်စုပေါင်း ၄၃ အုပ်စု တောင်သူ ၁၆၀၁၆ တို့၏ ၄၀၁၉၅ ဧက ပျက်စီးခဲ့ကြောင်း၊ အဆိုပါ ပျက်စီးမှုများအပေါ် အရေးပေါ်ရန်ပုံငွေမှာ ၂၄၂၄၃၅၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှမိုးကျော်က ပြောသည်။

ရေကြီးနစ်မြုပ်မှု ကြောင့် သီးနှံများပျက်စီးရမှုနှင့်ပတ်သက်၍ ဝက်လက်မြို့နယ် မူးကြီးကျေးရွာနေ တောင်သူ ဦးကြည်အောင်က "မနှစ်က ရေကြီးနစ်မြုပ်ခံရလို့ နှမ်းခင်းတွေပျက်စီးခဲ့ရတယ်။ အခက်အခဲဒုက္ခရောက်ခဲ့တယ်။ အခုလို ထောက်ပံ့ကြေးငွေပေးအပ်တဲ့အတွက် တောင်သူတွေ ဝမ်းသာပီတိဖြစ်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

**မိုးသောက် (ရွှေဘို)**



သီးနှံပျက်စီးမှုအတွက် ထောက်ပံ့ကြေးပေးအပ်နေစဉ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကလောမြို့နယ် လည်ခေါင်းကျေးရွာသို့ သောက်သုံးရေဂါလန် ၈၅၀၀ လှူဒါန်း

**ကလော ဧပြီ ၂၄**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင် ကလောမြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကလောမြို့နယ်ရှိ သောက်သုံးရေ အခက်ခဲကြုံနေသော လည်ခေါင်းကျေးရွာသို့ သောက်သုံးရေရရှိစေရေးအတွက် ယမန်နေ့က သောက်သုံးရေဂါလန် ၈၅၀၀ ကို သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့ သောက်သုံးရေများ လှူဒါန်းရာတွင်ဝန်ကြီးများဖြစ်သည့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦး၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူက စကားအင်းကျေးရွာ အုပ်စု လည်ခေါင်းကျေးရွာမှ အိမ်ခြေ ၁၅၂ အိမ်ရှိ အိမ်ထောင်စု ၂၁၇ စုမှ မိသားစုဝင်များအတွက် သောက်သုံးရေဂါလန် ၈၅၀၀ ကို ရေသယ်ယာဉ်များဖြင့် သယ်ဆောင်၍ စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။



ရှမ်းပြည်နယ်အစိုးရအဖွဲ့ လည်ခေါင်းကျေးရွာတွင် သောက်သုံးရေလှူဒါန်းပေးနေစဉ်။

**မြို့နယ် (ပြန်/ဆက်)**

## ဖူဆယ်ဘောလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်း ဘားအံမြို့၌ ဖွင့်လှစ်သင်ကြားပေး

**ဘားအံ ဧပြီ ၂၄**

ကရင်ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီနှင့် ဖူဆယ်ဘောလုံးဆပ်ကော်မတီတို့မှ ကြီးမှူးကျင်းပသော ဖူဆယ်ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက်ရည်ရွယ်ပြီး ဖူဆယ်ဘောလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်း (၁/၂၀၁၉) ကို ဘားအံမြို့တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ ဖွင့်ပွဲကို ယနေ့နံနက်က ဘားအံမြို့ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဖူဆယ်ဘောလုံးနည်းပြနှင့်ဒိုင်လူကြီးသင်တန်းဖွင့်ပွဲတွင် ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဖူဆယ်ဘောလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်းနည်းပြများနှင့် တက်ရောက်သင်ကြားမည့် သင်တန်းသားများ မိတ်ဆက်ကြသည်။

အဆိုပါဖူဆယ်ဘောလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်း(၁/၂၀၁၉) သင်တန်းသို့ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်၊ ဘားအံတက္ကသိုလ်နှင့် ကိုယ်ပိုင်ဖူဆယ်ဘောလုံးကွင်းများမှ သင်တန်းသားစုစုပေါင်း ၃၅ ဦးကို ဧပြီ ၂၄ ရက်မှ ၂၈ ရက်အထိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်ဖူဆယ်နည်းပြချုပ် ဦးဌေးမြင့်၊ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးဦးစိုးမင်းတို့က သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သင်တန်းကြီးကြပ်သူ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကိုကိုထံမှ သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**



ဖူဆယ်ဘောလုံးနည်းပြနှင့်ဒိုင်လူကြီးသင်တန်း ပို့ချပေးနေစဉ်။

## ခန္တီးမြို့ နန်စီပွန်ဒေသနှင့် လဟယ်မြို့တို့၌ သွားနှင့်ခံတွင်း အခမဲ့ကျန်းမာရေးစောင့်ရှောက်

**မုံရွာ ဧပြီ ၂၄** - စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန(သွားကျန်းမာ)မှ လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာ သော်ဇင်မြင့်ဦးဆောင်သောအဖွဲ့သည် ကမ်းရိုးတန်း၊ နယ်စပ်ဒေသနှင့် တောင်တန်းသာသနာပြုအသင်းတို့ ပူးပေါင်း၍ ခန္တီးမြို့ နန်စီပွန်ဒေသနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တို့တွင် သွားနှင့် ခံတွင်းအခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ကြောင်းသိရသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် သွားနှင့်ခံတွင်းကျန်းမာရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ သွားနှင့် ခံတွင်းစစ်ဆေးကုသပေးခြင်းတို့ကို ဧပြီ ၂၀ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်းလူနာ ၂၅၀ ခန့် ကုသမှုပေးနိုင်ခဲ့ကြောင်း ဒေါက်တာသော်ဇင်မြင့်က ပြောသည်။ အဆိုပါအဖွဲ့သည် ဒေသခံပြည်သူများကို သွားတိုက်ဆေး၊ သွားတိုက်တံ၊ အန္တေးထည်နှင့် ခြုံထည်များလည်း လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်း(မုံရွာ)**

# သီတဂူမြင့်မိုရ်စံ မျက်စိဆေးရုံကြီးတွင် တတိယအကြိမ်မြောက် မျက်စိဝေဒနာရှင်ပေါင်း ၂၀၀၀ ကျော် ကုသပေးနေ

**မကွေး ဧပြီ ၂၄**

မကွေးမြို့ မဟာဝိသုတာရာမကျောင်းတိုက်လေးထပ်ကျောင်းဝင်းအတွင်းရှိ သီတဂူမြင့်မိုရ်စံ မျက်စိဆေးရုံကြီးတွင် တတိယအကြိမ်မြောက် မျက်စိဝေဒနာရှင်ပေါင်း ၂၀၀၀ ကျော်ကို ဧပြီ ၂၃ ရက်နံနက်ပိုင်းမှ ၂၆ ရက်အထိ အခမဲ့ စမ်းသပ်ကြည့်ရှုခွဲစိတ် ကုသပေးနေကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် မျက်စိဝေဒနာရှင်များကို အခက်အခဲမရှိစေရန် မြို့နယ်သံဃနာယကဉက္ကဋ္ဌ ဦးသာသနဦးစီး၍ ဆပ်ကော်မတီအဖွဲ့ ၁၈ ဖွဲ့နှင့် လူမှုရေးပရဟိတအဖွဲ့များနှင့်ဆရာဆရာမကြီးများက မျက်စိစမ်းသပ်ကုသရေး၊ ခွဲစိတ်ပြီး ဝေဒနာရှင်များအား ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် နေထိုင်ရေး၊ စားသောက်ရေး၊ သွားလာရေးအဆင်ပြေစေရန် ဆောင်ရွက်ပေးနေကြောင်း အခမဲ့မျက် စိခွဲစိတ်ကုသမှု ဦးစီးကော်မတီအတွင်းရေးမှူး ဦးမြဝင်းက ပြောသည်။

"စစ်ကိုင်းသီတဂူ မျက်စိပါရဂူကြီးတွေ၊ ဆရာဝန်တွေနဲ့ မကွေးမြို့က ဆရာဝန်တွေ ကျန်းမာရေးဆရာမတွေက ကုသပေးမှာ ဖြစ်တယ်။ မျက်စိဝေဒနာရှင်တွေ အားလုံးအဆင်ပြေအောင် ဆောင်ရွက်ထားပါတယ် " ဟု ၎င်းက ပြောသည်။



သီတဂူမြင့်မိုရ်စံ မျက်စိဆေးရုံကြီး၌ ကုသမှုပေးနေစဉ်။

တစ်ရက်လျှင် မျက်စိဝေဒနာရှင် ၅၀၀ ခန့် စမ်းသပ်၍ ခွဲစိတ်ရမည့် လူနာများအား တစ်ပါတည်း ခွဲစိတ်သွားမည်ဖြစ်ကြောင်း၊ အလွန်ဆိုးသည့် မျက်စိဝေဒနာရှင်များကို မကွေးတိုင်းဒေသကြီးပြည်သူ့ဆေးရုံသို့ လွှဲအပ်သွားမည်ဖြစ်ကြောင်း မကွေးပရဟိတအကျိုးဆောင်ကိုမိုးထံမှ သိရသည်။

သီတဂူမြင့်မိုရ်စံ မျက်စိဆေးရုံကို ၂၀၁၆ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး အလျား ၁၆၆ ပေ၊ အနံပေ ၈၀ အာရ်စီစနစ်ဖြင့် အမိုးဒိုင်းများကို Streel Structure ဖြင့်ဆောက်လုပ်ကာ ငွေကျပ် သိန်းပေါင်း ၆၅၀၀ ကျော်ခန့် အကုန်အကျခံဆောက်လုပ်ခဲ့ရာ ၂၀၁၇ ခုနှစ် ဧပြီ ၅ ရက်က ဖွင့်လှစ်ခဲ့ပြီး နှစ်နှစ်အတွင်း မျက်စိခွဲစိတ်လူနာပေါင်း ၅၂၀ ကျော် ကုသနိုင်ခဲ့ကြောင်း သိရသည်။

**ဇွဲထက်ရှင်**

# မန္တလေးမြို့တွင် ခေတ်အဆက်ဆက် ထုတ်လုပ်အသုံးပြုခဲ့သည့် ခေတ်ဟောင်းကင်မရာပြပွဲ ကျင်းပ

မန္တလေး ဧပြီ ၂၄

**၁၉၀၀ ပြည့်နှစ် အစောပိုင်းကာလများမှစ၍ ခေတ်အဆက်ဆက် ထုတ်လုပ်အသုံးပြုခဲ့သော ခေတ်ဟောင်းကင်မရာပြပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ ယမန်နေ့မှစ၍ ကျင်းပလျက်ရှိသည်။**

အဆိုပါပြပွဲတွင် ခေတ်ဟောင်းကင်မရာအလုံး ၂၀၀ ကျော် ပါဝင်ပြသထားသည့်အပြင် ဖလင်ကင်မရာဖြင့် ရိုက်ကူးထားသည့် ဓာတ်ပုံများကိုလည်း ပြသထားပြီး ပြပွဲကို ဧပြီ ၂၃ ရက်မှ ၂၅ ရက်အထိ ပြသသွားမည်ဖြစ်၍ စိတ်ပါဝင်စားသည့် ဝါသနာရှင်များ၊ ရှေးဟောင်းပစ္စည်းမြတ်နိုးသူများ အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း ခေတ်ဟောင်းကင်မရာများ စုဆောင်းပြသသူ ဦးကျော်သက်မင်းက ပြောသည်။



ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ ခေတ်ဟောင်းကင်မရာပြပွဲ ကျင်းပနေစဉ်။

"လွန်ခဲ့တဲ့ ၁၅ နှစ်လောက် ကတည်းက ဝါသနာအလျှောက် ကင်မရာတွေ စုဆောင်းသိမ်းဆည်းခဲ့တာပါ။ ဖလင်ကင်မရာသမိုင်းတစ်လျှောက်မှာ ဖြစ်ပေါ်တိုးတက်လာတဲ့ ကင်မရာတွေကို အမျိုးအစားတွေခွဲပြီး ပြသထားပါတယ်။ အခုခေတ်က ဒစ်ဂျစ်တယ်ကင်မရာတွေကို လူတိုင်းကိုင်တွယ်သုံးစွဲနိုင်ပေမယ့် အရင်ခေတ်တုန်းက ဓာတ်ပုံတစ်ပုံဖြစ်လာအောင် ဖလင်နဲ့ ဘယ်လောက်ကြိုးပမ်းအားထုတ်ခဲ့ရသလဲဆိုတာ ဒီနေ့ခေတ်လူငယ်တွေ သိစေချင်ပါတယ်။ ဒီပြပွဲကို ကျောင်းသားလူငယ်တွေနဲ့ လက်ရှိကင်မရာကိုင်ပြီး အလုပ်လုပ်နေကြတဲ့သူတွေ ဖလင်ခေတ်တုန်းက ဓာတ်ပုံရိုက်တဲ့ ကင်မရာကို မြင်ဖူးချင်လို့ လာကြည့်ကြသလို အရင်ခေတ်ဟောင်းတုန်းက ဖလင်နဲ့ ကိုယ်တိုင်ရိုက်ခဲ့ကြတဲ့ ဓာတ်ပုံဆရာကြီးတွေကလည်း အလွမ်းပြေ လာရောက်ကြည့်ရှုကြပါတယ် "ဟု ၎င်းက ပြောသည်။

အဆိုပါကင်မရာပြပွဲသို့ လာရောက်လေ့လာကြည့်ရှုသူ ယမင်းသူဇာဓာတ်ပုံတိုက်မှ ဦးမြတ်ကျော်ကလည်း "ဒီပြပွဲကတော့ အင်မတန်ထူးခြားတယ်။ ပြပွဲပိုင်ရှင်က ဝါသနာကြီးလွန်းပြီး စုဆောင်းသိမ်းဆည်းထားနိုင်လို့ ယနေ့ခေတ်လူငယ်တွေအတွက် ဗဟုသုတတွေ အများကြီး ရရှိစေပါတယ်။ အရင်ခေတ်က ကင်မရာကို လူကခိုင်းတယ်။ အခုခေတ်ကျတော့ ကင်မရာကလူကို ပြန်ခိုင်းနေပါတယ်။ ဒါကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်ရင် ဒစ်ဂျစ်တယ်ကင်မရာခေတ်ထွန်းပေါက်အောင်မြင်မှာပါ" ဟု ပြောသည်။

ခေတ်ဟောင်း ကင်မရာပြပွဲကို ဝါသနာရှင်များ၏ တောင်းဆိုချက်အရ ရန်ကုန်မြို့တွင် ပထမအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းက ပြသခဲ့ရာ စိတ်ဝင်စားမှုရရှိခဲ့ပြီး ယခုအခါ မန္တလေးမြို့မှ ဝါသနာရှင်များ၏ တောင်းဆိုချက်ဖြင့် ဒုတိယအကြိမ်အဖြစ် လာရောက်ပြသပေးခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**ဓာတ်ပုံ - အောင်ဖြိုးကျော်**

# ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား ကျေးရွာအရောက်ကွင်းဆင်းဆောင်ရွက်

**နမ့်စန်(တ) ဧပြီ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး၏ (Mobile Service Delivery) ဒေသတွင်း ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းများကို ယမန်နေ့က မက်မွန်မုန်းကျေးရွာအုပ်စု ဝမ်ဟင်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ မက်မွန်မုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ခုနစ်ရွာမှ ကျေးလက်နေပြည်သူ ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်က ပြည်သူများအတွက် အချိန်နှင့်ငွေကြေး သက်သာစွာဖြင့် တစ်နေရာတည်းမှ ဝန်ဆောင်မှုရယူနိုင်စေရန်အတွက် သက်ဆိုင်ရာဌာနများစုပေါင်း၍ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းများနှင့်အသိပညာပေးခြင်းလုပ်ငန်းများ လာရောက်ဆောင်ရွက်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

**ဝန်ဆောင်မှုများပေး**

ဆက်လက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက အိမ်ထောင်စုဇယား ပျောက်ဆုံး၊ ပျက်စီးနှင့် အသစ်ပြုလုပ်သူ ၄၇ စုအတွက် အိမ်ထောင်စုဇယားများ ပြုလုပ်ပေးခြင်း၊ မွေးတိုးပြုလုပ်ပေးခြင်း ၁၉ ဦးနှင့် သေဆုံးထုတ်ပယ် ခုနစ်ဦးတို့ကို ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက လူနာ ၅၇ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် မွေးစာရင်း နှစ်ဦး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၄-၄-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၅/၁၀၁၀ ကျပ် | ၁၀၂၀/၁၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၅/၁၀၂၀ ကျပ် | ၁၀၃၅/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၉၀၀ ကျပ် | ၉၁၅/၉၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၆၅ ကျပ် | ၉၉၅/၁၀၁၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၂ · ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၉ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၈ · ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၂ · ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၀ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၉ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၈ · ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၃၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ · ၂၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၁ · ၀၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၉၂၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဥတုရာသီ ပြောင်းလဲခဲ့ပြီ

**သိပ္ပံစာရေးဆရာကိုကိုအောင်**



အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်မှ အပူဒဏ်ကြောင့် ရေနည်းပါးခြောက်သွေ့နေသော မြစ်တစ်စင်း

### မိုးလေဝသနှင့် ရာသီဥတု

ကမ္ဘာ့အရပ်ဒေသတစ်ခု၏ တစ်ရက်တာ အချိန်အတွင်း၌ ဖြစ်ပေါ်သော အပူအအေး၊ လေတိုက်ခတ်မှု၊ နေသာမိုးအုံ့ဖြစ်မှု၊ မိုးရွာသွန်းမှု၊ မိုးသက်လေပြင်း တိုက်ခတ်မှု၊ မိုးကြိုးပစ်မှု စသည့် ဖြစ်ရပ်များအားလုံးကို ထိုအရပ်ဒေသ၏ မိုးလေဝသဟု ခေါ်ဆိုသည်။ တစ်နည်းဆိုရသော် မိုးလေဝသ ဟူသည်မှာ အရပ်ဒေသတစ်ခု၏ တစ်ရက်တာ ကာလအတွင်း၌ သဘာဝအလျောက် ဖြစ်ပျက်ပြောင်းလဲနေသော အခြေအနေအရပ်ရပ်ပင် ဖြစ်သည်။

ထိုသို့သော တစ်ရက်တာ မိုးလေဝသအခြေအနေများကို ရက်ကာလကြာရှည် မှတ်တမ်းတင်ပြီးသောအခါ မိုးလေဝသအခြေအနေချင်း ဆင်တူသော သို့တည်းမဟုတ် နီးစပ်တူညီသော သို့တည်းမဟုတ် တစ်ထပ်တည်းကျနေသော နေ့ရက်များကို တစ်ဆက်တည်း စုစည်းပေးခြင်းဖြင့် အဆိုပါ အရပ်ဒေသ၏ ရာသီဥတုအနေအထားကို သတ်မှတ်ထုတ်ပြန်လာနိုင်သည်။

မိုးရွာသွန်းမှုများပြားသောနေ့ရက်များ ဆက်တိုက်ဖြစ်ပေါ်သည့်ကာလကို မိုးဥတုဟူ၍လည်းကောင်း၊ အအေးပိုသော နေ့ရက်များ ဆက်တိုက်ဖြစ်ပေါ်သည့်ကာလကို ဆောင်းဥတုဟူ၍လည်းကောင်း၊ ပူပြင်းခြောက်သွေ့သော နေ့ရက်များ ဆက်တိုက်ဖြစ်ပေါ်သည့်ကာလကို နွေဥတုဟူ၍လည်းကောင်း သတ်မှတ်ထားကြသည်။ အချို့သောအရပ်ဒေသများတွင် ဆောင်းအကုန် နွေအကူးကာလ၏ မိုးလေဝသ အခြေအနေမှာ ရက်ရှည်လများ ဖြစ်ပေါ်နေသည့်အတွက် နွေဦးရာသီဟူ၍လည်းကောင်း၊ မိုးနှောင်းကာလနှင့် ဆောင်းမဝင်မီစပ်ကြား မိုးလေဝသအခြေအနေများမှာ ရက်ရှည်လများ ဖြစ်ပေါ်နေသဖြင့် ဆောင်းဦးရာသီဟူ၍လည်းကောင်း ထူးခြားသော ရာသီဥတုမျိုး ရှိနေကြသည်။

ကမ္ဘာ့အရပ်ဒေသအသီးသီးတို့သည် မတူညီသော ပထဝီသွင်ပြင် အနေအထားများကြောင့် အမျိုးမျိုးသော မိုးလေဝသ အခြေအနေများ ဖြစ်ပေါ်နေကြသလို ကွဲပြားသော ရာသီဥတုများကိုလည်း ပိုင်ဆိုင်ထားလျက်ရှိနေကြသည်။ ထို့ကြောင့်ပင် ကမ္ဘာ့မြောက်ခြမ်းရှိ အမေရိကန်နှင့် ဥရောပနိုင်ငံများ၌ ကမ္ဘာ့အလယ်ပိုင်းဒေသနိုင်ငံများနှင့် မတူညီသောရာသီဥတုမျိုး ရှိနေကြသလို ကမ္ဘာ့အလယ်ပိုင်းဒေသ နိုင်ငံများသည်လည်း ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ချီလီနှင့် အာဂျင်တီးနားကဲ့သို့သော နိုင်ငံများနှင့် မတူကွဲပြားသည့် ရာသီဥတုမျိုး ရှိနေကြခြင်းဖြစ်သည်။

ကမ္ဘာ့ တောင်ပိုင်းဒေသနိုင်ငံများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် စင်ကာပူမြို့ပြနိုင်ငံတို့သည်ပင်လျှင် အီကွေတာရပ်ဝန်းဒေသနိုင်ငံများ ဖြစ်ကြပါလျက် ရာသီဥတုချင်း တူညီမှုမရှိကြပေ။ မြန်မာနိုင်ငံ၌ နွေဥတု၊ မိုးဥတုနှင့် ဆောင်းဥတုဟူ၍ သုံးရာသီ ရှိနေသော်လည်း အီကွေတာနှင့်ပိုမိုနီးကပ်သည့် စင်ကာပူ၌ တစ်နှစ်ပတ်လုံး နေပူလိုက် မိုးရွာလိုက် ဆက်တိုက်ဖြစ်ပေါ်သော အီကွေတာရာသီဥတု တစ်နည်းဆိုရသော် ပူနွေးစွတ်စိုသည့်ရာသီဥတုမျိုး ရှိနေသည်။

### သဘာဝအလျောက်ဖြစ်သော မိုးလေဝသ

ကမ္ဘာကြီး စိမ်းလန်းစိုပြည်ခဲ့စဉ် ယခင်အချိန်က ကမ္ဘာ့အရပ်ဒေသအသီးသီး၏ နေ့စဉ် မိုးလေဝသ အခြေအနေများနှင့် ရာသီဥတု အနေအထားများမှာ ကမ္ဘာ့မြေထု၊ ရေထုနှင့် လေထုတို့၏ အပြန်အလှန် အမှီသဟဲပြုနေမှုများကြောင့် သဘာဝအလျောက် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သဘာဝပတ်ဝန်းကျင်ကြီး မပျက်စီးသေးခင်အချိန်က၊ ဂေဟစနစ် ကောင်းစွာဖြစ်ထွန်းခဲ့သည့်အချိန်က ဂေဟဗေဒသဘောတရားအရ အပြန်အလှန် အမှီသဟဲပြုရင်း၊ အပြန်အလှန် အကျိုးပြုရင်း ဖြစ်ပေါ်ခဲ့ကြခြင်းဖြစ်သည်။

ယုတ်စွအဆုံး မျက်မှောက်ကာလနှင့် အနီးစပ်ဆုံးဟုပင် ဆိုရမည်ဖြစ်သော နယ်မြေသစ်စွန့်စားရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်စ်က အမေရိကတိုက်ကို ရှာဖွေတွေ့ရှိခဲ့သည့် ၁၅၀၂ ခုနှစ်အထိ တစ်နည်းအားဖြင့် ၁၆ ရာစုနှစ် အစအဦးပိုင်း အချိန်အထိ ကမ္ဘာ့မိုးလေဝသ အခြေအနေများနှင့် ရာသီဥတုတို့မှာ ပြင်ပပယောဂများ မပါဘဲ သဘာဝအလျောက်သာ ဖြစ်ပေါ်ပြောင်းလဲနေခဲ့ကြသည်။

သို့ရာတွင် ကမ္ဘာ့မြောက်ခြမ်းရှိ ဥရောပနိုင်ငံများ၌ စက်မှုအတတ်ပညာများ စတင်ဖွံ့ဖြိုးတိုးတက်လာချိန် နောက်ပိုင်းမှစ၍ မိုးလေဝသအခြေအနေနှင့် ရာသီဥတုတို့ ဖြစ်ပေါ်သည့် ဖြစ်စဉ်အရပ်ရပ်အပေါ် ကမ္ဘာ့မြေထု၊ ရေထုနှင့် လေထုတို့က ရာနှုန်းပြည့်ဖန်တီးခွင့် မရရှိကြတော့ပေ။ အကြောင်းမူကား မိုးလေဝသအခြေအနေနှင့် ရာသီဥတုဖြစ်စဉ်တို့အပေါ် သက်ရှိလူသားတို့ကပါ ဝင်ရောက်ခြယ်လှယ် လွှမ်းမိုး ဖန်တီးလာကြသောကြောင့်ပင် ဖြစ်သည်။

ကမ္ဘာ့လူသားတို့သည် လွန်ခဲ့သည့် နှစ်ပေါင်း တစ်သောင်းခန့်မှစ၍ စိုက်ပျိုးရေးလုပ်ငန်းများကို စတင် လုပ်ဆောင်လာခဲ့ကြသည်။ သစ်ပင်သစ်တောနှင့် ဇီဝမျိုးစုံတို့ အပြန်အလှန် အမှီသဟဲပြုနေကြသော ဂေဟစနစ်ကြီးသည် ထိုအချိန်ကာလကတည်းက စတင်ပျက်ယွင်းလာခဲ့သည်။ သဘာဝအလျောက် ပေါက်ရောက်နေသော သစ်ပင်နှင့် သစ်တောအုပ်များကို လူသားတို့က ခုတ်ထွင်ရှင်းလင်း၍ မိမိတို့အလိုရှိရာ အပင်များကို ကမ္ဘာ့မြေလွှာပေါ်၌ စတင်စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်တစ်ပင်ကို ခုတ်ထွင်ရှင်းလင်းတိုင်း အင်းဆက်ပိုးမွှားများနှင့် အဏုဇီဝပိုးမွှားများအဖို့ ခိုလှုံရာကင်းမဲ့ခြင်း၊ စားကျက် ပျောက်ဆုံးခြင်း၊ ရှင်သန်ပေါက်ပွားရန် ခက်ခဲလာခြင်း၊ မျိုးသုဉ်းပျောက်ကွယ်ခြင်း စသော အပျက်တရားများနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်ဖြစ်ရာ လူတို့၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရှင်းလင်းခုတ်ထွင်လိုက်ကြသော ဟက်တာပေါင်း သိန်းသန်းချီရှိသည့် အဝန်းအဝိုင်းအတွင်း သဘာဝပေါက်ပင်မည်မျှပျက်စီးမည်၊ ဇီဝမျိုးစိတ်ပေါင်း မရေမတွက်နိုင်အောင် ပျက်ကိန်းကြုံကြရမည်ကို တွေးကြည့်ရုံဖြင့်ပင် လွယ်လင့်တကူ သိနိုင်မည်ဖြစ်သည်။

သို့ရာတွင် စိုက်ပျိုးရေးလုပ်ငန်း စတင်ထွန်းကားချိန်က ကမ္ဘာ့သစ်ပင်သစ်တော စုစုပေါင်းပမာဏနှင့် နှိုင်းစာလျှင် ခုတ်ထွင်ရှင်းလင်းခံရသော သစ်ပင်သစ်တောမှာ အနည်းစုမျှသာဖြစ်သည့်အတွက် ဂေဟစနစ် ပျက်ယွင်းလာသည့်တိုင် ကမ္ဘာ့ မိုးလေဝသနှင့် ရာသီဥတုဖြစ်စဉ်များအပေါ် အကျိုးသက်ရောက်စေမှုက မရှိသလောက် နည်းပါးခဲ့သည်။

### လူသားတို့ကြောင့် မိုးလေဝသပြောင်းလဲမှု

စက်မှုတော်လှန်ရေးကာလရောက်ရှိချိန်နှင့် နောက်ပိုင်းမှသာလျှင် ကာဗွန်ဓာတ်ငွေ့အပါအဝင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို လေထုထဲသို့စွန့်ထုတ်မှု တစ်စတစ်စ တိုး၍ များပြားလာခဲ့ရာ ကမ္ဘာအရပ်ရပ်ရှိ သစ်ပင်သစ်တောများက စုပ်ယူသိုလှောင်ပေးထားနိုင်သော ကာဗွန်ဓာတ်ငွေ့ပမာဏကိုပင် ကျော်လွန်လာခဲ့သည်။ သစ်ပင်သစ်တောများနည်းတူ ကမ္ဘာပေါ်ရှိ ပင်လယ်နှင့် သမုဒ္ဒရာရေပြင်များကလည်း ကာဗွန်ဓာတ်ငွေ့များကို စုပ်ယူပေးနေကြပါလျက်နှင့် ယင်းကဲ့သို့ သစ်ပင်သစ်တောနှင့် ပင်လယ်သမုဒ္ဒရာတို့က စုပ်ယူနိုင်စွမ်းကို ကျော်လွှားလွန်မြောက်အောင် စွန့်ထုတ်နေကြသော ကာဗွန်အပါအဝင် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များသည် ကမ္ဘာမြေကြီးကို ဖန်လုံအိမ်ကြီးတစ်ခုအဖြစ် အုပ်မိုးကာရံထားလိုက်ကြတော့သည်။

ဖန်လုံအိမ်ဖြစ်လာသော ကမ္ဘာကြီးသည် နေမှကျရောက်လာသော ရောင်ခြည်အလင်းတန်းများကို ကမ္ဘာ့အပြင်ဘက်သို့ အပြည့်အဝ ပြန်ထုတ်ပေးနိုင်စွမ်းမရှိတော့သဖြင့် သိသာစွာပူနွေးလာတော့သည်။ ကမ္ဘာကြီးပူနွေးလာမှုဖြစ်စဉ် (Global Warming)သည် ကမ္ဘာ့မိုးလေဝသ အခြေအနေနှင့် ရာသီဥတုတို့အပေါ် လွှမ်းမိုးချုပ်ကိုင်သည့် လူတို့၏ ပယောဂများကြောင့် ဖြစ်သည်။

ထို့ကြောင့်ပင် ခေတ်သစ်သိပ္ပံပညာဆိုင်ရာ ရာသီဥတုဗေဒ၌ ရာသီဥတုကို ဖြစ်ပေါ်စေသော အကြောင်းတရားများတွင် ကမ္ဘာ့မြေထု၊ ရေထုနှင့် လေထုတို့ကိုသာမက လူသားတို့အပါအဝင် သက်ရှိတို့၏ အခန်းကဏ္ဍဖြစ်သော ဘိုင်အိုစဖီးယား (Biosphere)ကိုပါ ထည့်သွင်းတွက်ချက်သည့်နည်းများဖြင့် ကဏ္ဍသစ် ဖွင့်လှစ်ခဲ့ကြရပြီ ဖြစ်သည်။ ဤသို့အားဖြင့် ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်တို့သည် ခေတ်သစ် မိုးလေဝသ ခန့်မှန်းတွက်ချက်နည်းများ၊ ရာသီဥတုဖြစ်စဉ် လေ့လာမှုများကို ခေတ်နှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် လေ့လာနိုင်ခဲ့ကြသည်။

### ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်း

ထိုကဲ့သို့ လုပ်ဆောင်လာခဲ့ကြရာမှ ၂၀ ရာစု နှောင်းပိုင်းအရောက်တွင် အလွန်ထိတ်လန့်ဖွယ်ကောင်းသော ကမ္ဘာလုံးဆိုင်ရာ အခြေအနေတစ်ရပ်ကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ကြသည်။ ထိုအခြေအနေသည်ကား ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာနေခြင်း(Climate Change)ပင် ဖြစ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းဆိုသည်မှာ ရာသီဥတု တစ်ခုမှတစ်ခုသို့ ကူးပြောင်းခြင်းမျိုးမဟုတ်ဘဲ ရာသီခွင်တစ်ခုအတွင်း၌ ဖြစ်ရိုးဖြစ်စဉ်အခြေအနေများမှ သွေဖည်လာခြင်းကို ခေါ်ဝေါ်ခြင်းဖြစ်သည်။

သာဓကအားဖြင့် မိုးဥတုကာလတွင် ပုံမှန် ရွာသွန်းမြဲထက် ပိုမိုရွာသွန်းခြင်း၊ ပုံမှန်ရွာသွန်းမြဲအောက် မိုးရေချိန် လျော့ကျရွာသွန်းခြင်းနှင့် မိုးခေါင်နေခြင်း၊ နွေရာသီကာလတွင် ပုံမှန်အပူချိန်ထက် ပိုမိုမြင့်တက်ခြင်း၊ နွေခေါင်ခေါင်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ နွေလယ်အပူချိန်များ ကျဆင်းခြင်း၊ ဆောင်းဥတုတွင် ပုံမှန်ထက် အအေးပိုမိုလွန်ကဲခြင်း၊ အအေးပေါ့ခြင်း၊ အေးမြသောရက်ကာလ တိုတောင်းခြင်း စသည်တို့သည် မိုးလေဝသအခြေအနေ ကစဉ့်ကလျားဖြစ်ခြင်းနှင့် ရာသီဥတုပြောင်းလဲနေခြင်းတို့၏ ကြန်အင်လက္ခဏာများဖြစ်ကြသည်။

### ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်များ

ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်အချို့အနေဖြင့် ကောက်ပဲသီးနှံများ ပုံမှန်ရင့်မှည့်ရမည့်အချိန်ထက်စော၍ ရင့်မှည့်ခြင်း သို့တည်းမဟုတ် နောက်ကျပြီးမှ ရင့်မှည့်ခြင်း၊ ကမ္ဘာ့တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းရှိ အစဉ် အေးခဲနေသော ရေခဲလွှာများ အရည်ပျော်ကျလာနေခြင်း၊ ပင်လယ်ရေတိမ်ပိုင်းရှိ သန္တာကျောက်တန်းများ ကွဲအက်ပျက်စီးလာခြင်း၊ သန္တာကျောက်တန်း အသစ်ဖြစ်တည်မှုထက် ပျက်စီးမှုက ပိုမိုများပြားလာခြင်း၊ ယခင်က အပူပိုင်းဒေသ၌သာ ပေါက်ပွားရှင်သန်နိုင်သည့် ခြင်များမှာ သမပိုင်းဒေသ၌ပါ ပေါက်ပွားရှင်သန်ပြီး လူတို့အား ပြင်းထန်သောရောဂါပိုးများ ပိုမိုစွဲကပ်ကျရောက်စေခြင်း၊ တွားသွားသတ္တဝါအချို့နှင့် အင်းဆက်ပိုးအချို့ အရွယ်အစားလျော့ကျလာခြင်း စသည်တို့ကို ကြုံတွေ့နေကြရသည်။

ရှဉ့်နှင့် ကြွက် စသော တွားသွားသတ္တဝါများ၏ ၄၀ ရာခိုင်နှုန်းမှာ အရွယ်အစား သေးသွယ်လျော့ကျလာနေသလို ပိုးတောင်မာများ၊ ပင့်ကူ၊ ပုရွက်နှင့် နကျယ်စသော အင်းဆက်ပိုးများ၏ ၅၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းမှာလည်း အရွယ်အစား ကြုံလှီလာနေကြပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲကာ အပူချိန် မြင့်တက်ခြင်း၊ မိုးရွာသွန်းချိန် ပြောင်းလဲခြင်းနှင့် မိုးရွာသွန်းမှုပုံစံ ပြောင်းလဲခြင်းတို့ကြောင့် အဏုဇီဝရုပ်များမှသည် အသားစားသတ္တဝါကြီးများအထိ မျိုးစိတ်ပေါင်း ၄၅ ရာခိုင်နှုန်းနီးပါးမှာ မျိုးရိုးလိုက်ပြီး အရွယ်အစား သေးငယ်လာနေကြသည်။

အင်းဆက်ပိုးမွှားများ၊ တွားသွားသတ္တဝါများ၊ ကုန်းနေသတ္တဝါများနှင့် ရေနေသွေးအေးသတ္တဝါများသည် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်ကြောင့် အပူချိန် တစ်ဒီဂရီ ဆဲလ်စီးယပ်စ်တိုးလာတိုင်း ဇီဝဖြစ်စဉ်ပြောင်းလဲမှု ၁၀ ရာခိုင်နှုန်း ဖြစ်ပေါ်လျက်ရှိနေကြသည်။ သာဓကအချို့အဖြစ် ယခင်က တွားသွားသတ္တဝါတို့၏သွေးကို စုပ်ယူစားသုံးခြင်းမရှိသော ခြင်များမှာ ယခုအခါ တွားသွားသတ္တဝါတို့၏သွေးကိုပါ စုပ်ယူစားသုံးလာကြခြင်းနှင့် အသီးအရွက်ကိုသာစားသုံးသော မျောက်မျိုးစိတ်အချို့မှာ အသားကိုပါ စားသုံးလာကြခြင်းတို့ကို တွေ့မြင်နိုင်သည်။

ရာသီဥတုပြောင်းလဲခြင်း၏ ထင်ရှားသော အကျိုးဆက်ကြီးတစ်ခုကို သစ်ပင်သစ်တောကဏ္ဍ၌လည်း တွေ့မြင်နိုင်သည်။ ကမ္ဘာမြေပြင်ပေါ်ရှိ သစ်ပင်သစ်တောများသည် ကမ္ဘာမြေအတွက်လိုအပ်သော စုစုပေါင်း အောက်ဆီဂျင်ဓာတ်ငွေ့ပမာဏ၏ ၂၀ ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက်ရှိနေကြသလို ပင်လယ်သမုဒ္ဒရာနှင့် မြစ်ချောင်းအင်းအိုင်တို့၏ ရေပြင်အောက်ရှိ ရေညှိရေမှော်ပင်များကလည်း ကမ္ဘာမြေအတွက်လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ပမာဏ စုစုပေါင်း၏ ၇၉ ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက် ရှိနေကြသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်း၊ မြေ၏စိုထိုင်းဆ ပြောင်းလဲခြင်း၊ မြေဆီသြဇာဟုဆိုရမည့် မြေကြီးထဲရှိ ဒြပ်စင်အချိုးအစားများ ပြောင်းလဲခြင်းတို့ ဖြစ်ပေါ်လာကာ အပင်များမှာ သေးငယ်ကြုံလှီလာလျက်ရှိသလို အောက်ဆီဂျင် ထုတ်လွှတ်ပေးနိုင်သည့် ပမာဏမှာလည်း လျော့နည်းကျဆင်းလျက် ရှိနေသည်။

မြေကြီးထဲမှအာဟာရများကို စုပ်ယူကာ နေရောင်ဖြင့် အစာချက်လုပ်သည့်အလင်းဖွဲ့အစာချက်ဖြစ်စဉ်အတွင်း လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူ၍ လေထုထဲသို့ အောက်ဆီဂျင်ဓာတ်ငွေ့နှင့် ရေငွေ့များကို ထုတ်လွှတ်ပေးနေကြသော သစ်ပင်တို့၏ ဇီဝဖြစ်စဉ်တွင် အပင်အရွယ်အစား ကြုံလှီလာနေခြင်းက သက်ရောက်မှုများစွာ ဖြစ်ပေါ်စေသည်။ ကြီးထွားအရွယ်ရောက်ပြီးသော သစ်ပင်တစ်ပင်သည် နေ့စဉ် လူ ၁၈ ဦးစာအတွက် အောက်ဆီဂျင်ဓာတ်ငွေ့အလုံအလောက် ထုတ်လွှတ်ပေးနိုင်သလို လေထုထဲသို့ ရေငွေ့ လီတာပေါင်းများစွာကို ထုတ်လွှတ်ပေးနေခြင်းဖြင့်လည်း ပတ်ဝန်းကျင်၏ အပူချိန်ကို လျှော့ချပေးနိုင်စွမ်းရှိသည်။ အရွယ်ရောက်သင့်သည့်အချိန်တွင် အပင်များ ကြုံလှီသေးသွယ်နေခြင်းသည် အောက်ဆီဂျင်နှင့် ရေငွေ့ထုတ်လွှတ်နိုင်မှုများကို လျော့ကျစေလျက်ရှိသည်။

### အဆိုးသံသရာ

ဒေသတစ်ခု၏ လေထုအတွင်း ရေငွေ့ပါဝင်နှုန်းသည် အဆိုပါဒေသ၏ မိုးလေဝသအခြေအနေအပေါ် များစွာ အကျိုးသက်ရောက်စေသည်ဖြစ်ရာ သစ်ပင်များ၏ ရေငွေ့ထုတ်လွှတ်နိုင်မှု နည်းပါးနေခြင်းက မိုးလေဝသ အခြေအနေကို အဆိုးဘက်သို့ ဦးတည်စေလျက်ရှိသည်။ ဤသို့အားဖြင့် လူတို့၏ ပယောဂကြောင့်ဖြစ်ရသော ကာဗွန်ထုတ်လွှတ်မှု၊ ဖန်လုံအိမ်အာနိသင်၊ ကမ္ဘာကြီးပူနွေးမှု၊ မိုးလေဝသအခြေအနေ ကစဉ့်ကလျားဖြစ်မှု၊ ရာသီဥတုပြောင်းလဲမှုတို့သည် လူနှင့် သက်ရှိမျိုးစိတ်အားလုံးကို ဆိုးကျိုးများ ထပ်ဆင့် သက်ရောက်စေကာ ထိုသို့သော ဆိုးကျိုးသက်ရောက်စေမှုများကပင် တစ်ဖန်ပြန်၍ မိုးလေဝသ အခြေအနေကို ကစဉ့်ကလျား ဖြစ်ပေါ်စေခြင်းဖြင့် အဆိုးသံသရာထဲ၌ လည်နေရမည့်အကြောင်းကို ဖန်လာစေသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲနေခြင်းကို တိုက်ဖျက်နိုင်ရေးသည် စိတ်ကူးယဉ်ဆန်နေရုံမျှဖြင့်၊ အမြင်ကောင်းအောင်ဟန်ဆောင်ဟန်ပြ လုပ်ဆောင်ပြနေရုံမျှဖြင့် ကျော်လွှားပြီးမြောက်သွားနိုင်လိမ့်မည် မဟုတ်ပေ။ သက်ဆိုင်ရာ အစိုးရများက ပြည်သူလူထုကို နားလည်သဘောပေါက်အောင် နည်းလမ်းမျိုးစုံဖြင့် ရှင်းပြပြီး ပြည်သူအားဖြင့် ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်ဆောင်ရွက်စေခြင်းတို့ဖြင့်သာ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ကြရမည်ဖြစ်သည်။

အခြေခံအကျဆုံးအနေဖြင့် ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ကျော်တို့သည် လူတစ်ဦးချင်းက တစ်နှစ်လျှင် နှစ်လတ်သို့မဟုတ် နှစ်ရှည်ပင် တစ်ပင်စီကို ရှင်သန်အောင် စိုက်ပျိုးနိုင်ကြမည်ဆိုပါက နှစ်စဉ် ကမ္ဘာပေါ်၌ သစ်ပင်ကြီးများ သန်း ၇၀၀၀ ကျော် တိုးပွားလာလိမ့်မည်ဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း သစ်တောပြုန်းတီးမှုကိုဖြစ်စေသော မည်သည့်လုပ်ရပ်မျိုးကိုမဆို အစိုးရများနှင့် ပြည်သူလူထုတို့က ထိထိရောက်ရောက် ဆန့်ကျင်ဟန့်တားနိုင်မည်ဆိုပါက ကမ္ဘာ့အပူချိန် ထပ်မံမြင့်တက်မလာနိုင်ရေးအတွက် အတိုင်းအတာတစ်ရပ်အထိ အကျိုးသက်ရောက်မှုရှိလိမ့်မည်ဖြစ်သည်။

လူ့ပယောဂကြောင့်ဖြစ်ရသော ရာသီဥတုပြောင်းလဲမှုနှင့် မိုးလေဝသ ကစဉ့်ကလျားဖြစ်မှုတို့ကို အသိဉာဏ်မြင့်မားသော လူတို့ကပင် ပြန်လည် ထိန်းကျောင်းတည့်မတ်ကြရမည်ဖြစ်ပေသည်။ ။

**“ကြီးထွားအရွယ်ရောက်ပြီးသော သစ်ပင်တစ်ပင်သည် နေ့စဉ် လူ ၁၈ ဦးစာအတွက် အောက်ဆီဂျင်ဓာတ်ငွေ့ အလုံအလောက် ထုတ်လွှတ်ပေးနိုင်သလို လေထုထဲသို့ ရေငွေ့ လီတာပေါင်းများစွာကို ထုတ်လွှတ်ပေးနေခြင်းဖြင့်လည်း ပတ်ဝန်းကျင်၏အပူချိန်ကို လျှော့ချပေးနိုင်စွမ်းရှိသည်၊ အရွယ်ရောက်သင့်သည့်အချိန်တွင် အပင်များ ကြုံလှီသေးသွယ်နေခြင်းသည် အောက်ဆီဂျင်နှင့် ရေငွေ့ထုတ်လွှတ်နိုင်မှုများကို လျော့ကျစေလျက်ရှိသည်”**

# အပူရှိန်မြင့်သော်လည်း ပုဂံသို့ ခရီးသွားဝင်ရောက်မှု များပြား

**ရန်ကုန် ဧပြီ ၂၄**

ယခုနှစ်ပွင့်လင်းရာသီတွင် မြန်မာပြည်သို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု ယခင်နှစ်ထက်များပြားလျက်ရှိရာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ရှိရာ ပုဂံတွင်လည်း အပူရှိန်မြင့်မားသည့်တိုင် နေ့စဉ်နိုင်ငံခြားခရီးသွားများ ဝင်ရောက်လျက်ရှိသည်။

"မနှစ်ကထက် ခရီးသွားဝင်ရောက်မှုများတယ်။နိုင်ငံခြားခရီးသွားတွေက ရန်ကုန်၊ မန္တလေး၊ အင်းလေး၊ ပုဂံ၊ ငွေဆောင်ကို အများဆုံးလာကြတယ်။ အခု ပုဂံမှာ ကားစင်းလုံးနဲ့ နေ့စဉ်ဝင်လာနေတာလည်း ရှိတယ်။ ဗီဇာကင်းလွတ်ခွင့်နဲ့ ဆိုက်ရောက်ဗီဇာဆိုပြီး ခရီးသွားကဏ္ဍမြှင့်တင်တာကြောင့် ပြည်ပခရီးသွားများလာတာလည်း ဖြစ်ပါတယ်။ ခရီးသွားကဏ္ဍမြှင့်တင်ရေးကို အိမ်နီးချင်းနိုင်ငံတွေထက် ပိုပြီးဆွဲဆောင်နိုင်စေမယ့်အရာတွေ ဖန်တီးဖော်ဆောင်နိုင်မယ်ဆိုရင် လက်ရှိခရီးသွားဝင်ရောက်မှုထက်ပိုပြီး လာမယ့်နှစ်မှာ ဝင်ရောက်ဦးမှာပါ"ဟု တရုတ်ဘာသာ ဧည့်လမ်းညွှန်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းစိုးဟန်က ပြောသည်။

တရုတ်နိုင်ငံမှ ခရီးသွားများ အောက်တိုဘာလမှစတင်၍ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကာ မတ်လတွင် ပုံမှန်လည်ပတ်မှုရပ်နားလေ့ရှိသော်လည်း ဗီဇာကင်းလွတ်ခွင့်ရရှိသောနိုင်ငံများမှ ခရီးသွားများလည်း ဝင်ရောက်သည့်အတွက် ယခုနှစ် ပွင့်လင်းရာသီတွင် တောင်ပေါ်ဒေသနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့စုဝေးရာ ပုဂံ၌ နိုင်ငံခြားသားခရီးသွားများ ယခင်နှစ်ထက်ပို၍ စည်ကားနေခြင်းဖြစ်သည် ။



**ပုဂံသို့ ဘုရားဖူးလာရောက်ကြသူများ အမှတ်တရဓာတ်ပုံရိုက်ကူးနေကြစဉ်။**

ဧပြီလနှင့်မေလတွင် ပြည်ပခရီးသွားများ စင်းလုံးငှားယာဉ်များဖြင့် အများဆုံးဝင်ရောက်ကြမည်ဖြစ်၍ အခြေစိုက်ခရီးသွားပို့ဆောင်ရေးအဖြစ် မန္တလေးအခြေစိုက် ဖြစ်ပါက ပုဂံ၊ နေပြည်တော်၊ မန္တလေး လေးညအိပ် ခြောက်ရက်ခရီးနှင့် ရန်ကုန်အခြေစိုက်အဖြစ် ရန်ကုန်၊ ပဲခူး၊ ငွေဆောင် လေးညအိပ် ခြောက်ရက်ခရီးစဉ်အဖြစ် ကြိုတင်စီစဉ်ထားကြလျက်ရှိကြောင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတစ်ခုမှ သိရသည်။

နိုင်ငံတော်မှ ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေနှစ်စဉ်ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင်လည်း နိုင်ငံခြားသားခရီးသွားများကို ဆွဲဆောင်စေမည့် မြန်မာမှုပစ္စည်းဆိုင်များနှင့် အခြားကဏ္ဍတို့ကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရတို့က ဖော်ဆောင်လျက်ရှိသည်။ တောင်ပေါ်ရှုခင်းအလှနှင့် တိုင်းရင်းသားရိုးရာအစားအစာ၊ အသုံးအဆောင်တို့ကို လေ့လာကြည့်ရှုလည်ပတ်ပြီးပါက ပြန်လည်ထွက်ခွာမည့် မြို့ကြီးများတွင်လည်း နိုင်ငံခြား ခရီးသွားများကို မြန်မာနိုင်ငံ၏ရိုးရာယဉ်ကျေးမှုနေရာများနှင့် ဒေသအလိုက်လက်မှုပစ္စည်းမျိုးစုံတို့ကို ကြည့်ရှုလေ့လာနိုင်သည်။ ယခုနှစ်သည် ယမန်နှစ်ထက် အပူရှိန်ပြင်းထန်သော်လည်း ပုဂံဒေသသို့ နိုင်ငံခြားသားခရီးသွားများနှင့် ပြည်တွင်းခရီးသွားများ ဝင်ရောက်လျက်ရှိပြီး မေလတွင် ပိုမိုဝင်ရောက်လာမည်ဖြစ်ကြောင်း ပြည်ပခရီးသွားဝန်ဆောင်မှုလုပ်ငန်းများမှ သိရသည်။

**သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**

## လမိုင်းမြို့၌ ကျန်းမာရေးဆိုင်ရာ ပညာပေး

**လမိုင်း ဧပြီ ၂၄**

မွန်ပြည်နယ် လမိုင်းမြို့တွင် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီလတတိယပတ်က မြို့မ(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးထွန်းက အမှာစကားပြောကြားပြီး လမိုင်းမြို့ကျန်းမာရေးကြီးကြပ်ရေးမှူး(၁) ဦးမိုးဇင်အောင်နှင့် တာဝန်ရှိသူတို့က သွေးလွန်တုပ်ကွေးနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ နေပူဒဏ်ကာကွယ်ရေး အသိပညာများ၊ ကာကွယ်ဆေးနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ကိုယ်ဝန်ဆောင်မိခင်များ အကြောင်း၊ မွေးကင်းစကလေးများ ပြုစုပျိုးထောင်သည့် အကြောင်းများ ရှင်းလင်းဟောပြောခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

## မိုးမောက်၌ သားဆက်ခြား မွမ်းမံသင်တန်းဖွင့်

**မိုးမောက် ဧပြီ ၂၄**

ကချင်ပြည်နယ် မိုးမောက်မြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မိသားစုတွင်း သားဆက်ခြားခြင်းဆိုင်ရာ အသိပညာပေး မွမ်းမံသင်တန်းဖွင့်ပွဲကို ယမန်နေ့က ကျင်းပရာ လက်ထောက်ဆရာဝန် ဒေါက်တာလှအောင်က အမှာစကားပြောကြားပြီး သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာဝင်းအောင်ဦးက သားဆက်ခြားခြင်းလုပ်ငန်းကိုသိရှိပြီးသားဖြစ်သော်လည်း ပိုမိုသိရှိလာနိုင်စေရန် မွမ်းမံပေးသောသင်တန်းဖြစ်သဖြင့် ထဲထဲဝင်ဝင် ကြိုးစားလေ့လာကြရန်နှင့် ဆွေးနွေးမေးမြန်းကြရန် ပြောကြားသည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ သားဖွား၂၁ ဦး၊ အရန်သားဖွား ၂၈ ဦးတို့ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းနည်းပြအဖြစ် ဇန်းမော်ပြည်သူ့ကျန်းမာရေးမှ ဒေါက်တာဖီလေးလေးမီးက သင်ကြားပို့ချလျက်ရှိကြောင်းနှင့် သင်တန်းကာလမှာ ဧပြီ ၂၃ ရက်မှ ၂၅ ရက်အထိ ဖြစ်သည်။ **လွန်းနန်းထွေး**

## နတ်တလင်းမြို့နယ် အနောက်ခြမ်းကျေးရွာ ၂၆ ရွာတွင် ကိုးလအတွင်း လျှပ်စစ်မီးလင်းရေးဆောင်ရွက်မည်

**နတ်တလင်း ဧပြီ ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့ တိလောကမာရဇိန် ရွှေသာလျောင်းဘုရားကြီးအတွင်း၌ ယမန်နေ့က အမျိုးသားလျှပ်စစ်ရရှိရေး စီမံကိန်းဆောင်ရွက်ရန် မြို့နယ်၏အနောက်ခြမ်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စု ရွာပေါင်း ၂၆ ရွာအား လျှပ်စစ်မီးလင်းရေးအတွက် အစည်းအဝေးကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး (၁)လွှတ်တော်ကိုယ်စားလှယ်ဦးမောင်မောင်ဦးက ကျေးရွာများလျှပ်စစ်မီးလင်းရေးဆောင်ရွက်ရာ ပြည်ပချေးငွေကျပ်သန်း ၄၀၀ မှ သန်း ၃၁၀ ကို တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်ဖြစ်ပြီး ဝေးသောနေရာများအတွက် ငွေကျပ်သန်း ၉၀ အသုံးပြုမည်ဖြစ်ကြောင်း၊ ၁၁ ကေဗွီကြိုးနှင့် ထရန်စဖော်မာများကို နိုင်ငံတော်မှ အကုန်အကျခံ တည်ဆောက်ပေးမည်ဖြစ်၍ ၄၀၀ ဗို့ လိုင်းကြိုးသာ ပြည်သူက အကုန်အကျခံရမည်ဖြစ်ကြောင်း၊ ပထမအကြိမ် မြို့နှင့်နှစ်မိုင်အတွင်း ကျေးရွာများ၊ ဒုတိယအဆင့် ငါးမိုင်အတွင်းနှင့် တတိယအဆင့် ၁၀ မိုင် စသည်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။



**နတ်တလင်း၌ လျှပ်စစ်မီးလင်းရေးအတွက် အစည်းအဝေးကျင်းပစဉ်။**

တာပွန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးရွှေက လျှပ်စစ်မီးရရှိရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများအနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးကြရန်၊ အဆင်မပြေမှုရှိပါက တင်ပြကြရန်နှင့် တည်ဆောက်ရေးအတွက် တာဝန်ခံဆောင်ရွက်ပေးမည့် Hitachi Soe ကုမ္ပဏီတာဝန်ခံကိုယ်စား လက်ထောက်စက်ရုံမှူး ဦးမြသော်က တည်ဆောက်မှုလုပ်ငန်းကို ကိုးလသတ်မှတ်ထားသော်လည်း ငါးလအတွင်းပြီးစီးရန်နှင့် ခုနစ်လအတွင်း ကျေးရွာမီးလင်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားပြီး တက်ရောက်လာသူများက မရှင်းလင်းသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားသည်

အခမ်းအနားသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ မီးလင်းရေးကော်မတီဝင်များ တက်ရောက်ကြသည်။

**တင်မြင့်(နတ်တလင်း)**

## ကြည့်မြင်တိုင်မြို့နယ်၌ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ကြည့်မြင်တိုင် ဧပြီ ၂၄**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ အလတ်ချောင်းရပ်ကွက် တော်ဝင်လမ်း၌ ဧပြီ ၁၂ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးဘေးသင့် အိမ်ထောင်စု ၂၅ စု လူဦးရေ ၉၁ ဦးရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ယင်းမီးဘေးသင့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းငါးမျိုးကို ဧပြီ ၂၃ ရက်က အလတ်ချောင်းရပ်ကွက် ဘုန်းတော်ကြီးကျောင်း စိတ္တသုခဓမ္မာရုံကြီး၌ ပေးအပ်လှူဒါန်းခဲ့ရာ ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက အားပေးစကားပြောကြားခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်းက လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းနှင့် တာဝန်ရှိသူများက မီးဘေးကယ်ဆယ်ရေးပစ္စည်းများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ရွှေတိုင်လွင်**

## လျှပ်စစ်ဓာတ်အားသုံးလျှင်

(၁) ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများ လဲလှယ်ပေးပါ။

(၂) လျှပ်စစ်ဒဏ်ခံကြိုး (Fuse) များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။

(၃) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။

(၄) လျှပ်စစ်ဝိုင်ယာရှော့ဖြစ်လျှင် ပင်မ(မိန်း) ခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြိမ်းသတ်ပါ။

(၅) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။



# ဒလမြို့နယ်၌ ရပ်ကွက်နှင့်ကျေးရွာအချို့တွင် သောက်သုံးရေကန်များ ခန်းခြောက်မှုဖြစ်ပေါ်

**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ နွေရာသီကာလသို့ ရောက်ရှိလျှင် မြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် သောက်သုံးရေကန်များ ခန်းခြောက်မှု ဖြစ်ပေါ်လျက်ရှိပြီး ရေအခက်အခဲများကို ရင်ဆိုင်ကြုံတွေ့လျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်အတွင်းရှိ ၁၁/၁၄ ရပ်ကွက်၊ ရာဇသင်္ကြန် ရပ်ကွက်နှင့် ခနောင်ချောင်းဝကျေးရွာတို့တွင် သုံးရေအတွက် အဆင်ပြေသော်လည်း သောက်ရေအတွက် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပြီး သပြေကုန်းကျေးရွာ အနောက်ပိုင်းရှိ သောက်သုံးရေကန်နှစ်ကန်၌ ရေခန်းခြောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ဒလမြို့နယ်သည် ရေငန်များသာထွက်ရှိသော မြို့နယ်ဖြစ်သောကြောင့် မိုးရာသီတွင် ရေကန်များ၌သာ သိုလှောင်ပြီး နွေရာသီတွင် သောက်သုံးနေရသည့်အတွက် နှစ်စဉ်နှစ်တိုင်း သောက်သုံးရေရှားပါးမှုနှင့် ရေခန်းခြောက်မှုများကြောင့် ရေကိုချွေတာသုံးနေရကြောင်း၊ ယခုအခါ မြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာအချို့၌ အချိန်ဖြင့် သောက်သုံးရေကို ပေးဝေနေရကြောင်း သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

နွေရာသီသောက်သုံးရေရှားပါးမှုကြောင့် စိတ်ပူပန်မှုများနှင့် ကြုံတွေ့နေရသည်မှာ ၂၀၁၀ ပြည့်နှစ်မှ စတင်ခဲ့ပြီး ယခုအချိန်အထိ ရေမလုံလောက်မှုအတွက် ပူပန်နေရဆဲဖြစ်ပေသည်။ မြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် မြေသားရေကန်များကိုသာ သောက်သုံးရေအဖြစ် အဓိကအားထားသုံးစွဲနေရခြင်းဖြစ်ပြီး နှစ်စဉ် လူဦးရေတိုးပွားလာမှုကြောင့် သောက်သုံးရေကန်များမှာ လူဦးရေနှင့် မျှတမှုမရှိကြောင်း သိရသည်။

ဒလမြို့နယ်တွင် ရပ်ကွက် ၂၄ ရပ်ကွက်၌ မြေသားရေကန်ပေါင်း ၁၂၄ ကန်၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာ၌ မြေသားရေကန်ပေါင်း ၂၀၅ ကန် စုစုပေါင်း၃၂၉ကန်ရှိပြီး အိမ်ခြေပေါင်း ၃၇၂၂၅ အိမ်၊ အိမ်ထောင်စုပေါင်း ၃၉၃၆၀၊ လူဦးရေ စုစုပေါင်း ၁၆၂၈၉၃ ဦးရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ထို့အတူ နွေရာသီကာလအတွင်း ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) မြို့နယ်ရေပေးဝေရေးစခန်းရှိ သောက်ရေသန့်စက်မှ တစ်ရက်လျှင် ဂါလန် ၅၀၀၀ ခန့်ထွက်ရှိသော သောက်ရေသန့်အား ဖြန့်ဝေပေးနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ လိုက်လံပေးဝေလျက်ရှိပြီး သောက်သုံးရေကန်များခန်းခြောက်မှုရှိပြီး ရေနည်းပါးလျက်ရှိသော ကျေးရွာများသို့ သောက်သုံးရေများ ပိုမိုဖြန့်ဝေပေးနိုင်ရေးအတွက် လိုအပ်လျက်ရှိကြောင်းသိရသည်။ **နိုင်လင်းကျော်(ဒလ)**



သပြေကုန်းကျေးရွာ အနောက်ပိုင်း သောက်ရေကန် ရေခန်းခြောက်လာမှုကို တွေ့ရစဉ်။

## မြို့နယ်များ၌ အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရေး အသိပညာပေးဆွေးနွေး

**တောင်တွင်းကြီး**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို မေ ၂၄ ရက်က ကျင်းပသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ယခုရက်သတ္တပတ်အတွင်း တောင်တွင်းကြီးမြို့နယ်တွင် အပူချိန် မြင့်တက်ခဲ့သည့်အတွက် ယခုလို အသိပညာပေးဟောပြောဆွေးနွေးရခြင်းဖြစ်ကြောင်းနှင့် အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရေးဆိုင်ရာများနှင့် ပတ်သက်၍ သတိပြုလိုက်နာရန်နှင့် ရှောင်ကြဉ်ရန်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စန္ဒာသူရိယပညာကျန်းမာလူမှုကူညီရေးအသင်းမှထုတ်ဝေသည့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း (ပြန်/ဆက်)**

**မိုင်းယောင်း**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်နှင့်ပတ်သက်၍ ဒေသခံပြည်သူများ သတိပြုကာကွယ်နိုင်ရန် နှိုးဆော်အသိပေးခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားလာခြင်း စသည့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်များ၊ အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သည့် ရောဂါလက္ခဏာများ၊ အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ အပူဒဏ်အန္တရာယ်ဖြစ်ပွားပါက ဆောင်ရွက်ရန်များ၊ ခရမ်းလွန်ရောင်ခြည်အန္တရာယ် ဆိုးကျိုးများနှင့် သတိပြုကာကွယ်ရမည့် အချက်များစသော ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်များကို ဆောင်ရွက်လျက်ရှိသလို ဒေသခံပြည်သူများအား အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်နှင့်ပတ်သက်၍ ရပ်ကွက်နှင့် ကျေးရွာများ၌ ကျန်းမာရေးဆိုင်ရာ စကားဝိုင်းများပြုလုပ်ဆွေးနွေးခြင်း၊ အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ လူစည်ကားသည့်နေရာများ၌ အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မီးလောင်မှုဖြစ်၍ မီးခိုးအန္တရာယ်ကြုံတွေ့ရလျှင်

(၁) စိတ်ကိုတည်ငြိမ်စွာထိန်း၍ ကြမ်းပြင်ပေါ်သို့ မှောက်ချပါ။

(၂) မိသားစုဝင်အားလုံး သိရှိနိုင်အောင် အော်ဟစ်၍ အကြောင်းကြားပါ။

(၃) တံခါးပေါက်ရှိရာသို့ လေးဘက်ထောက်(သို့မဟုတ်) မိချောင်းတက်အနေအထားဖြင့် အမြန်ထွက်ခွာပါ။ မိသားစုအားလုံး အပြင်သို့ ရောက်လျှင် တံခါး ပြန်ပိတ်ပါ။

(၄) လွတ်မြောက်နေရာသို့ အမြန်ထွက်ခွာရင်း ပတ်ဝန်းကျင်မှသိရှိအောင် အော်ဟစ်အကူအညီတောင်းပါ။ မီးသတ်တပ်ဖွဲ့သို့ အမြန်ဆုံးအကြောင်းကြားပါ။

(၅) အသက်ရှူကိရိယာ မရှိပါက လက်ကိုင်ပဝါ (သို့မဟုတ်)အဝတ်ကို ရေဆွတ်ပြီး နှာခေါင်းကိုပိတ်၍ စည်းထားပါ။

(၆) အထပ်မြင့် အဆောက်အဦပေါ်မှ မီးဘေးလွတ်မြောက်ရန် ခုန်ချခြင်း မပြုလုပ်ရပါ။



## ကောလင်း၌ လမ်းတိုးချဲ့ဖောက်လုပ်ရာမြေ၌ ရွှေပါသည်ဟု ယူဆကြ၍ တူးဖော်သူ များပြား

**ကောလင်း မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် ထီးချိုင့်မြို့နယ်သို့ ဆက်သွယ်ထားသော ထီးချိုင့်မရသိမ်-တောမ-မော်ကွန်းတိုင်-ကျောက်တန်းလမ်းကို ဘက်ဟိုးယာဉ်ဖြင့် တိုးချဲ့ဖောက်လုပ်ရာတွင် မြေများမှ ရွှေပါဝင်သည်ဟုယူဆကြပြီး တူးဖော်သူ များပြားလျက်ရှိသည်။

တူးဖော်သည့်နေရာမှာ ကောလင်းမြို့နယ်နှင့် ထီးချိုင့်မြို့နယ်သို့ဆက်သွယ်ထားသောလမ်းပိုင်း မင်းဝံဘေးမဲ့တော၊ မုတ်ဝကြိုးပြင်ကာကွယ်တောနှင့် ဘူးတောင်းကြိုးဝိုင်းသစ်တောအစပ်တွင် ဖြစ်သည်။

တူးဖော်သူများ၏ ပြောကြားချက်အရ ထုံးကျောက်နှင့် ဂဝံကျောက်တွင် စလင်းရင့်ကျောက်သားများ၌ ရွှေပါဝင်သည်ဟု ယူဆကြကာ တူးဖော်လျက်ရှိပြီး ကားကြီးကားငယ်ဆိုင်ကယ်များဖြင့် လူဦးရေ ၃၀၀၀ ခန့် လာရောက် တူးဖော်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## မူခင်းကျဆင်းရေးအသိပညာပေး ဟောပြော

**မာန်အောင် မေ ၂၄**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်အတွင်းမှုခင်းကျဆင်းစေရန် ရည်ရွယ်၍ ယမန်နေ့က ငပုန်ကုန်းကျေးရွာ အလက၌ မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝေက နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးနှင့် ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးဟောပြောခဲ့ရာ ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူ ၇၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **သိန်းဇေ (ပြန်/ဆက်)**

# တရုတ်နိုင်ငံ၌ အလုပ်သွားလုပ်ပြီး ပြန်ရောက်လာသည့် ရွှေ့ပြောင်းလုပ်သားများအား တွေ့ဆုံအားပေးထောက်ပံ့

**မုံရွာ ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကနီမြို့နယ်၊ ဘုတလင်မြို့နယ်၊ ဒီပဲယင်းမြို့နယ်များရှိ လူခေါ်ပွဲစားများကတစ်ဆင့် တရုတ်နိုင်ငံကို တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် ဦးနိုင်ဝင်း အပါအဝင် အလုပ်သမား ၂၃ ဦးတို့သည် ဧပြီ ၂၃ ရက်က မုံရွာမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။



အဆိုပါ တရုတ်နိုင်ငံကို အလုပ်သွားလုပ်ပြီး အဆင်မပြေသဖြင့် ပြန်ရောက်လာသည့် ရွှေ့ပြောင်းအလုပ်သမား ၂၃ ဦးအား မုံရွာမြို့ ပြည်သူ့အားကစားကွင်းတွင် ခေတ္တခဏဆောင်ရွက်ပေးထားလျက်ရှိရာသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်၊ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေ့လယ်ပိုင်းတွင် တွေ့ဆုံအားပေးခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ၂၃ သိန်းကို ထောက်ပံ့ပေးခြင်း၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ တစ်ဦးလျှင် လမ်းစရိတ်ငွေကျပ် ၁၅၀၀၀ နှင့် စားသောက်စရိတ်ငွေကျပ် ၉၀၀၀၊ စုစုပေါင်းငွေကျပ် ၅၅၂၀၀၀ အား ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပြီး ၎င်းတို့၏နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိနိုင်ရေး သက်ဆိုင်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများထံ အပ်နှင်းပေးခဲ့ကြောင်း သိရသည်။

"အစကတော့ ဂျင်းဘောင်းဘီစက်ရုံမှာ တစ်လကို ခြောက်သိန်းရမှာ ပြောပြီး ခေါ်တယ်။ ဟိုမှာကျတော့ ပင်လယ်ကမ်းစပ်မှာ ရေဘဝဲတွေ၊ ခွေးသေ ရေခဲရိုက်ရတာတွေ နေ့ညလုပ်ရတယ်။ လုပ်အားခမရဘူး။ ဖုန်းတွေလည်း သိမ်းတယ်။ MPT မိတော့ ဆင်းကတ်တွေ ဖြုတ်ပြီးပြန်ပေးတယ်။ မပေးရင် ထိုးတယ်။ တစ်ရက်မှ ပေါက်စီနှစ်လုံးပဲ ကျွေးတယ်။ တော်တော်ကို ဒုက္ခရောက်ခဲ့ရပါတယ်။ နောက်ထပ် ကျွန်တော်တို့လို လူခေါ်ပွဲစားတွေကနေတစ်ဆင့် တရားမဝင် အလုပ်သွားလုပ်မယ့်သူတွေရှိရင်လည်း မသွားကြပါနဲ့။ မယုံကြပါနဲ့လို့ပဲ ပြောပါရစေ" ဟု နေရပ်ပြန်သူတစ်ဦးက ပြောသည်။

"ဒေသတွင်း အလုပ်အကိုင်ရှားပါးတဲ့အတွက် တရုတ်နိုင်ငံမှာ ရရာအလုပ်လုပ်ဖို့ နယ်စပ်ကနေ လူခေါ်ပွဲစားတွေက တရားမဝင်အလုပ်သမား ပို့ဆောင်ပေးနေကြတာပါ။ ၂၀၁၉ ခုနှစ်အတွင်းမှာပဲ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကနီ၊ မင်းကင်း၊ ကလေးမြို့နယ်တွေက သွားရောက်ပြီး ဇန်နဝါရီလက ပြန်လာသူ ၆၀၊ ဖေဖော်ဝါရီလမှာ ပုလဲမြို့နယ်က ခြောက်ဦးနဲ့ အခု ၂၃ ဦး စုစုပေါင်း ၈၉ ဦး ရှိပြီဖြစ်ပါတယ်။ လောလောဆယ်မှာတော့ တရုတ်နိုင်ငံကို အလုပ်လုပ်ဖို့ ဖြားယောင်းခဲ့တဲ့ လူခေါ်ပွဲစားအချို့ကိုတော့ ဖမ်းဆီးစစ်ဆေးနေပါတယ်"ဟု လူကုန်ကူးမှုတားဆီးရေးတပ်ဖွဲ့ တာဝန်ရှိသူထံမှ သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**

# ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အပူချိန်သည် သတ်မှတ်စံချိန် မကျော်လွန်သေးသော်လည်း ကျန်ရက်များအတွက် အပူရှိန်မြင့်တက်နေမည်

**ရန်ကုန် ဧပြီ ၂၄**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေ့စဉ်ပူပြင်းနေသော အပူဒဏ်သည် သတ်မှတ်စံချိန်ကို ကျော်လွန်ရောက်ရှိခြင်းမရှိသေးကြောင်း နေ့စဉ် အပူချိန် ၃၉၊ ၄၀ ဒီဂရီစင်တီဂရိတ်ဝန်းကျင်နှင့် အထက်တွင်သာဖြစ်ပေါ်နေပြီး အပူချိန်သိသိသာသာ ကျဆင်းသွားသည့်နေ့ရက်များ မရှိသေးသည့်အတွက် ပူပြင်းနေခြင်းဖြစ်ကြောင်း၊ ထပ်မံ၍ အပူချိန် ရှိနေဦးမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးရေဒါတာဝါစခန်းနှင့် ကမ္ဘာအေးမိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန ရာသီဥတုမှတ်တမ်းနှင့် သုတေသနဌာနများမှ သိရသည်။

ရန်ကုန်ကမ္ဘာအေး ရေဒါစခန်း တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးဝေတိုးအောင်က "ခုလည်ပတ်နေတဲ့ မိုးလေဝသခန့်မှန်းရေး ရေဒါတာဝါကြီးကို ၂၀၁၆ ခုနှစ်က ဂျပန်-မြန်မာ ရင်းနှီးချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံ အကူအညီနဲ့ ရန်ကုန်ကမ္ဘာအေး၊ မန္တလေး၊ မြောက်ဦး၊ ရခိုင်ကျောက်ဖြူမှာ ဆောက်လုပ်ပြီးစီးတဲ့ ရေဒါစခန်းသုံးလုံးကနေ ရေဒါတစ်လုံးစီမှာ မြေပြင်မှာရှိတဲ့ အလိုအလျောက် မိုးလေဝသဖမ်းစက် ၁၅၈ လုံးနဲ့ ၄၅၀ ကီလိုမီတာအတွင်း ၁၀၀ ကီလိုမီတာအတွင်း ၁၅ မိနစ်တစ်ကြိမ် တိုင်းတာရရှိတဲ့ အခြေအနေကို တစ်နေ့လေးကြိမ် ထုတ်ပြန်တယ်။ နံနက် ၇ နာရီ၊ မွန်းလွဲ ၂ နာရီ၊ ညနေ ၄ နာရီနဲ့ ည ၇ နာရီတို့မှာ ထုတ်ပြန်ပါတယ်"ဟု ပြောသည်။



မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန (ရန်ကုန်) တိုင်းတာရေး ရေဒါတာဝါ။

ဓာတ်ပုံ - မျိုးကြီး

"အခု လောလောဆယ်အနေနဲ့ အပူချိန်က ရန်ကုန်တိုင်းဒေသကြီးအနီးတစ်ဝိုက်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ကို ရောက်နေပါတယ်။ ဒါပေမယ့် ၂၀၀၄ ခုနှစ်တုန်းက ရန်ကုန်နားတစ်ဝိုက်မှာ ၄၂ ဒီဂရီစင်တီဂရိတ်အထိ ရှိခဲ့ဖူးပါတယ်။ ဒါကြောင့် စံချိန်ကို ကျော်လွန်ပြီးတော့ မရောက်ရှိသေးပါဘူး။ ဒီရက်တွေမှာ နေ့တိုင်း အပူချိန်က ၃၉၊ ၄၀ ဝန်းကျင်တွေ ဖြစ်နေတဲ့အတွက်ကြောင့် နေ့တိုင်းပူနေသလို ခံစားနေရတာပါ။ ပြည်သူတွေ အနေနဲ့ပေါ့၊ မိုးလေဝသကထုတ်ပြန်ပေးထားတဲ့ ၁၀ ရက်ပတ်၊ လပတ်ခန့်မှန်းချက်တွေ မိုးရေချိန်ခန့်မှန်းချက်တွေကို ကြည့်ရှုစေချင်ပါတယ်။ ဒါ့အပြင် နေ့စဉ်ထုတ်ပြန်ချက်တွေကိုလည်း နိုင်ငံပိုင်ရုပ်သံနဲ့ သတင်းစာတွေမှာ အမြဲထုတ်ပြန်ပေးနေပါတယ်။ အဓိကကတော့ ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်း ဖြစ်မလား၊ မုန်တိုင်းဖြစ်မလားဆိုတာ အသိပေးထားတာဖြစ်ပါတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန (ရန်ကုန်) ရာသီဥတုမှတ်တမ်းနှင့် သုတေသနဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဝင်းမော်က ပြောသည်။

ယခုအခါတွင် ရန်ကုန်မြို့ ကမ္ဘာ့မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနနှင့် နေပြည်တော်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနတို့သည် ရေဒါစခန်းများမှ နေ့စဉ်တိုင်းထွာချက်များကို ကမ္ဘာ့မိုးလေဝသနှင့်ချိတ်ဆက်ပြီး ရာသီဥတုမိုးလေဝသသတင်းများကို အချိန်နှင့်တစ်ပြေးညီ အမြဲထုတ်ပြန်ပေးနေကြောင်း သိရသည်။ ယခုကာလသည် မိုးကြိုကာလဖြစ်နေသောကြောင့် ကမ္ဘာမြေကြီးသည် ပူနေပြီး လေများသည် ပွလာကာ အထက်ကိုတက်သည့် သဘောရှိကြောင်း။ ယင်းအတွက်အထက်ပိုင်းတွင် လေမတည်ငြိမ်မှုကြောင့် လေပြင်းတိုက်မှု၊ မိုးသီးကြွေကျမှုတွေ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန(ရန်ကုန်) ရာသီဥတုမှတ်တမ်းနှင့်သုတေသနဌာနမှ သိရသည်။

"ဧပြီလရဲ့ယခုတတိယ ၁၀ ရက်ပတ်အတွက်ဆိုရင် ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်မယ်လို့ အသိပေးထားတယ်။ မိုးအခြေအနေနဲ့ဆိုရင်တော့ ကချင်၊ ချင်း၊ ကရင်နဲ့မွန်တို့မှာဆိုရင် ဧပြီလရဲ့ရွာသွန်းရက်ကိုရွာနိုင်ပြီး စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ၊ ရှမ်းနဲ့ ကယားတို့မှာ ရွာသွန်းမြဲအောက်ကို လျော့ပြီးရွာနိုင်တယ်လို့ ခန့်မှန်းချက်တွေပေးထားတယ်။ ဒီအတွက် ရန်ကုန်မြို့နဲ့ အနီးတစ်ဝိုက်မှာ အပူရှိန်ကတော့ ပူနေဦးမှာပဲပေါ့" ဟု လက်ထောက်ညွှန်ကြားရေးမှူးက ထပ်မံပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# မန္တလေးမြို့၌ ဆိုင်ကယ်စီးသူများအတွက် အပူဒဏ်ကို လျှော့ချပေးနိုင်ရန် မီးပွိုင့်များတွင် အမိုးများ တပ်ဆင်ပေးမည်

**မန္တလေး ဧပြီ ၂၄**

မန္တလေးမြို့၏ ပူပြင်းသည့်နွေရာသီတွင် ဆိုင်ကယ်စီးသူများခံစားရသည့် အပူဒဏ်ကို အထိုက်အလျောက် လျှော့ချပေးနိုင်ရန်အတွက် မီးပွိုင့်များတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ အသုံးပြုသည့် လုံခြုံစိတ်ချရသော ပိုက်များကို အမိုးများအဖြစ် တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောသည်။

လက်ရှိတွင် ဆိုင်ကယ်အသွားအလာများပြားသည့် စစ်ကိုင်းလမ်းခွဲနှင့် ၇၈ လမ်းဆုံ မီးပွိုင့်တွင် ဧပြီ ၂၃ ရက်က ပထမဆုံးအကြိမ်အဖြစ် စတင်တပ်ဆင်ခဲ့ပြီး အခြားမီးပွိုင့်နေရာများ၌လည်း ထပ်မံ၍ အမိုးများ တပ်ဆင်နိုင်ရန် လှူဒါန်းမည့် အလှူရှင်များ ကမ်းလှမ်းထားကြောင်း သိရသည်။

လက်ရှိတွင် အမိုးများ ထပ်မံတပ်ဆင်နိုင်ရန် မီးပွိုင့်သုံးနေရာအတွက် လှူဒါန်းမည့် အလှူရှင်နှင့် မိုးကာအလိပ် ၃၀ လာရောက်လှူဒါန်းသည့် အလှူရှင်များရှိနေကြောင်း သိရသည်။ **အောင်ဖြိုးကျော်**

# သက်ကြီးရွယ်အိုများအတွက် အပူရှောင်စခန်း ပြည်မြို့တွင် အမြန်ဆုံးဆောက်လုပ်ပေးမည်




**ပြည် ဧပြီ ၂၄**

ယခုနှစ်နွေရာသီတွင် အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်များမြင့်တက်နေသည့်အတွက် ပြည်မြို့ပေါ်ရှိ သက်ကြီးရွယ်အိုများ အပူရှောင်နားနေရန် ယာယီအပူရှောင်စခန်းတစ်ခု အမြန်ဆုံးဆောက်လုပ်သွားမည်ဖြစ်သည်။


ယာယီ အပူရှောင်စခန်းကို ပြည်မြို့ ဆင်စုရပ်ကွက် ပြည် -ရန်ကုန်ကားလမ်းဘေး ဧရာဝတီမြစ်ကမ်းနားရှိ သစ်ပင်အရိပ်အာဝါသကောင်းမွန်သည့် ဗေဒါရီပန်းခြံ (View Point) နေရာ၌ ပေ ၄၀ ခန့် အရှည်ရှိ ရင်ကွဲယာယီနားနေဆောင်အဆောက်အအုံတစ်ခုကို ဧပြီ ၂၅ ရက်အပြီး ဆောက်လုပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောသည်။ "ငွေကြေးတတ်နိုင်တဲ့ အဘိုး၊ အဘွားတွေကျတော့ အဲကွန်းတို့ ဘာတို့နဲ့ဆိုတော့ အပူဒဏ်ကို မခံစားရဘူး။ ဒါပေမယ့် ငွေကြေးမတတ်နိုင်တဲ့ အဘိုးအဘွားတွေကျတော့ နေ့အပူချိန်မြင့်တက်မှုဒဏ်ကို အလူးအလဲခံစားရတာရှိတယ်။ အဲဒီလို အဘိုးအဘွားတွေကို မနက်ခင်းပိုင်းဆို လိုက်ခေါ်ပြီး ဒီနေရာမှာထားမယ်။ ထမင်းကျွေးမယ်၊ အအေးတို့ သောက်သုံးရေသန့်တို့တိုက်မယ်။ ညနေဘက် အအေးပိုင်းအချိန်ကျမှ နေတဲ့နေရာကို ပြန်ပို့ပေးမယ့် အစီအစဉ်ဆွဲထားတယ်။ နောက်တစ်ခုက ကျန်းမာရေးစောင့်ရှောက်မယ့်အဖွဲ့ကိုလည်း တစ်ခါတည်း စီစဉ်ထားတာရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါစခန်းတွင် နားနေနိုင်ရန်အတွက် ရပ်ကွက်အလိုက် စာရင်းပေးသွင်းရန် လှုံ့ဆော်ထားပြီး ဧပြီ ၂၆ ရက်မှစတင်၍ ရပ်ကွက်အလိုက် ဆက်သွယ်စာရင်းပေးထားသော အဘိုး အဘွားများကို အခမဲ့အကြို/အပို့ လုပ်ပေးခြင်းများ၊ နေ့လယ်စာ ထမင်းနှင့် ညနေအအေးဒါနတို့ပြုနိုင်ရန်အတွက် ပရဟိတအဖွဲ့များ၊ ရပ်မိရပ်ဖများကလည်း ပူးပေါင်းပါဝင်ကူညီပေးကြရန် မေတ္တာရပ်ခံဖိတ်ကြားထားကြောင်း သိရသည်။ **သန်းလွင်**

# လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**လယ်ဝေး ဧပြီ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သက္ကယ်ချင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်အတွင်း လေပြင်းတိုက်မှုကြောင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၁၁ အုပ်စု လေဘေးသင့်ခဲ့သည့် အုပ်စုများကို ကျေးရွာများသို့ ကွင်းဆင်း၍ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ နေပြည်တော် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်တို့က ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့သည်။



ထို့အပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်း ရှားချောင်းအုပ်စု၊ ရွှေပြည်သာအုပ်စု၊ သစ်စိမ့်ပင်အုပ်စုနှင့် လယ်ဝေးမြို့ပေါ် အမှတ်(၄)ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်၊ အမှတ် (၇)ရပ်ကွက်တို့မှ လေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေတို့ကို ပေးအပ်ခဲ့ကြောင်း၊ စုစုပေါင်းအိမ်ထောင်စု ၁၇၉ အိမ်နှင့် ထောက်ပံ့ငွေကျပ် ၅၁၄၅၁၀၀ ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **ဇော်မျိုးနိုင်**

# ပွင့်ဖြူမြို့နယ်၌ အော်ဂဲနစ်စိုက်ပျိုးနည်းဖြင့် နွေနှမ်း ၁၂၅ ဧက စမ်းသပ်စိုက်ပျိုးထား

**ပွင့်ဖြူ မေ ၂၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိတောင်သူများ စိုက်ပျိုးကြသော နှမ်းသီးနှံများ ဈေးကွက်ပိုမိုရရှိစေရန်အတွက် အော်ဂဲနစ်စိုက်ပျိုးရေး နည်းပညာဖြင့် နွေနှမ်းသီးနှံ ၁၂၅ ဧကကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ယခု ၂၀၁၈-၂၀၁၉ ခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီတွင် စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

တောင်သူများ နှမ်းသီးနှံစိုက်ပျိုးရာတွင် ဈေးကွက်ပိုမိုရရှိစေရန်အပြင် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းဝေးစေရန်၊ အော်ဂဲနစ်နည်းပညာဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာအလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်ချက်များဖြင့် အော်ဂဲနစ် စိုက်ပျိုးရေး နည်းပညာဖြင့် နှမ်းသီးနှံစိုက်ပျိုးမှုကို စမ်းသပ် အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ အဆိုပါ အော်ဂဲနစ်နည်းပညာဖြင့် စိုက်ပျိုးသည့် နွေနှမ်း ၁၂၅ ဧကကို ညောင်ပင်ရွာ၊ အင်းဒေါင်းရွာနှင့် ကံသာကြီးရွာတို့ရှိ တောင်သူ ၁၆ ဦး၏ နွေနှမ်းစိုက်ပျိုးသည့် လယ်ယာမြေများတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် စိုက်ပျိုးထားကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှိုင်မြင့်က "တောင်သူတွေ အော်ဂဲနစ်နည်းပညာနဲ့ စိုက်ပျိုးထားတဲ့ နွေနှမ်းသီးနှံတွေအတွက် ဈေးကွက်ရရှိရေးကိုတော့ မစ်ဆူဘီရှိကုမ္ပဏီနဲ့ ချိတ်ဆက်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်၊ ဒါ့အပြင် အော်ဂဲနစ်နည်းပညာနဲ့စိုက်ပျိုးတဲ့ နှမ်းစိုက်ခင်းတွေမှာ သီးနှံအထွက်နှုန်း ပိုမိုရရှိစေရေးအတွက် လိုအပ်တဲ့ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်း၊ သီးနှံအပင်အားဆေးနဲ့ သဘာဝဆေး ဖော်စပ်အသုံးပြုနည်းများကို (OAFADG)အဖွဲ့က ပံ့ပိုးကူညီပေးထားပါတယ်၊ ကျွန်တော်တို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့လည်း သီးနှံစိုက်ပျိုးပြီးချိန်မှ သီးနှံရိတ်သိမ်းချိန်အထိ သီးနှံများရဲ့ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေ မှတ်တမ်းပြုစုခြင်းနဲ့ ပညာပေးခြင်းလုပ်ငန်းများကို ပံ့ပိုးကူညီပေးထားပါတယ်"ဟု ပြောကြားသည်။



အော်ဂဲနစ်နည်းပညာဖြင့် စမ်းသပ်စိုက်ပျိုးထားသော ပွင့်ဖြူမြို့နယ်မှ နှမ်းစိုက်ခင်းတစ်ခင်း။

အော်ဂဲနစ် စိုက်ပျိုးရေးနည်းပညာဖြင့် နှမ်းသီးနှံစိုက်ပျိုးခြင်းကို ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်မှ စတင်စမ်းသပ်ခြင်းဖြစ်ပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ စမ်းသပ်စိုက်ပျိုးသည့် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ရရှိလာပါက ကျန်ရှိသည့် ကျေးရွာများမှ နှမ်းစိုက်တောင်သူများကိုလည်း ထပ်မံစည်းရုံး၍ အော်ဂဲနစ်နည်းပညာဖြင့် နှမ်းစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို ဆက်လက် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ကြို့ပင်ကောက်မှ တောင်သူများဆည်ရေနှင့် မျိုးကောင်းမျိုးသန့်လိုလား

**ကြို့ပင်ကောက် မေ ၂၄**

ကြို့ပင်ကောက်မြို့နယ်အတွင်း စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်းများကို ကွန်ကရစ်မြောင်းအဖြစ် ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးအတွက် မျိုးစေ့များကို အရည်အသွေးပြည့်မီအောင် သက်ဆိုင်ရာဌာနများက ကြီးကြပ်စစ်ဆေးပေးရေးနှင့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် စိုက်ပျိုးရေးပညာကို ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းသင်ကြားပေးနိုင်ရေး စသည့် အချက်များကို ကြို့ပင်ကောက်မြို့နယ်ရှိ ကျေးရွာအုပ်စု ၁၂ ခုမှ တောင်သူလယ်သမားများက တင်ပြခဲ့ကြကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့နယ်ရှိ လက်ပံပင်စု စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြု လေ့လာမှုစခန်း၌ စိုက်ပျိုးရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို မေ ၂၃ ရက်က ပြုလုပ်ခဲ့ရာ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်သော တောင်သူများက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများထံသို့ တင်ပြခြင်း ဖြစ်သည်။



ဆွေးနွေးပွဲတွင် အခက်အခဲများ တင်ပြနေသည့် တောင်သူတစ်ဦး။

အဆိုပါ စိုက်ပျိုးရေးဆိုင်ရာဆွေးနွေးပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်ဌေးက ဦးဆောင်၍ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်း၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းဟိုနှင့် စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ မြို့နယ် လယ်ယာမြေဖွံ့ဖြိုးရေးဘဏ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကျေးရွာအုပ်စု ၁၂ ခုမှ အုပ်စုကိုယ်စားပြုတောင်သူ ၅၀ ခန့် တက်ရောက်ကာ စိုက်ပျိုးရေးအတွက် ဆည်ရေရရှိရေး၊ မျိုးစေ့ မျိုးကောင်းမျိုးသန့် ရရှိရေးနှင့် စိုက်ပျိုးရေးနှင့်ပတ်သက်၍ တွေ့ကြုံနေရသော အခက်အခဲများကို တင်ပြဆွေးနွေး ညှိနှိုင်းခဲ့ကြရာ မြို့နယ်အဆင့်ဖြေရှင်း၍ရသော ကိစ္စများကို သက်ဆိုင်သည့် ဌာနဆိုင်ရာများက ဖြေရှင်းဆောင်ရွက်ပေးပြီး မြို့နယ်အဆင့် ဖြေရှင်း၍မရသော ကိစ္စများအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်တွင် တင်ပြဆွေးနွေး၍ အဖြေရှာပေးသွားရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့အပြင် စစ်ကုန်း(၁) ကျေးရွာအုပ်စု ဂုံညှင်းတန်းကြီးကျေးရွာ၌ စက်မှုလယ်ယာကေကွက်ဖော်ဆောင်ပြီး ပေါင်းစည်းလယ်ယာစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် မတ်လ ၁၆ ရက်က စတင်ဆောင်ရွက်နေသော တောင်သူ ၃၂ ဦး၏ ပေါင်းစည်းလယ်ယာမြေ ၁၀၄ ဧက၌ မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရေးကိုလည်း အဆိုပါ ဆွေးနွေးပွဲတွင် တောင်သူကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**

# ကျိုင်းတုံမြို့ရှိ နောင်တုံကန်ဝန်းကျင် သန့်ရှင်းသာယာစေရေး ဆွေးနွေး

**ကျိုင်းတုံ မေ ၂၄**

ကျိုင်းတုံမြို့ရှိ နောင်တုံကန် သန့်ရှင်းသာယာလှပစေရေးအတွက် ဆွေးနွေးပွဲတစ်ရပ်ကို ကျိုင်းတုံတက္ကသိုလ် အစည်းအဝေးခန်းမ၌ မေ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် နောင်တုံရေကန်အတွင်းမှရေများ သန့်ရှင်းရေး၊ ကန်ပတ်ဝန်းကျင် သာယာလှပရေးနှင့် နောင်တုံကန် ရေရှည်တည်တံ့စေရေးအတွက် ကန်ရေအရည်အသွေး စစ်ဆေးရန်၊ နုန်းတိုင်းကိရိယာများနှင့် ရေကိုလှုပ်ခတ်စေသည့် ကိရိယာများ ကူညီထောက်ပံ့ပေးနိုင်ရန် စသည့် အကြောင်းအရာများကို အဓိကထား ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံးမှ သံမှူးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးနှင့် ကျိုင်းတုံမြို့ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ရဲထက်ဦး (ပြန်/ဆက်)**

# ဆင်ပေါင်ဝဲမြို့နယ် ဇီမ့်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေ

**ဆင်ပေါင်ဝဲ မေ ၂၃**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ဇီမ့်ကျေးရွာ၌ ဒေသခံပြည်သူများ ရာသီမရွေး သောက်သုံးရေ အခက်အခဲမရှိဘဲ လုံလောက်စွာရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် အဝီစိစက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်နှင့် ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဇီမ့်ကျေးရွာသည် အိမ်ခြေ ၁၈၇ အိမ်၊ လူဦးရေ ၇၀၀ ကျော်ရှိပြီး ယခင်က ပုဂ္ဂလိကပိုင် တွင်းတိမ် စက်ရေတွင်းများရှိခဲ့သော်လည်း နွေရာသီကာလတွင် သောက်သုံးရေ လုံလောက်စွာမရရှိဘဲ သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်လေ့ရှိကြောင်း ကျေးရွာနေ ဒေသခံပြည်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဌာနခွင့်ပြုရန်ပုံငွေ ကျပ် ၂၀ ဒသမ ၈ သန်းနဲ့ အနက်ပေ ၄၀၀ လေးလက်မစက်ရေတွင်း တူးဖော်ပေးနေပါတယ်၊ လက်ရှိမှာတော့ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးသွားပါပြီ၊ ကျန်ရှိတဲ့ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနဲ့ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့်ရှစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း မကြာခင် ပြီးစီးအောင် ဆောင်ရွက်သွားမှာပါ"ဟု ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးက ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆင်ပေါင်ဝဲမြို့နယ်အတွင်း ဇီမ့်ကျေးရွာအပါအဝင် ကျေးရွာကိုးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စက်ရေတွင်းကိုးတွင်း တူးဖော်ခြင်းနှင့်အတူ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်ကိုးခုနှင့် အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံကိုးခု တည်ဆောက်ခြင်းတို့ကို ရန်ပုံငွေ ကျပ် ၁၈၃ ဒသမ ၂ သန်း သုံးစွဲ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ပေးလျက်ရှိကြောင်းသိရသည်။

**သန်းလွင် (မကွေး)**

# နိုင်ငံတကာစာအုပ်စာစောင်များနေ့ အထိမ်းအမှတ် လှုပ်ရှားမှုများ မြို့နယ်အသီးသီး၌ပြုလုပ်

**မေ ၂၃ ရက်တွင် ကျရောက်သော နိုင်ငံတကာစာအုပ်စာစောင်များနေ့ အထိမ်းအမှတ် လှုပ်ရှားမှုများကို မြို့နယ်အသီးသီး၌ ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများက ဦးဆောင်ပြီး ပြုလုပ်ခဲ့သည်။**

**လှိုင်ကော်**

လှိုင်ကော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ နိုင်ငံတကာ စာအုပ်စာစောင်များနေ့ အထိမ်းအမှတ် စာအုပ်စာစောင်ပြပွဲနှင့်ရွေ့လျားစာကြည့်တိုက် ကွင်းဆင်းဖွင့်လှစ်ပေးခြင်းကို လှိုင်ကော်မြို့နယ်အတွင်းရှိ ပဒေါင်ကုန်းကျေးရွာ၊ မထောခူအောက်ကျေးရွာ၊ သန္တဗလူကျေးရွာနှင့် လှိုင်ကော်သူနာပြုသင်တန်းကျောင်းများသို့ မေ ၂၃ ရက်က သွားရောက်ဆောင်ရွက်ခဲ့ကာ သုတ/ရသ စာအုပ်စာစောင်များကိုလည်း ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**လှိုင်ကော်သား**

**မုံးကိုး**

မူဆယ်ခရိုင် မုံးကိုးမြို့၌ နိုင်ငံတကာ စာအုပ်စာစောင်များနေ့ အထိမ်းအမှတ် စာဖတ်ဝိုင်းကို မုံးကိုးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့ခံ စာပေဝါသနာရှင်များ ပူးပေါင်း၍ ကျင်းပခဲ့ကာ စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးသန်းဇော်ဦးက စာဖတ်ဝိုင်းပြုလုပ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးနောက် စာပေဝါသနာရှင်များက စာရေးဆရာ ချစ်ဦးညို၏ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် ယဉ်ကျေးမှုမျက်နှာစာ စာအုပ်မှ ဆွေးနွေးလိုသည့် အကြောင်းအရာများကို ဖတ်ရှု၍ စာပေဝါသနာရှင်များအချင်းချင်း အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**မြောင်းမြ**

မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ၂၀၁၈ ခုနှစ်အတွင်း အများဆုံး စာငှား၊ စာဖတ်သူများအား ဆုချီးမြှင့်ပွဲကို နိုင်ငံတကာ စာအုပ်စာစောင်များနေ့ အထိမ်းအမှတ်အဖြစ် မေ ၂၃ ရက်က ကျင်းပခဲ့ရာ တစ်နှစ်တာအတွင်း အများဆုံး စာငှား၊ စာဖတ်သည့် ကျောင်းသားကျောင်းသူ သုံးဦးနှင့် ခရိုင်ပြန်/ဆက်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် ရွေ့လျားစာကြည့်တိုက်တွင် အများဆုံး စာငှား၊ စာဖတ်သူ ကျောင်းသားကျောင်းသူ နှစ်ဦး စုစုပေါင်း ငါးဦးတို့အား မြောင်းမြခရိုင် ပြန်/ဆက်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ဆုများချီးမြှင့်ပေးခဲ့သည်။ ကျောင်းသားလူငယ်များ ယခုထက် စာဖတ်ရှိန်ပိုမိုမြင့်မားလာအောင် စာဖတ်သည့်အလေ့အထကို အားပေးအားမြှောက်ပြုရန် ရည်ရွယ်လျက် နိုင်ငံတကာ စာအုပ်စာစောင်များနေ့တွင် ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**မိုးစက် (မြောင်းမြ)**

**ပူတာအို**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နိုင်ငံတကာ စာအုပ်စာစောင်များနေ့ အထိမ်းအမှတ် စာဖတ်ဝိုင်းနှင့် စာအုပ်စာစောင်ပြပွဲကို မြို့နယ်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်သက်ဦးက အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်သူများက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာကြကာ စာအုပ်အချို့ကိုလည်း ငှားရမ်းပေးခဲ့သည်။ ထို့နောက် စာရေးဆရာကြီး အောင်သင်း ရေးသားထားသည့် 'နှလုံးသားကို လေးပေါ်တင်၍ပစ်သောအခါ' စာအုပ်ကို စာဖတ်ဝိုင်းပြုလုပ်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်၌ နိုင်ငံတကာ စာအုပ်စာစောင်များနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၂၃ ရက်က တစ်နေ့လုံး ကျင်းပခဲ့သည်။ နံနက်ပိုင်းတွင် စာကြည့်တိုက်အသင်းဝင်အသစ်များနှင့် အသင်းဝင်ရောက်ရန် စိတ်ဝင်စားသူများအား စာကြည့်တိုက်အကြောင်း ရှင်းလင်းပြောကြားပြီး မွန်းလွဲပိုင်းတွင် စာကြည့်တိုက်အသင်းဝင် အသက် ခုနစ်နှစ်မှ ၁၄ နှစ်အရွယ် ကလေးများ၏ စာဖတ်ပြိုင်ပွဲကို ကျင်းပသည်။ ထို့နောက် ညနေပိုင်းတွင် စာရေးဆရာမြေမှုန်လွင်က စာပေလောက အတွေ့အကြုံများကို စာပေချစ်သူများနှင့် မီဒီယာများအား မိတ်ဆက်ပြောကြားခဲ့သည်။

၁၉၃၄ ခုနှစ်က မြန်မာနိုင်ငံသို့ ဗြိတိသျှကောင်စီ စတင်ရောက်ရှိပြီးနောက် ရန်ကုန်နှင့် မန္တလေးတွင် စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိခဲ့ရာ လက်ရှိအချိန်တွင် ရန်ကုန်မြို့ရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်၌ အဖွဲ့ဝင်ပေါင်း တစ်သောင်းကျော် ရှိနေကြောင်း၊ စာကြည့်တိုက်တွင် အသင်းဝင်ကလေးများအတွက်စာအုပ်များ အပါအဝင် စာအုပ်မျိုးစုံကို ငှားရမ်းပေးနေသည့်အပြင် အွန်လိုင်းမှဖတ်ရှုနိုင်သော အစီအစဉ်ဖြင့်လည်း ဝန်ဆောင်မှုပေးထားကြောင်း၊ ယူကေ၏ ယဉ်ကျေးမှု ဆက်ဆံရေးနှင့် ပညာရေးအခွင့်အလမ်းတို့အတွက် ဖွဲ့စည်းထားသော နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် ဗြိတိသျှကောင်စီ စာကြည့်တိုက်သည် အနုပညာ၊ ယဉ်ကျေးမှု၊ အင်္ဂလိပ်ဘာသာစကား၊ ပညာရေးနှင့် ရပ်ရွာလူ့အဖွဲ့အစည်း နယ်ပယ်များတွင် နိုင်ငံပေါင်း ၁၀၀ ကျော်နှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**



ဗြိတိသျှကောင်စီစာကြည့်တိုက်၌ စာဖတ်နေသော ကလေးများ

# ၉၂ နှစ် ကြာမြင့်ခဲ့ပြီးနောက် မုံးပေါ်မြို့တွင် ကချင်ရိုးရာမနောပွဲ ပထမဆုံးအကြိမ်စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပ

**မူဆယ် ဧပြီ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မုံးပေါ်မြို့တွင် ကချင်ရိုးရာမနောပွဲကို ဧပြီ ၂၄ ရက် နံနက် ၈ နာရီက စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပခဲ့သည်။

အဆိုပါ မနောပွဲကို ကချင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ကြီးမှူး၍ တည်ဆောက်ပြီးစီးခဲ့သော မနောကွင်းသစ်နှင့် စည်းလုံးညီညွတ်မှုမနောပွဲ (Kumrummanau) ကို ၁၉၂၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကျင်းပခဲ့ကြောင်း သိရှိရသည်။

မူဆယ်မြို့နယ် မုံးပေါ်ဒေသဟု အမည်တွင်သည့် နမ့်ချက်၊ ဟော်ဝါး၊ နမ့်ခေါင်၊ ဟိုနား၊ မုံးပေါ်၊ မိုင်ဖန်၊ ဝိန်းဆိုင်၊ မုံးယားတွင် နေထိုင်ကြသော ညီနောင်တိုင်းရင်းသားများသည် နယ်မြေအခြေအနေ အကြောင်းအမျိုးမျိုးကြောင့် မနောပွဲ မကျင်းပနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၉၂ နှစ်ကြာမြင့်ခဲ့ပြီးမှ ပြန်လည်ပြုလုပ်နိုင်သော စည်းလုံးညီညွတ်မှု မနောပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇုတ်ဒေါင်၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဂူဆာ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ရှမ်းအမျိုးသားဒီမိုကရေစီပါတီတို့မှ တာဝန်ရှိသူများ၊ ကောင်းခါး၊ မုံးကိုး၊ မုံးပေါ်၊ ဖောင်းဆိုင်၊ မုံးယား၊ မူဆယ်၊ နမ့်ခမ်း၊ လားရှိုး၊ သိန္နီမှ ဒေသခံပြည်သူများ၊ မူဆယ်၊ နမ့်ခမ်းနှင့် (၁၀၅)မိုင်ကျေးရွာအတွင်းရှိ ကချင်တိုင်းရင်းသားများ၊ ရပ်ဝေးရပ်နီးမှ ကချင်တိုင်းရင်းသားများ စုစုပေါင်း တစ်သောင်းဝန်းကျင်ခန့် တက်ရောက်ကြသည်။

အဆိုပါပွဲ၌ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး မနောသရဖူဆောင်းပေးခြင်းနှင့် ဆက်ကပ်ဆုတောင်းခြင်းတို့အား သိက္ခာတော်ရဆရာတော် ဦးခမ်းဒါဘရမ်မိုင်း၊ ရှမ်းပြည်နယ် ကချင်စာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ၊ သိက္ခာတော်ရဆရာတော် ဦးမီရှိနောင်ဂျာ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ သိက္ခာတော်ရဆရာတော် ဦးဖော်ရှောင်လနှင့် သိက္ခာတော်ရဆရာတော် ဦးလမုန်တူးလွမ်တို့က မနောသရဖူဆောင်းခဲ့ကြသည်။



မူဆယ်မြို့နယ် မုံးပေါ်မြို့၌ ကချင်ရိုးရာမနောပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

ဆက်လက်၍ မနောကွင်းနှင့် မနောပွဲတော်အား ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇုတ်ဒေါင်၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဂူဆာ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဥက္ကာနှင့် မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသူရိန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ မနောပွဲကို ဧပြီ ၂၃ ရက်မှ ၂၆ ရက်အထိ လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# မင်းလှမြို့ရှိ စားသောက်ဆိုင်တွင် အစားအသောက်များ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ တိုင်ကြားချက်အရ ဝင်ရောက်စစ်ဆေး

**မင်းလှ ဧပြီ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် သရက်တပင်ကျေးရွာအနီး ရန်ကုန်-ပြည် ကားလမ်းမဘေးရှိ ခရီးသွားယာဉ်များ နေ့စဉ် ရပ်နားသော စားသောက်ဆိုင်တွင် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိဘဲ အစားအသောက်များ ရောင်းချခြင်းကို ကျေနပ်မှုမရှိ၍ တိုင်ကြားချက်အရ စားသုံးသူရေးရာ ဦးစီးဌာနနှင့် တာဝန်ရှိသူများက ဧပြီ ၂၄ ရက်တွင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော မတ်လ ၂၅ ရက်နေ့တွင် သုံးဆယ်မြို့မှ ပြည်ဘက်သို့ ခရီးသွားယာဉ်ဖြင့် လိုက်ပါခဲ့သော ပြည်မြို့နေ ခရီးသည်တစ်ဦးက အဆိုပါစားသောက်ဆိုင်၌ ယာဉ်ရပ်နားစဉ် အစားအစာများမှာ အေးစက်နေကာ မကောင်းသောအနံ့များ ထွက်နေပြီး ကျသင့်ငွေကျပ် ၁၂၀၀ ပေးရကြောင်း၊ ယင်းဆိုင်တွင် အဝေးပြေးယာဉ်များ ရပ်နားခြင်းကို အသုံးချ၍ စားသောက်စရာများကို ဈေးမမှန်မကန် တင်ထားခြင်း၊ ယခင်နေ့ကျန် အစားအသောက်များကို ရောင်းချခြင်းတို့မှာ ခရီးသွားပြည်သူများအနေဖြင့် နစ်နာ၍ စားသုံးသူရေးရာဦးစီးဌာနကို မေတ္တာရပ်ခံ တိုင်ကြားချက်အရ သာယာဝတီခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုး၊ မြို့နယ်တာဝန်ခံဦးစိန်ဝင်း၊ ကျန်းမာရေး၊ စည်ပင်၊ မြို့နယ်ရဲတပ်ဖွဲ့၊ ပြန်/ဆက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဆိုင်ပိုင်ရှင်အား စစ်ဆေးမေးမြန်းခဲ့ရာ အစားအသောက်များကို အမြဲသန့်ရှင်းစွာထားရှိပြီး ရောင်းချကြောင်း၊ မိမိတို့စားသောက်ဆိုင်ဖွင့်လှစ်ရောင်းချခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော်ကြာပြီဖြစ်ရာ အလားတူ ကိစ္စမျိုး မဖြစ်ပွားဖူးကြောင်း၊ ရာသီဥတုအပူချိန်မြင့်မားလာမှုကြောင့် အခန့်မသင့်၍ ဖြစ်ကောင်းဖြစ်နိုင်ကြောင်း၊ ယခုကဲ့သို့နောင်တွင် မဖြစ်ပွားအောင် အကောင်းဆုံးဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်းနှင့် တိုင်ကြားမှုထပ်မံမဖြစ်ပွားရအောင် ဆိုင်ပိုင်ရှင်က ဝန်ခံကတိလက်မှတ် ရေးထိုးပေးခဲ့ကြောင်း သိရသည်။



မင်းလှမြို့နယ် ရန်ကုန်-ပြည်ကားလမ်းမဘေးရှိ စားသောက်ဆိုင်တွင် အစားအသောက်များကို တာဝန်ရှိသူများ စစ်ဆေးနေစဉ်။

ထို့နောက် ဆိုင်အတွင်းရှိ ပြင်ဆင်ထားသော စားသောက်ဖွယ်ရာများ သန့်ရှင်းလတ်ဆတ်မှု ရှိ၊ မရှိ၊ မီးဖိုချောင်၌ ချက်ပြုတ်ရာတွင် သန့်ရှင်းမှု ရှိ၊ မရှိ၊ ဈေးနှုန်းကြီးမြင့်ခြင်း ရှိ၊မရှိ စသည်တို့ကို စစ်ဆေး၍ လိုအပ်သည်များကို မှာကြားကာ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်များကို အသိပညာပေး ပြောကြားပြီး နောင်တွင် မလိုလားအပ်သော ပြဿနာများ ထပ်မံဖြစ်ပေါ်လာပါက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ပေါက်စ(မင်းလှ)**



ရှားပါးမျိုးစိတ်ဖြစ်လာသော မြစ်တွေး(စင်ရော်)ငှက်လေးများကို တွေ့ရစဉ်။

# ရှားပါးမျိုးစိတ် မြစ်တွေး(စင်ရော်) ငှက်ထိန်းသိမ်းရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဟုမ္မလင်း ဧပြီ ၂၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)နှင့် ဒေသခံများပူးပေါင်း၍ ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်နှင့် ခန္တီးမြို့နယ်အတွင်း ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ရှားပါးမျိုးစိတ်မြစ်တွေး(စင်ရော်) (River Tern) ငှက်ထိန်းသိမ်းရေးသုတေသနလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်) တာဝန်ရှိသူများ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ငှက်ထိန်းသိမ်းရေးသုတေသနလုပ်ငန်းကို ၂၀၁၇ ခုနှစ်မှ စတင်၍ ယခုနှစ်အထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယခုနှစ် မျိုးပွားရာသီကာလမှာ ယခင်နှစ်များထက် နောက်ကျသော်လည်း သားပေါက်သည့် အကောင်ပေါက်အရေအတွက်မှာ ယခင်နှစ်ထက် များပြားလာသည်ကို မှတ်တမ်းတင်သုတေသနပြုနိုင်ခဲ့ကြောင်း သိရသည်။

မြစ်တွေး(စင်ရော်)ငှက်များ ဥ၊ သားပေါက်ရာ သဲသောင်များတွင် အိမ်မွေးတိရစ္ဆာန်များဖြစ်သော ကျွဲ၊ နွား၊ ခွေး များကို စနစ်တကျလွှတ်ကျောင်းရန်နှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုသိရှိလိုက်နာစေရန် ဒေသခံများကို အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြစ်တွေး(စင်ရော်)ငှက်များ အကောင်အရေအတွက် ပြန်လည်တိုးပွားစေရန် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းနှိုးဆော်ထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **သတင်း-ပိန်းဇလုပ်သိန်းညွန့်၊ ဓာတ်ပုံ-WCS**

# နွားထိုးကြီးတွင် မူခင်းအသိပညာပေးဟောပြော

**နွားထိုးကြီး ဧပြီ ၂၄**

နွားထိုးကြီးမြို့နယ် ပြင်စည်ရဲကင်းစခန်းမှ ဒုရဲအုပ်ထက်လွင်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဧပြီ ၂၁ ရက်က သပြေသာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မူခင်းအသိပညာပေးဟောပြောခဲ့ကြသည်။ **(ယာပုံ)**

ဟောပြောပွဲတွင် မူးယစ်ဆေးဝါး သိကောင်းစရာများ၊ နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေးအကြောင်း၊ သက်ငယ်မုဒိမ်းနှင့် လူကုန်ကူးမှုခင်းဆိုင်ရာများအား ဟောပြောခဲ့ရာ ဒေသခံပြည်သူ ၁၀၀ ခန့် တက်ရောက်ကြသည်။ **ဌေးမြင့်မောင်**



# ဇာနည်မော်ဆရာတော်အရှင်ဇဋိလ(ပိဋကတ်တစ်ပုံဆောင်) အင်္ဂလန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံသို့ ဓမ္မဒူတသာသနာပြုခရီး ကြွရောက်တော်မူခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇဋိလ (ပိဋကတ်တစ်ပုံဆောင်)သည် ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ (၂၄-၄-၂၀၁၉)ရက်တွင် အင်္ဂလန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံသို့ ဓမ္မဒူတသာသနာပြုခရီး ကြွရောက်တော်မူပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့

## ပြုပြင်ခွင့်တောင်းခံလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊ ဇေယျာသိဒ္ဓိ(မဟာသွံ့သာရဘုရား) ကျောင်းအတွင်းရှိ မူလ(မဟာအတုလ တိလောကမာရဇိန-အောင်စေတီ) မြတ်ကြီး၏ မိုးမလုံ လေမလုံနှင့် အက်ကွဲနေသော အုတ်နံရံများကို မွမ်းမံပြင်ဆင်၍ မိုးလုံလေလုံ သံတန်ဆောင်းအသစ် ဆောက်လုပ်ပူဇော်ပါမည်။

မူလအလှူရှင် ဘုရားအမ အဘွားခက်အားရည်စူး၍ သမီး ဒေါ်သဲမြ၊ ဒေါ်တုပ်တို့နှင့်တကွ သက်ဆိုင်သူများ၊ သဒ္ဓါဆက်၊ ပါရမီဆက်၊ နတ်ဆက်၊ သိုက်ဆက်၊ ဘိုးတော်မယ်တော်ဆိုင်ရာ ပုဂ္ဂိုလ်အပေါင်းတို့အား ပြုပြင်ခွင့်တောင်းခံပန်ကြားအပ်ပါသည်။

.........သာဓုခေါ်စေသောဝ်။..........

**ဆရာတော် ဦးကုမာရ**

**ဇေယျာသိဒ္ဓိ(မဟာသွံ့သာရဘုရားကျောင်း)**

**ဖုန်း-၀၉-၄၂၁၆၃၂၇၂၅**

**အမည်ပြောင်း**

ဦးကျော်ရ၏သား မြိတ်မြို့၊ အထက(၃) ပထမတန်းမှ မောင်သူရိန်လင်းထက်အား ယနေ့မှစ၍ မောင်သူရိယထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သူရိယထွန်း**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5C/3845 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**




**ပျောက်ဆုံးကြောင်း**

ကျွန်မ မဒေဦးလွင် ၈/တတက(နိုင်) ၂၆၄၈၇၅၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၅၅၄၇၀**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မဇင်မာဝေ ၈/တတက(နိုင်) ၂၁၀၀၄၄၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၅၅၄၇၀**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မယဉ်ရွှေ ၈/တတက(နိုင်) ၁၇၁၆၈၈၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၅၅၄၇၀**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်စန်းလင်းအောင် ၈/တတက(နိုင်)၂၄၁၉၀၃၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၅၅၅၄၇၀**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မဝင်းရီ ၈/တတက(နိုင်) ၂၀၄၀၃၆၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၅၅၄၇၀**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မစန္ဒာဝင်း ၈/တတက(နိုင်) ၂၃၉၁၄၁၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၅၅၄၇၀**

**ဖခင်အမည်မှန်**

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ ရပ်ကွက်၊ သာလွန်လမ်းနေ မောင်အံ့စည်လျှန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းဦး ၁၂/ဥကမ(နိုင်)၀၀၉၈၀၇ ဖြစ်ပါကြောင်း။ **ဦးဇော်ဝင်းဦး**

**ဖခင်အမည်မှန်**

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ အထက မြန်မာပအော့ ပဉ္စမတန်းမှ မောင်သက်ပိုင်ဦးနှင့် တတိယတန်းမှ မရာသက်မွန်တို့၏ဖခင် ဦးကံမြင့်၏ အမည်မှန်မှာ ဦးဆန်းမြင့် ၁၀/မလမ(နိုင်)၂၇၃၆၃၉ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၃ယ/၃၅၅၈၄ ဟွန်ဒါဒရင်း ND 125m ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလွင် ၆/လလန(နိုင်)၀၄၅၂၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ယ/၄၀၉၇၅ ဟွန်ဒါဒရင်း 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိန် ၆/ရဖန(နိုင်)၀၄၁၂၅၂ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

**ဖခင်အမည်မှန်**

ပုလောမြို့နယ်၊ တိုကျေးရွာအုပ်စု၊ သင်္ကန်းတောကျေးရွာနေ တက္ကသိုလ်ဝင်တန်းအောင် မသင်းရန့်စိုး၊ အထက(ခွဲ)တိုမှ အဋ္ဌမတန်းအောင် မတွယ်တာနှင်းစက်နှင့် အထက(ရှပ်ပုံ)တက္ကသိုလ်ဝင်တန်းမှ မောင်ဝဏ္ဏစိုးတို့၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးအေးမင်းနိုင် ၆/ပလန(နိုင်)၁၀၀၃၇၁ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကိုလင်း ၈/တတက(နိုင်)၁၉၃၇၂၁၈၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၅၅၅၄၇၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဇင်ဦး ၇/အဖန(နိုင်)၁၂၄၃၉၅၈၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၅၅၅၄၇၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထွန်းလင်း ၈/တတက(နိုင်)၁၄၁၇၅၂၈၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၅၅၅၄၇၀**


မာ် SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်းအရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514
09 - 33 333 644


## မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း ဒုတိယအကြိမ်နှစ်ပတ်လည်စုံညီအစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း၊ ဒုတိယအကြိမ် နှစ်ပတ်လည်စုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - ၂၀၁၉ ခုနှစ် မေ ၅ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉း၀၀နာရီ
**နေရာ** - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစမ္မာရုံ အမှတ် (၃၁)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်

**အမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်း**



မေတ္တာမွှန် 
စားဖူးပါက နှစ်သက်ရမည့်
မျက်ကြည်လူ၀
စက္ခုပါလ အကြောဖြေဆေး
TMR 010077 (1118)
ရန်ကုန်
- ကိုဝင်းမြင့်+မသောဘီ ဆေးဆိုင်
- K လှုထုမေတ္တာ - သိမ်ကြီးဈေး
စားသုံးနိုင်သူများ
➤ ခြေဆီမထွက်၊ ဖက်ကြောတက်၊ မျက်စိမှုန်ဝါးသူ။
➤ ဝမ်းချုပ် ဆီးပူ၊ ရိဖြူလိပ်ထွက်၊ လဆက်ရာသီမှန်လိုသူ။
➤ ဆံပင်ဖြူ/ ပါး၊ အထိုင်များ၊ ညောင်းအားပိုတတ်သူ။
(အထိုင်များသော ရုံးဝန်ထမ်းများ၊ ဈေးသည်များ၊ ကားမောင်းသူများ)
မျက်ကြည်လူ၀ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ရေစကြိုမြို့။ Tel: 09 89680 5353, 09 203 1080.


## ပျောက်ဆုံးကြောင်း

ကျွန်မ မဟာပွါးအီး ၄/မတပ(နိုင်) ၀၄၅၄၈၀၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၁၀၅၁၉၈၆**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အလက မှတ်တိုင်လမ်း ပဋ္ဌမတန်းမှ မောင်စောလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးစိုးညိန်း ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့၊ အထက ပဋ္ဌမတန်းမှ မလဘန်ခေါင်းနန်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁၀-၂၀၀၆ ဖြစ်ပါကြောင်း။

**မလဘန်ခေါင်းနန်**
**အထက မိုးမောက်**

## ဖခင်အမည်မှန်

တိုက်ကြီးမြို့နယ်၊ အလက (ရေပေါ်သောင်)ကျောင်း အဋ္ဌမတန်းမှ မောင်ငြိမ်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးစိန်ဟန်ရွှေ ၁၄/ဇလန(နိုင်) ၀၇၂၂၀၀ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/8616 Toyota Mark II JZX110 S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမင်းမြတ် ၁၂/ဥကတ(နိုင်)၁၆၃၂၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ကြည်အောင် [ဒိပ်ကုန်း(ထန်းထပင်)] အသက်(၇၆)နှစ်

ထန်းတပင်မြို့နယ်၊ ဒိပ်ကုန်းကျေးရွာနေ (ဦးတင်ကြီး-ဒေါ်လှညွန့်) တို့၏သမီး၊ သုံးဆယ်မြို့ နေ(ဦးအောင်-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ (ဒေါ်မြဝယ်)၊ (ဦးတင်ထွန်း-ဒေါ်ခင်ဆန်း)၊ ဒေါ်နီတို့၏ညီမ၊ (ဦးအောင်မြင့်-မြန်မာ့လက်ရွေးစင်ဘောလုံးနည်းပြ)-ပြင်သစ်နိုင်ငံနေ ဒေါ်ခင်စန်းတို့၏အစ်မ၊ ဦးမောင်မောင်စန်း (A/B JSM Shipping)-ဒေါ်ဝင်းဝင်းရွှေ၊ ဦးအောင်သန်း၊ ဦးဇော်အောင်(Pacific Traimming Co,LTD New York, USA)-ဒေါ်ကြည်ကြည်မိုး(Magic Co,Ltd New York,USA)၊ Australia နိုင်ငံနေ Mr. Brettee-ဒေါ်ဝါဝါရွှေ၊ ဦးဝင်းနိုင်ရွှေ-ဒေါ်တင်တင်စန်းတို့၏မိခင်၊ ကိုသန်းထိုက်အောင်-မဇင်မီမီဟန်အောင်သန်း၊ ကိုသိန်းလင်း-မမို့မို့ဟန်အောင်သန်း၊ မဖြိုးရတနာဇော် (Bechelor of Public Relation & University of Technology Australia) (Supervisor France, Co,Ltd, New York, USA)၊ ကိုအောင်ကျော်-မသျှန်နန္ဒီအောင်သန်း၊ မောင်မင်းသန့်မောင် (Final Year Petroleum Engineering, University Teknologi Petronas, Malaysia)၊ မတိုးရတနာဇော်(Third Year Accounting at City University of Kingsborough New York USA)၊ မခိုင်ရတနာဇော်(First Year Borough of Manhattan Collage/City University New York USA)၊ မနီလာအောင်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီး (ဦးဟန်ရွှေ)သုံးဆယ်၊ လက်ထောက်ကထိက(ငြိမ်း) ဗဟိုနိုင်ငံရေးတက္ကသိုလ်၏ဇနီးသည် ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၁၉ရက်(တနင်္လာနေ့) နံနက်တွင် အင်းစိန်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ (ခ/ဂ)လမ်း၊ အမှတ် (၂၇၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဒေါ်အေးသန်းဦး ဘဏ္ဍာရေးဌာန၊ MEPE (ငြိမ်း) အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၈၇၃)နေ (ဦးသန်းထွန်း-ဒေါ်သိန်းကြည်)တို့၏သမီး၊ ညောင်ဦးမြို့နယ်၊ ငါ့သရောက်သိမ်တော်ရွာနေ(ဦးထွန်းရ-ဒေါ်တင်ပု) တို့၏ချွေးမ၊ (ဦးမောင်မောင်မြင့်)-ဒေါ်အေးညို(ပန်းဘဲတန်းထွေ/အုပ်)၊ ဦးကျော်ငြိမ်း(ရွှေတောင် ကော်မတီလီမိတက်၊ ညွှန်မှူး-ငြိမ်း)ရေအားလျှပ်စစ်၊ (ဦးဝင်းထိန်)-ဒေါ်ခင်အေးသန်း၊ (ဦးကျော်ဝင်း)၊ ဦးမျိုးမြင့်အေး-ဒေါ်မြသွေး(အမက-၉၊ မရမ်းကုန်း)တို့၏အစ်မ၊ ဗိုလ်ကြီးအောင်အောင်ထွန်း-မခိုင်မေဦး၊ ကိုရဲထွန်းဦး-မသဥ္ဇာထက်တို့၏မိခင်၊ ရဲတေဇမောင်၏အဘွား၊ ငြိမ်းဆုဆုဝေ၊ စိမ့်နေခြည်သွေးတို့၏ကြီးကြီး၊ (ဦးဝင်းသိန်း)၏ဇနီးသည် ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇း၂၀နာရီတွင် Grand Hantha ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၁၉ ရက်(တနင်္လာနေ့)တွင် အမှတ်(၈၇၃/၂)လမ်း၊ သမိုင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**


ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ
တက္ကသိုလ်ဝင်တန်းဖြေ၊ နိုင်ငံခြားသွားလိုသူများနှင့် အလုပ်ကောင်းရလိုသူများအတွက်
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊
Ph: 09 443001453,01-503472, 09 30775232
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A
01 392048,256954,202046 ဘိုကလေးဈေးလမ်း

BASIC ENGLISH SPEAKING
6 - 7:30 (Mon~Thurs) 29 Apr
10-11:30 (Mon~Thurs) 6 May
9 - 12:00 (Sat + Sun) 26 May
3:30 - 5 (Mon~Thurs) 27 May

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon~Thurs) 22 Apr
6 - 7:30 (Mon~Thurs) 22 Apr
9 - 12:00 (Sat + Sun) 27 Apr
9 - 12:00 (Sat + Sun) 5 May
7:30 - 9 (Mon~Thurs) 6 May

BASIC WRITING
1 - 2:30 (Mon~Thurs) 27 May

BASIC GRAMMAR
1 - 4:00 (Sat + Sun) 20 Apr
9 - 12:00 (Sat + Sun) 4 May

VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 20 Apr
1 - 2:30 (Mon~Thurs) 20 May

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon~Thurs) 23 Apr
10-11:30 (Mon~Thurs) 20 May
3:30 - 5 (Mon~Thurs) 27 May

INTERMEDIATE (ACADEMIC ENGLISH)
9 - 12:00 (Sat + Sun) 27 Apr

BASIC ENGLISH SPEAKING
1 - 4:00 (Sat + Sun) 27 Apr
7:30 - 9 (Mon~Thurs) 13 May
3:30 - 5 (Mon~Thurs) 13 May
1 - 2:30 (Mon~Thurs) 20 May
3:30 - 5 (Mon~Thurs) 27 May

IELTS (Preparation)
7:30-9:30 (Mon~Thurs) 29 Apr
1 - 4:30 (Sat + Sun) 4 May

IELTS (Reading+Vocab)
1 - 3:00 (Mon~Thurs) 27 May

IELTS (Speaking+Vocab)
10-12:00 (Mon~Thurs) 22 Apr

IELTS (Writing+Grammar)
1 - 3:00 (Mon~Thurs) 22 Apr

BASIC GRAMMAR
12 - 3:00 (Sat + Sun) 25 May

VOCAB ENRICHMENT
10-11:30 (Mon~Thurs) 22 Apr

BASIC FOUR SKILLS ENGLISH
8 - 11:00 (Sat + Sun) 4 May
1 - 2:30 (Mon~Thurs) 6 May
2:30-5:30 (Sat + Sun) 11 May
10-11:30 (Mon~Thurs) 13 May
7:30 - 9 (Mon~Thurs) 20 May

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 4:00 (Sat + Sun) 27 Apr
6 - 7:30 (Mon~Thurs) 6 May
10-11:30 (Mon~Thurs) 13 May

INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 26 May


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၇၈၄၊ မြေကွက်တည်နေရာအမှတ် ၇၈၄၊ တကောင်း (၃)လမ်း၊ ၁၄/ရွှေပေါက်ကံ ဒေါ်စန်းစန်းရီ ၁၂/မဂဒ(နိုင်) ၀၅၇၇၂၄ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းစန်းရီထံမှ G.P No ၄၇၄၄/၀၄(၂၅-၈-၀၄)ဖြင့် ရရှိသူ ဦးကျော်စိုးမိုး ၁၂/တတန(နိုင်) ၀၉၄၇၈၉ မှ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်ပါ (၂၀၀၄)ခုနှစ်တွင်ဘဏ်ငွေချေးရန် မြေပုံ၊မြေရာဇဝင်ကူးယူခဲ့သော်လည်း မြေပုံမြေရာဇဝင်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ကြောင်းနှင့် (၂၀၁၃) ခုနှစ်တွင် အရောင်းမြေပုံကူးမြေပုံမှာလည်းလျှောက်ထားပြီး အမှုတွဲအား ပြီးပြတ်အောင်ဆောင်ရွက်ခဲ့ခြင်းမရှိပါကြောင်းနှင့် မြေပုံ၊မြေရာဇဝင်ကိုလည်း ထုတ်ယူခဲ့ခြင်းလုံးဝမရှိသည်မှာ မှန်ကန်ပါကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကျမ်းကျိန်လွှာအမှတ် ၃/၁၄၂၃ ကိုတင်ပြလာသဖြင့် G.Pဦးကျော်စိုးမိုးမှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ဇင်မာချစ် စ-စ-စ (ငြိမ်း) အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ (၁၀၈)လမ်း၊ အမှတ်(၁၂)နေ (ဦးမောင်မောင်ချစ်-ဒေါ်စိန်ရီ)တို့၏ သမီး၊ (ဦးကျင်ဆိုင်-ဒေါ်အုန်းကြည်)တို့၏ သမီးချွေးမ၊ ရဲမှူးချုပ်အောင်နွယ်(ငြိမ်း)-(ဒေါ်မြမြချစ်)၊ ဦးအင်ဒီ-(ဒေါ်မိမိချစ်)၊ ဦးအောင်ဝင်း-ဒေါ်မူမူစံ၊ (ဦးရွှေမောင်သန်း)-ဒေါ်ဆွေဆွေချစ်၊ ဦးသန်းဝင်း-ဒေါ်စန်းစန်းနွဲ့၊ ဦးဟန်ဝင်း-ဒေါ်စန်းစန်းမြင့်တို့၏ ညီမငယ်၊ ဦးလှိုင်ဝင်း-ဒေါ်မြသီတာဝင်းတို့၏ အစ်မ၊ ကိုဝင်းအောင်ကျော်-မနွေးနွေး၊ ကိုတိုးဝေထွန်း (PIL SHIPPING Co.,)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ရဲအုပ်ဇော်မင်း(ငြိမ်း/သတင်းတပ်ဖွဲ့)၏ ချစ်လှစွာသောဇနီး ဒေါ်ဇင်မာချစ်သည် ၂၃-၄-၂၀၁၉ ရက် နံနက် ၂ နာရီတွင် ခုတင် ၅၀၀ အသည်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၉ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**


အဆီများ၍ဗိုက်ချပ်လိုသူများ၊ ဝမ်းပျော့ ဝမ်းမှန်လိုသူများအတွက် . . .

သဒ္ဒါမောင်
အမှတ်တံဆိပ်
ရှားစောင်းလက်ပပ်ဝမ်းပျော့ဝမ်းမှန်ဆေး
အမြို့မြို့ဆေးဆိုင်တိုင်းတွင် လက်လီလက်ကား ရရှိနိုင်ပါသည်။
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR012605(0320)
တဆဝက စာနယ်ဇင်း ၂၂၃/၀၈၁၈
ပင်ရင်း
စုစေတနာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ၁၄/၁၉၊ မဥ္ဇူလမ်း၊ စက်မှုဇုန်၊ ပုသိမ်မြို့။
ဖုန်း ၀၉ ၄၉၂၃၅၈၀၈၊ ၀၉ ၂၆၁၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅


## အထူးဝမ်းနည်းကြေကွဲခြင်း ဗိုလ်ကြီးအောင်ချိုဦး (ငြိမ်း) အသက်(၆၀)

သူငယ်ချင်းဗိုလ်ကြီးအောင်ချိုဦး(ငြိမ်း)သည် ၂၁-၄-၂၀၁၉ရက်တွင် ချောင်းဦးမြို့၌ ကွယ်လွန်ကြောင်းသိရှိရပါ၍ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဗသက(၆၆)မှသူငယ်ချင်းများနှင့်မိသားစုများ**

## နှစ်ဦးသဘောတူကွာရှင်းပြီးစီးခြင်း

ကျွန်တော် ဦးစိုးဇာနည်ထွန်း ၅/စကန(နိုင်)၁၉၂၅၆၄နှင့် ဒေါ်အေးသန္တာကျော် ၁၂/တမန(နိုင်)၀၀၄၁၇၁တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၁၁-၄-၂၀၁၉ရက်တွင် ချမ်းမြေ့သာစည်မြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ဦးစိုးဇာနည်ထွန်းနှင့် ဒေါ်အေးသန္တာကျော်တို့သည် တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စမှန်သမျှနှင့် ၎င်းတို့အသီးသီးနှင့်ပတ်သက်သည့်ဆွေမျိုးမိတ်ဆွေအသိုင်းအဝိုင်းတို့အပေါ် ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် အပြောအဆိုအပြုအမူ၊ ဆောင်ရွက်မှုများ လုံးဝမပြုလုပ်ရန်နှင့် နှစ်ဦးသဘောတူအများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစိုးဇာနည်ထွန်း**
**၅/စကန(နိုင်)၁၉၂၅၆၄**

## အမည်ပြောင်း

ဆားလင်းကြီးမြို့နယ်၊ အထက (ကြေးနီ)မှ ဦးဆန်းဦး၏ သားနှင့်သမီးများဖြစ်ကြသော တက္ကသိုလ်ဝင်တန်းမှ မဇင်လင်းမွေးအား မဆုမြတ်ရတီဟုလည်းကောင်း၊ တတိယတန်းမှ မသွန်းသဒ္ဒါဖြိုးအား မဆုရွှေရည်နှင်းဟုလည်းကောင်း၊ မောင်အောင်ဘုန်းသန့်အား မောင်မင်းသုခဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

**မဆုမြတ်ရတီ၊ မဆုရွှေရည်နှင်း၊**
**မောင်မင်းသုခ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/1529 Mitsubishi Canter FE 70DB L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံမြင့် ၅/မရန(နိုင်)၂၃၃၉၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့၊ ထေးသမရပ်ကွက်၊ အကွက်(၂၃၉/၁/၇-ထေးသမ)၊ ဦးပိုင်(၂၁)၊ ဧရိယာ ၀ဒသမ၀၇၃ဧကရှိမြေကွက်သည် ဗိုလ်ကြီးကြည်သာစိုးအမည်ဖြင့် ၄-၇-၂၀၀၈ ရက်ပါ အမှတ်စဉ်(၁၂၁)ဖြင့် ချထားပေးခဲ့သောမြေကွက်ဖြစ်ပြီး ဗိုလ်ကြီးကြည်သာစိုးမှ ဦးသက်ထွဋ်ဟန်သို့ ၇-၈-၂၀၀၉ ရက်တွင် ရောင်းချပေးခဲ့ပြီး ၉-၂-၂၀၁၉ ရက်တွင် ဦးသက်ထွဋ်ဟန်ထံမှ ကျွန်မ ဒေါ်ချောစုကြည်မှ ပြန်လည်ဝယ်ယူခဲ့ပါသည်။ ဗိုလ်ကြီးကြည်သာစိုးအမည်ဖြင့်ချထားပေးခဲ့သော မြေပေးမိန့်မူရင်းမှာ အမှန်တကယ်ပျောက်ဆုံး လျက်ရှိပါသည်။ အဆိုပါ ဦးပိုင်(၂၁)၊ ဧရိယာ ၀ဒသမ ၀၇၃ ဧကရှိ မြေကွက်အား ဒေါ်ချောစုကြည်အမည်ဖြင့် သက်ဆိုင်ရာသို့ မြေငှားဂရန်ရရှိရေး လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ စ၍ ၁၅ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။

**ဒေါ်ချောစုကြည်**
**၂/လကန(နိုင်)၀၅၂၅၁၄**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်နန်းသူမေ၏သမီး မဝင်းသန္တာစိုး ၁၂/ဒဂတ(နိုင်)၀၆၈၀၆၀သည် မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုခဲ့ပါသဖြင့် ယနေ့မှစ၍သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်သက်ဆိုင်သောကိစ္စအဝဝများကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဒေါ်နန်းသူမေ**
**၁၂/သကတ(နိုင်)၀၉၀၆၈၇**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/5807၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/5154၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/ 4744 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဦးမောင်မောင်လတ် (LEO MYA YIN)
**တိုင်းနှင့်ပြည်နယ်ဦးစီးမှူး(ငြိမ်း)**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန**
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ပြည်လမ်း၊ ၁၀မိုင်၊ အောင်စေတီကျောင်းလမ်း၊ အမှတ်-၈၈၆(င)နေ စက်ရှင်မင်းကြီး(ဦးမြရင်-ဒေါ်ခင်ညွန့်)တို့၏သား၊ စက်ရှင်မင်းကြီး(ဦးဘချစ်-ဒေါ်ခင်မမ) တို့၏သားသမက်၊ (ဒေါ်တင်မျိုးဝေ-JUNE BA CHIT)၏ခင်ပွန်း၊ ဒေါ်ညွန့်ဦးယဉ်(@)CHERYL HERD-KEITH HERD(CANADA)၊ ဒေါ်သော်တာယဉ်(@) AMANDA-ဦးခင်မောင်ထွေး(@) TONY NYEIN (DIRECTOR SEA WIND SHIPPING)၊ ဦးနေမျိုးရင်(@) CHRIS၊ ဦးအောင်မျိုးရင်(@)PEEPO တို့၏ချစ်လှစွာသောဖခင်၊ မဇကရီမောင်-ကိုဟန်လင်းမောင်မောင်(USA)၊ မသဥ္ဇာမောင်(@) TIFFANY-ကိုသီဟမျိုးလွင်(THAILAND), JAMES BENJAMIN YIN, MATTHEW BRENDEN YIN(UK) တို့၏အဘိုး၊ မြစ်သုံးယောက်တို့ဘိုးဘိုးသည် ၂၂-၄-၂၀၁၉ရက်(တနင်္လာနေ့) နံနက်၇း၃၂နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့) ညနေ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## တိုက်အုပ်ဆရာတော် ဘဒ္ဒန္တပညာလောက
**သာသန ဓဇမ္မာစရိယ(ဝိနယပါဠိပါရဂူ)**
**မဟာဂန္ထဝါစကပဏ္ဍိတ**
**သက်တော်(၇၀)၊ သိက္ခာတော်(၅၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အရိယာမဏ္ဍိုင်စာသင်တိုက် တိုက်အုပ်ဆရာတော် သာသနဓဇမ္မာစရိယ (ဝိနယပါဠိပါရဂူ) မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာလောက မဟာထေရ်မြတ်သည် ၁၃၈၀ခုနှစ် တန်ခူးလပြည့်ကျော် ၄ ရက် ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) ည ၇း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၀ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက်) ၂၇-၄-၂၀၁၉ရက် (စနေနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ ဒါယကာ/ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

**တပည့်သံဃာတော်များနှင့် ဒါယကာ/ဒါယိကာမများ**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဝိဇယ
**သက်တော်(၁၀၂)နှစ်၊ သိက္ခာတော်(၈၂)ဝါ**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အိမ်တော်ရာတိုက်ကံကျောင်း၌ သီတင်းသုံးတော်မူသော သက်တော်ရှည် ဘဒ္ဒန္တဝိဇယမဟာထေရ်မြတ်သည် (၁၃၈၀ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်) ၂၃-၄-၂၀၁၉ ရက် ည ၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို (၁၃၈၀ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက်) ၂၇-၄-၂၀၁၉ရက် (စနေနေ့) နံနက် ၉ နာရီတွင် အန္တိမဂဠိစျာပန မီးပူဇော်မည်ဖြစ်ပါကြောင်း။ [အမှတ်(၂)တပ်မတော်ဆေးရုံမှကားများ နံနက် ၇း၄၅ နာရီတွင် ထွက်ခွာပါမည်။]

**ဆရာတော်၏ ဒါယကာ၊ ဒါယိကာမများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ထွေးကြည်(ခ)တန်အိုက်တီ
**အသက်(၈၇)နှစ်**

ဒိုက်ဦးမြို့နယ်၊ အမှတ်(၂)ကုန်သည်ရပ်ကွက်၊ အောင်ချမ်းသာလမ်းနေ (ဦးချစ်မြ-ဒေါ်ကျင်လွှမ်) တို့၏သမီးသည် ၂၃-၄-၂၀၁၉ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့) တွင် အမှတ်(၂)ကုန်သည်ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၁၄)နေ (ဦးတင်အောင်)-ဒေါ်အေးအေးလွင်တို့၏နေအိမ်မှ မွန်းလွဲ ၁ နာရီတွင် ရွာတန်းရှည်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလှဝင်း(ခ)ဦးမရမ်းသီး
**(ကြက်ဘဲဒိုင်၊ အောဘီစီ)**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင် ၁၄-ရပ်ကွက်၊ ၇-ဈေးလမ်းမကြီး၊ အမှတ်-၁၄၇၇/ခ-နေ ဦးအောင်နိုင်(ခ)ဦးရာဂျူး(M.D, Shwe La Ngwe La Co,Ltd-ဒေါ်သန်းသန်းအေးတို့၏အစ်ကို၊ ဒေါ်ခင်ခင်အေး၏ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းမိုးဦး-မရွှေဇင်အောင်၊ ကိုဖြိုးဝင်းလတ်-မအေးအေးအောင်၊ ကိုစောသူရမောင်-မရတီပွင့်ဦး၊ မလှယမင်းထွေးတို့၏ဖခင်၊ ကိုငွေလ၊ ကိုခွန်သန်းထူး၊ မနုနုထွေး၊ မအေးအေးတို့၏ဘကြီး၊ မစမ်းမြသူဇာ၊ မောင်အောင်တေဇ၊ မောင်အောင်ကျော်ဖြိုးတို့၏အဘိုးသည် ၂၄-၄-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ မြောက်ဥက္ကလာပရေဝေး ဟိန္ဒူသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် လုပ်ဖော်ကိုင်ဖက်များအား သိရှိစေရန် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ချယ်ရတီဖိုးလူ(ခ)ဒေါ်မြစိန်
**ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(TTC)**
**အထက်တန်းပြဆရာမ(ငြိမ်း)**
**အသက်(၇၇)နှစ်**

TTC 98 Section C တပည့်များ၏ ၁၉၉၆ ခုနှစ်တွင် အဋ္ဌမတန်းအတန်းပိုင်ဆရာမဖြစ်ခဲ့သော ချစ်လှစွာသော တီချယ် ဒေါ်မြစိန်(ခ)မာမီစိန်သည် ၂၂-၄-၂၀၁၉ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်တပည့်များ**
**TTC 98 Section C**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အုံးကြည်
**ကျောက်ပန်းတောင်း**
**အသက်(၉၁)နှစ်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာနမှ ဒု-လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးလွင်စိုး၏မိခင် ဒေါ်အုံးကြည်သည် ၂၄-၄-၂၀၁၉ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မြင့်
**အသက်(၈၂)နှစ်**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း-ဒေါ်ချိုချိုဝင်းတို့၏ချစ်လှစွာသောမိခင် ဒေါ်ခင်မြင့်သည် ၂၁-၄-၂၀၁၉ရက် နံနက် ၁၀း၁၅နာရီတွင် ကောင်းမြတ်သုခဆေးရုံ၊ ရမည်းသင်းမြို့၌ ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၈၆) EP-EC သူငယ်ချင်းများ**

---

## ဒေါ်မကျော့ဖြူ (စစ်တွေ)
**ဌာနခွဲစာရေးကြီး(ငြိမ်း)**
**ပြည်နယ်ပြည်သူ့ကောင်စီရုံး**
**အသက်(၉၅)နှစ်**

စစ်တွေမြို့၊ ရွာကြီးတောင်ရပ်ကွက်၊ စက်ရုံလမ်းနေ(ဦးပွားလုံး-ဒေါ်နှင်းသာ)တို့၏သမီး၊ (ဦးရွှေထွန်းခိုင်-ဒေါ်မသာနု)၊ (ဒေါ်စောနု-ဦးစိန်သာထွန်း)တို့၏ညီမ၊ (ဦးကျော်အောင်-ဒေါ်စိန်မြဦး)၊ (ဦးကျော်ဇံ)-ဒေါ်မသိန်းအေးတို့၏အစ်မ၊ တူ/တူမ၂၀တို့၏အဒေါ်သည် ၂၃-၄-၂၀၁၉ ရက် ည ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့)တွင် စစ်တွေမြို့ အာဂျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်လွင်(ခ)ဂျော်နီ
**ဒိုက်ဦး**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်-၂၁၅နေ ဦးတိုက်ချွန်း(ခ)ဦးချစ်စိန်-ဒေါ်ကြူအီတို့၏သား၊ ဒေါ်ခင်အေးအေး၏ခင်ပွန်း၊ ကိုရဲမြင့်၊ ကိုကျော်မြင့်တို့၏ဖခင်သည် ၁၆-၄-၂၀၁၉ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် ၂၂-၄-၂၀၁၉ ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ခိုင် (ကသာ)
**မန်နေဂျာ-Family Win Ltd.**
**အသက်(၅၀)**

ကုမ္ပဏီ၏ကောင်းခြင်း၊ ဆိုးခြင်းများကိုအတူတကွဖြတ်သန်းရင်း ၂၃-၄-၂၀၁၉ရက်တွင် လက်တွဲဖြုတ်သွားသော ဦးကျော်ခိုင်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ဦးကျော်ခိုင်ကောင်းရာသုဂတိလားပါစေ။

**Family Win Ltd.**
**ကုမ္ပဏီဝန်ထမ်းများ**

---

## ဒေါက်တာ ဒေါ်စန်းစန်းရင်
**ဗိုလ်မှူး(ငြိမ်း)တပ်မတော်ဆေး**
**အသက်(၇၈)နှစ်**

မိတ္ထီလာမြို့၊ ပထမလမ်းမတော်၊ သင်္ဂဟဆေးတိုက်(ဗိုလ်မှူးစိန်ရီ)၏ဇနီး၊ မန္တလေးမြို့နေ ဒေါက်တာလှဘုန်း-ဒေါက်တာမီမီသော်၊ ဒေါက်တာစိုးသူအောင်-ဒေါက်တာစံပယ်ဖူး၊ မိတ္ထီလာမြို့နေ ဦးမြတ်မင်း-ဒေါ်မြတ်လေးရီ(ဝါ)မမျိုး၊ ဦးအောင်ပွင့် စိုး-ဒေါ်မှုံချယ်လွင်တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၄-၄-၂၀၁၉ ရက်တွင် မိတ္ထီလာမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် မိတ္ထီလာမြို့၊ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါ်အေးသန္တာဝင်း
**(ဒါရိုက်တာ၊ ငွေကြယ်အိမ် ဂရစ်ကုမ္ပဏီလီမိတက်)**
**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သုခမ္မစာရီလမ်း၊ အမှတ်(၁၂/ဘီ)၊ အခန်း(၂၀၂)နေ ဦးဝင်းအောင်-(ဒေါ်ငြိမ်းငြိမ်းလှ)တို့၏သမီး၊ (ဦးလှသောင်း)-ဒေါ်တင်ကြိုင်)၊ ဦးအောင်ထွန်း-ဒေါ်မြင့်ကြည်တို့၏တူမ၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးတင်ဌေးဦး-ဒေါ်ခင်ခင်ကြူတို့၏သမီးချွေးမ၊ ဦးသီဟကိုကို၏ချစ်လှစွာသောဇနီး၊ မောင်ဟန်သုတကိုကို၏မိခင်၊ ဒေါ်သီတာမွန်၊ ဒေါ်ထားထားမော်၊ ဒေါ်နှင်းပပစိမ်းတို့၏ညီမ၊ ဦးအေးချမ်းကိုကို-ဒေါ်စန္ဒီသော်တာရွှေ၊ ဦးငြိမ်းချမ်းကိုကို-ဒေါ်သျှီဃာဖွန်၊ မငုဝါဇာနည်အောင်တို့၏အစ်မသည် ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် SAKURA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါ မေတ္တာညွန့်နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၉ရက် နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါ မေတ္တာညွန့်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်မိမိရင် (ညောင်တုန်းမြို့)
**အသက်(၇၀)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၆၁၈နေ (ဦးဒီးဒုတ်-ဒေါ်မယ်လှ) တို့၏သမီး၊ ဦးအောင်ဖေ၊ ဒေါ်စန္ဒာဝင်း၊ ဦးအောင်ကျင်ဆန်း(ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒဂုံအရှေ့မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဒေါ်သူဇာဝင်း၊ ဦးထွန်းကျော်လှိုင်၊ ဒေါ်မေငုဝါ၊ ဥူးသုဘောဂတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ ဦးဖေကြည်၏ဇနီးသည် ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက် ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကျော်ဇေယျ(ခ)ကိုရေခဲ
**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ သရဖီ(၁)လမ်း၊ အမှတ်(၁၇၁)နေ (ဦးကျော်ဦး)-ဒေါ်ကျင်မြတို့၏သား၊ (ဦးလှထွန်း-ဒေါ်ခင်တိုး)တို့၏သားသမက်၊ ဦးအောင်စိုးမြင့်၊ ဒေါ်အေးအေးခိုင်၊ ကိုအေးလွင်-မစန်းစန်းဝင်း၊ ကိုနိုင်လွင်-မအိအိနိုင်တို့၏အစ်ကို၊ ဒေါ်စင်သီလှထွန်း၏ခင်ပွန်း၊ မသက်နန္ဒာဆွေ၏ဖခင်သည် ၂၄-၄-၂၀၁၉ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန် သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးထိန်လင်း (ညွှန်ကြားရေးမှူး)
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**အသက်(၅၆)နှစ်**

ဦးထိန်လင်း(ညွှန်ကြားရေးမှူး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)သည် ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၄း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးသန္တာဝင်း
**(ဒါရိုက်တာ၊ ငွေကြယ်အိမ် ဂရစ်ကုမ္ပဏီလီမိတက်)**
**အသက်(၄၂)နှစ်**

မန်နေဂျင်းဒါရိုက်တာ ဦးသီဟကိုကို၏ဇနီး ဒေါ်အေးသန္တာဝင်းသည် ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့ဝင်များနှင့်**
**ဝန်ထမ်းများ**

---

သင့်သွေးဖြင့်
အသက်ကယ်ပါ

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၈) ကြိမ်မြောက် မော်စကို နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ညီလာခံဖွင့်ပွဲ တက်ရောက်

**နေပြည်တော် ဧပြီ ၂၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shouigu နှင့် ရုရှား-မြန်မာ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ ဖိတ်ကြားချက်အရ မော်စကိုမြို့တွင် ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် မော်စကိုမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် မော်စကို နိုင်ငံတကာ လုံခြုံရေးဆိုင်ရာ ညီလာခံ (8th Moscow Conference on International Security) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးနှင့် Department of Peacekeeping Operations Office of Military Affairs မှ Military Adviser ဖြစ်သူ Lieutenent General Carlos Loitey တို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။ ယင်းနောက် ပထမပိုင်းမျက်နှာစုံညီအစည်းအဝေးအား "မျက်မှောက်ကာလကမ္ဘာ့လုံခြုံရေး-ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးဆိုင်ရာအခြေခံ အကြောင်းအရင်းများနှင့် ပြောင်းလဲဖြစ်ပေါ်လာနိုင်သောအလားအလာများ" ခေါင်းစဉ်ဖြင့် ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "**အင်ဒို-ပစိဖိတ်ဒေသတွင်း စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုများနှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာအလားအလာများ**" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✽




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "အင်ဒို-ပစိဖိတ်ဒေသတွင်း စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုများနှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ အလားအလာများ" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ဖားကန့်၌ မြေစာပုံပြိုကျမှု နှစ်ကြိမ် ထပ်မံဖြစ်ပွားပြီး သုံးဦးသေဆုံးခြင်းကြောင့် နှစ်ရက်အတွင်း သေဆုံးသူနှင့် ပျောက်ဆုံးသူ ၅၇ ဦးအထိရှိလာ



ဖားကန့်၌ နွံကန်ပေါက်ကျမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

**ဖားကန့် ဧပြီ ၂၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း ဧပြီ ၂၃ ရက်က ကျောက်စိမ်းလုပ်ကွက်၏ နွံကန်ပေါက်ကျမှုကြောင့် လူ ၅၄ ဦး ပျောက်ဆုံးခဲ့ရာ ယနေ့အထိ အလောင်းငါးလောင်းကို ပြန်လည်ရှာတွေ့ထားရာမှ ယနေ့ နံနက်အစောပိုင်းတွင်လည်း အခြားလုပ်ကွက်နှစ်ခုတွင် မြေစာပုံလျှောကျမှုနှစ်ကြိမ် ဖြစ်ပေါ်ခဲ့၍ လူသုံးဦး ထပ်မံသေဆုံးခဲ့ခြင်းကြောင့် နှစ်ရက်အတွင်း သေဆုံး၊ ပျောက်ဆုံးသူ စုစုပေါင်း ၅၇ ဦးအထိ ရှိလာပြီဖြစ်သည်။


ဖြစ်စဉ်မှာ ဧပြီ ၂၄ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ဖားကန့်မြို့၏ အနောက်မြောက်ဘက် လေးမိုင်ခန့်အကွာ မော်မောင်းလယန်ကျေးရွာအနီး မော်မောင်းအကျိုးတူလုပ်ကွက်ရှိ ကချင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ (KNDCP) ဝင်းအတွင်းသို့ အလျားပေ ၁၅၀ ကျော်၊ အနံပေ

*စာမျက်နှာ ၁၂ ကော်လံ ၁* ●

**လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်**

**နေပြည်တော် ဧပြီ ၂၄**

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ပြီး အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
ကြာသပတေး၊ မေ ၂၅၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူများရဲ့အကျိုးကို ရှေးရှုပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ အလေးထားဆောင်ရွက်လျက်ရှိ

**တွေ့ဆုံမေးမြန်း - မင်းမင်းဇော်(သတင်းစဉ်)၊ ဓာတ်ပုံ - မောင်ဖိုးဇော်**

နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာသက်တမ်းကာလ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေး စသည့် ရည်မှန်းချက် တာဝန် (၄)ရပ်ကို တပ်ဖွဲ့၊ ဦးစီးဌာနများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ (၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

"မှုခင်း ကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံတွေ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်ဖို့အတွက် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့တွေမှာ Command Center တွေ တည်ဆောက်ပြီး Hot Line များ ထားရှိခြင်း၊ CCTV နဲ့ ဆက်စပ်ပစ္စည်းတွေ တပ်ဆင်ပြီး ၂၄ နာရီ တာဝန်ချထားပြီး ပြည်သူလူထုရဲ့ သတင်းပေးမှုတွေကို ချက်ချင်းလက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်"

**ဦးခိုင်ထွန်းဦး**
**ခေတ္တအမြဲတမ်းအတွင်းဝန်**

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်ကို ပြောင်းရွှေ့ဖွဲ့စည်းလိုက်တဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနကို ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနဲ့ မီးသတ်ဦးစီးဌာန စတဲ့ တပ်ဖွဲ့ ဦးစီးဌာနတွေနဲ့ ဝန်ကြီးဌာနရဲ့ရည်မှန်းချက်တာဝန်တွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရဲ့ (၃)နှစ်တာ သက်တမ်းကာလ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ခေတ်အဆက်ဆက်က ပြဋ္ဌာန်းထားရှိတဲ့ ဥပဒေတွေကို ပြောင်းလဲလာတဲ့ခေတ်စနစ်နဲ့ လိုက်လျောညီထွေရှိပြီး မူဝါဒနဲ့ ကိုက်ညီမှုရှိပြီး ပြည်သူလူထု အကျိုးစီးပွားကို ကာကွယ်တဲ့ ဥပဒေဖြစ်စေရေးတို့အတွက် လက်ရှိစီမံခန့်ခွဲလျက်ရှိတဲ့ ဥပဒေ ၂၂ ခုအနက် မူလအတိုင်းထားရှိမယ့် ဥပဒေ ရှစ်ခု၊ ပြင်ဆင်ရေးဆွဲခဲ့တဲ့ ဥပဒေ တစ်ခု၊ ရုပ်သိမ်းပြီးအသစ်ရေးဆွဲခဲ့တဲ့ ဥပဒေ နှစ်ခု၊ ရုပ်သိမ်းရန် အသစ်ရေးဆွဲလျက်ရှိသော ဥပဒေ ရှစ်ခု၊ ပြင်ဆင်ရေးဆွဲရန် ဆောင်ရွက်လျက်ရှိတဲ့ ဥပဒေ တစ်ခု၊ အသစ်ရေးဆွဲတဲ့ ဥပဒေ နှစ်ခု စတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်တွင်းလုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး နှစ်ရုံး၊ နယ်မြေရဲစခန်း ၁၇ ခု၊ ရဲကင်းစခန်း ခြောက်ခုတို့ကို အသစ်တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ ရဲစခန်းတွေမှာ လူ့အခွင့်အရေးစံနှုန်းတွေနဲ့အညီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေဆောင်ရွက်ခဲ့ပြီး တရားခံအချုပ်သားတွေကို စစ်ဆေးမှုတွေပြုလုပ်ရာမှာ ညှဉ်းပန်းနှိပ်စက်မှုတွေမရှိစေရေးနဲ့ ဥပဒေနဲ့အညီသာ စစ်ဆေးမေးမြန်းဆောင်ရွက်ရေး စတာတွေကို အလေးအနက်ထား လိုက်နာဆောင်ရွက်ရန် တပ်ဖွဲ့ဝင်တွေကို အသိပေးညွှန်ကြားထားပြီးဖြစ်ပါတယ်။ အဲဒီညွှန်ကြားချက်တွေကို လိုက်နာမှုမရှိရင် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေနဲ့အညီ အရေးယူအပြစ်ပေးခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးအတွက် နယ်ခြားစောင့်တပ်များအကြား အလံတင်အစည်းအဝေး စုစုပေါင်း ၂၆ ကြိမ် ဆောင်ရွက်ခဲ့ပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ (BGP) နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့်တပ်(BGB) အကြား နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်းပြီး ခြေလျင်ကင်းလှည့်ခြင်းကို ၂၀၁၆ ခုနှစ် မှ ၂၀၁၉ ခုနှစ်အထိ စုစုပေါင်း ၂၁၆ ကြိမ်နဲ့ မြစ်ကြောင်းကင်းလှည့်ခြင်း စုစုပေါင်း ၆၁ ကြိမ် ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံတွေ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်ဖို့အတွက် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့တွေမှာ Command Center တွေ တည်ဆောက်ပြီး Hot Line များ ထားရှိခြင်း၊ CCTV နဲ့ ဆက်စပ်ပစ္စည်းတွေ တပ်ဆင်ပြီး ၂၄ နာရီ တာဝန်ချထားကာ ပြည်သူလူထုရဲ့သတင်းပေးမှုတွေကို ချက်ချင်းလက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်။ မှုခင်းတွေ စစ်ဆေးစီရင်ရာမှာ သိပ္ပံနည်းကျ စစ်ဆေးဆောင်ရွက်နိုင်ဖို့အတွက် မှုခင်းဆိုင်ရာ DNA ဌာနအသစ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှာ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပြီး မှုခင်းကြိုတင်



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ

ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (မူကြမ်း)ရေးဆွဲပြီး ဖြစ်ပါတယ်။

*အချပ်ပို (ခ) သို့*

*အချပ်ပို(က)မှ*

နိုင်ငံတကာရဲတပ်ဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ပြောရမယ်ဆိုရင် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမှုခင်းများနှင့် လူမှောင်ခိုရွှေ့ပြောင်းသွားလာမှုခင်းများအပြင် အခြားမှုခင်းတွေကို အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (Interpol)၊ အာဆီယံရဲအဖွဲ့ (Aseanapol)၊ ဥရောပရဲအဖွဲ့ (Eurpol)၊ နိုင်ငံအလိုက်ရဲအဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ - ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာ-တရုတ် နယ်စပ်ဆက်ဆံရေးရုံး နှစ်ရုံး အသစ်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်စပ်ဆက်ဆံရေးရုံး (BLO) စုစုပေါင်း ၁၁ ရုံး ဖွင့်လှစ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

## ဘိန်းစိုက်ပျိုးမှုလျော့ကျ

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေကို နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ပြင်ဆင်နိုင်ရေးဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှာ ပြင်ဆင်တဲ့ဥပဒေကို ထုတ်ပြန်ခဲ့ပြီး မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းတွေကို ရေးဆွဲကာ ဘိန်းအပါအဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခြင်း၊ ဘိန်းစိုက်ခင်းတွေဖျက်ဆီးခြင်း၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးခြင်းနဲ့ သစ်တောစိုက်ပျိုး ထိန်းသိမ်းခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့လို့ ၂၀၁၈ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု ၉ ဒသမ ၁ ရာ ခိုင်နှုန်း လျော့ကျခဲ့ပါတယ်။

မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသောဆေးဝါးတွေ ရောင်းဝယ်/ပျံ့နှံ့မှုကို တားဆီးနှိမ်နင်းဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ စီမံချက် ၁၁ ကြိမ် ရေးဆွဲဆောင်ရွက်ခဲ့ရာ အမှုပေါင်း ၂၃၈၃ မှုနဲ့ တရားခံစုစုပေါင်း ၃၃၃၉ ဦးကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံသားတွေ ပြည်တွင်း/ပြည်ပ လူကုန်ကူးခံရမှုတွေကို ထိရောက်စွာ ကာကွယ်တားဆီးခဲ့ရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနဲ့ အမှုဖွင့်အရေးယူမှု ၅၁၀ ရှိပြီး တရားခံပေါင်း ၁၄၅၈ ဦးကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ကာ လူကုန်ကူးခံရသူပေါင်း ၈၈၉ ဦးကို ကယ်တင်နိုင်ခဲ့ပါတယ်။

## စုံစမ်းစစ်ဆေးမှုတွေပြုလုပ်

အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနအနေနဲ့လည်း စီးပွားရေးပြစ်မှုတွေနဲ့ ဝန်ထမ်းမသမာမှုတွေ စုံစမ်းဖော်ထုတ်အရေးယူရေး ဆောင်ရွက်လျက်ရှိရာမှာ ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ပေးအပ်တဲ့အမှုတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းပေးတဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေမှာ အဖွဲ့ဝင်အဖြစ်ပါဝင် စုံစမ်းစစ်ဆေးခဲ့တဲ့အမှုတွေနဲ့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က တာဝန်ပေးအပ်လာတဲ့ အမှုစုစုပေါင်း ၅၂၈ မှုကို စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီစုံစမ်းစစ်ဆေးမှုတွေထဲမှာ စီးပွားရေးဆိုင်ရာပြစ်မှု ၁၃၆ မှုနဲ့ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်တွေကို ဖောက်ဖျက်ကျူးလွန်တဲ့ ဝန်ထမ်းမသမာမှု ၁၅၉ မှုကို စုံစမ်းစစ်ဆေးနိုင်ခဲ့ပါတယ်။

အကျဉ်းဦးစီးဌာနအနေနဲ့ အကျဉ်းသား၊ အချုပ်သားတွေကို ဥပဒေနဲ့အညီ လုံခြုံစွာ ထိန်းသိမ်းဆောင်ရွက်ရတဲ့ ဌာနတစ်ခုဖြစ်ပါတယ်။ အကျဉ်းသား၊ အချုပ်သားတွေရဲ့ အကျင့်စာရိတ္တ ပြုပြင်ပြောင်းလဲရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာရပ်များ တတ်မြောက်သွားစေရေး၊ ပြစ်ဒဏ်ကာလစေ့၍ လွတ်မြောက်သွားတဲ့အခါ လူမှုအသိုက်အမြုံအတွင်း ဘဝရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုစေနိုင်မယ့် အစီအမံတွေကိုပါ ဦးတည်ဆောင်ရွက်ပေးနေတဲ့ ဌာနတစ်ခုအဖြစ် နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းတွေနဲ့အညီ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ အကျဉ်းသူ/အကျဉ်းသားတွေ အကျဉ်းထောင်များအတွင်း နေရာကျပ်တည်းမှုတွေ ဖြေလျှော့နိုင်ဖို့အတွက် အကျဉ်းထောင် နှစ်ခု၊ အချုပ်ထောင် နှစ်ခု ထပ်မံဆောက်လုပ်ပေးနိုင်ခဲ့ပြီး အကျဉ်းထောင် သုံးခုနဲ့ အချုပ်ထောင် တစ်ခု တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိပါတယ်။

## နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပူးပေါင်း

အကျဉ်းသားတွေရဲ့ စားစရိတ်အနေဖြင့် အကျဉ်းထောင်ရှိ အကျဉ်းသားတစ်ဦးကို တစ်နေ့ ၉၇၅ ကျပ်နှုန်း၊ စခန်းရှိ အကျဉ်းသား တစ်ဦးကို တစ်နေ့ ၁၀၀၀ ကျပ်နှုန်းနဲ့ နေ့စဉ်ကျွေးမွေးလျက်ရှိပါတယ်။ အကျဉ်းသားလွတ်သူ တစ်ဦးကို ခရီးစရိတ် တစ်မိုင် ၃၅ ကျပ်နှုန်းနဲ့ စားစရိတ်အဖြစ် တစ်ရက်ကို ၁၀၀၀ ကျပ်နှုန်း တိုးမြှင့်ထုတ်ပေးလျက်ရှိပါတယ်။ အင်းစိန်၊ မန္တလေး၊ သာယာဝတီ စတဲ့ ဗဟိုအကျဉ်းထောင် သုံးခုမှာ ခုတင် ၅၀ ဆံ့ ဆေးရုံတစ်ခုစီ၊ အင်းစိန်ဗဟို အကျဉ်းထောင်မှာ တီဘီလူနာကုသဆောင် ဆောက်လုပ်ပြီး အကျဉ်းသားလူနာတွေကို ကုသပေးလျက်ရှိပါတယ်။ အကျဉ်းထောင်/စခန်းတွေမှာရှိတဲ့ ဆေးရုံနဲ့ ဆေးပေးခန်းတွေမှာ ဌာနရှိဆရာဝန်တွေ၊ ကျန်းမာရေးမှူးတွေနဲ့ ကုသပေးလျက်ရှိပြီး ပြည်သူ့ဆေးရုံကြီးတွေရဲ့ အထူးကုဆရာဝန်ကြီးတွေကိုလည်း ဖိတ်ခေါ်ကုသပေးလျက်ရှိပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာပေးလုပ်ငန်းတွေကို ပြင်ပဆရာဝန်တွေ၊ အထူးကုဆရာဝန်တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အကျဉ်းသား၊ အကျဉ်းသူတွေကို အတန်းပညာ ဆက်လက်သင်ကြားပေးခြင်းအနေနဲ့ ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ၁၉ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာမှာ



မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ မင်းဘူးမြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည်ကို ကူညီဆောင်ရွက်ပေးနေစဉ်။

အကျဉ်းသား ၁၁ ဦး အောင်မြင်ခဲ့ပြီး တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး ပါရှိပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ၄၀ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာမှာ အကျဉ်းသား ၁၅ ဦး၊ အကျဉ်းသူ တစ်ဦး အောင်မြင်ခဲ့ပြီး သုံးဘာသာဂုဏ်ထူးရှင် တစ်ဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင် ငါးဦး ပါရှိပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ၁၀၄ ဦးဝင်ရောက် ဖြေဆိုခဲ့ရာမှာ အကျဉ်းသား ၄၃ ဦးနဲ့ အကျဉ်းသူ လေးဦး အောင်မြင်ခဲ့ပါတယ်။ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင် ၁၈ ဦး ထွက်ပေါ်ခဲ့ပြီး ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ၁၇၁ ဦး ဝင်ရောက်ဖြေဆိုထားပါတယ်။

အကျဉ်းသားတွေ အဝေးသင်တက္ကသိုလ် တက်ရောက်မှုအနေနဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ပထမနှစ်ကျောင်းသား တစ်ဦး၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ပထမနှစ်ကျောင်းသား ကိုးဦး၊ ဒုတိယနှစ် ကျောင်းသား သုံးဦး၊ တတိယနှစ်ကျောင်းသား တစ်ဦး၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ပထမနှစ်ကျောင်းသား ၁၅ ဦး၊ ဒုတိယနှစ်ကျောင်းသား ရှစ်ဦး၊ တတိယနှစ်ကျောင်းသား လေးဦး၊ စတုတ္ထနှစ်ကျောင်းသား တစ်ဦး ဖြေဆိုအောင်မြင်ခဲ့ပါတယ်။

## ကိုင်တွယ်ကျင့်သုံးလျက်ရှိ

မီးသတ်ဦးစီးဌာနအနေနဲ့ မီးဘေးလုံခြုံရေးနဲ့ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ကိုင်တွယ်ကျင့်သုံးလျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်ကစတင်ပြီး အထပ်မြင့်အဆောက်အအုံ စစ်ဆေးအကြံပြုခြင်းဆောင်ရွက်ပေးခဲ့ရာ (၃)နှစ်တာကာလအတွင်း အထပ်မြင့်အဆောက်အအုံ ၆၈၃၁ လုံးကို စစ်ဆေးအကြံပြုပေးနိုင်ခဲ့လို့ ဆောင်ရွက်ပေးမှုရငွေကျပ် ၁၃၁၄၄၅၅၁ ကို နိုင်ငံတော်ကို ပေးသွင်းနိုင်ခဲ့ပါတယ်။

## ဆက်စပ်ပစ္စည်းတွေဝယ်ယူ

ခေတ်မီပြီးစွမ်းအားပြည့်ဝတဲ့ တပ်ဖွဲ့ဖြစ်စေဖို့အတွက် ပိုလန်နိုင်ငံအစိုးရ နောက်ခံအခြေပြု ဥရောပသမဂ္ဂရဲ့တစ်စိတ်တစ်ပိုင်းကူညီထောက်ပံ့မှုချေးငွေ (Organization for Economic Cooperation and Development - OECD) မှ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ (Official Development Assistance - ODA) အစီအစဉ်နဲ့ ယူရိုသန်း ၅၀ ထောက်ပံ့ချေးငွေနဲ့ ခေတ်မီမီးငြိမ်းသတ်ရေးယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နဲ့ မီးသတ်အထောက်အကူပြုယာဉ် စုစုပေါင်း ၇၅ စီး အပါအဝင် စက်ကိရိယာတွေနဲ့ ဆက်စပ်ပစ္စည်းတွေ ဝယ်ယူခဲ့ပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေကို ပိုလန်နိုင်ငံ မီးသတ်တက္ကသိုလ်သို့ သွားရောက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ပြီး စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် သဘာဝဘေးအန္တရာယ်အပါအဝင် မတော်တဆဖြစ်စဉ်တွေမှာ ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိရာမှာ (၃)နှစ်တာ ကာလအတွင်း ရှာဖွေကယ်ဆယ်ရေးဖြစ်စဉ် ၄၉၈၅ ကြိမ်ရှိပြီး သေဆုံးသူ ၁၇၆၅ ဦး၊ ဒဏ်ရာရရှိသူ ၇၃၆၀ ဦး၊ ပျက်စီးခဲ့တဲ့ အိမ်ခြေ ၁၂၁၃၂၉ လုံးနဲ့ ဒုက္ခရောက်ရှိသူ ၃၀၃၇၆၃ ဦးကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ရည်မှန်းချက်တာဝန်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်သူများရဲ့အကျိုးကို ရှေးရှုပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ အလေးထားဆောင်ရွက်လျက်ရှိပါတယ်၊ ပြည်ထဲရေးဝန်ကြီးဌာနမှာရှိတဲ့ တပ်ဖွဲ့နဲ့ ဦးစီးဌာနတွေရဲ့ ဝန်ထမ်းတွေ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ပြည်တွင်း ပြည်ပ သင်တန်းတွေ၊ အစည်းအဝေးတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို စေလွှတ်တက်ရောက်လျက်ရှိပြီး ကျား/မ ခွဲခြားမှုမရှိဘဲ ရာထူးတာဝန်ပေးအပ် ဆောင်ရွက်လျက်ရှိပါတယ်။

## ရဲမှူးကြီး မျိုးသူစိုး
## မြန်မာနိုင်ငံရဲတပ်ဖွဲ့

နိုင်ငံတော်အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွေနဲ့အညီ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ ဒီမိုကရေစီရဲတပ်ဖွဲ့ရဲ့ အနှစ်သာရဖြစ်တဲ့ ပြည်သူကို ထိန်းချုပ်တဲ့ရဲလုပ်ငန်းကနေ ပြည်သူကိုဗဟိုပြုတဲ့ ပြည်သူ့အတွက်ရဲတပ်ဖွဲ့ရဲ့ဝန်ဆောင်မှုကို ရှေးရှုတဲ့ ရဲလုပ်ငန်းစဉ်တွေအဖြစ် ကူးပြောင်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ပထမရည်မှန်းချက်တာဝန်ဖြစ်တဲ့ ပြည်တွင်းလုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးအတွက် ပြည်သူလူထုအခြေပြုတဲ့ ရဲလုပ်ငန်းစနစ်ကို ကျင့်သုံးလျက်ရှိပြီး ပိုမိုထိရောက်မှုရှိစေဖို့အတွက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး နှစ်ရုံး၊ နယ်မြေရဲစခန်း ၁၇ ခု၊ ရဲကင်းစခန်း ခြောက်ခု၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ လေးခု တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။

## မြစ်ကြောင်းကင်းလှည့်ခြင်းတွေပူးပေါင်း

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်လုံခြုံရေးအတွက် နယ်ခြားစောင့်တပ်များအကြား ဗဟိုအဆင့်၊ ကွပ်ကဲရေးမှူးအဆင့်၊ တပ်ရင်းမှူးအဆင့်၊ တပ်ခွဲမှူးအဆင့် အလံတင်အစည်းအဝေးတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့ (BGP) နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်ခြားစောင့်တပ် (BGB) တို့အကြား နှစ်ဖက်ညှိနှိုင်းပြီး ခြေလျင်ကင်းလှည့်ခြင်းနဲ့ မြစ်ကြောင်းကင်းလှည့်ခြင်းတွေ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

တပ်ဖွဲ့အသီးသီးအနေနဲ့ ပုံမှန်လုံခြုံရေးတာဝန်များအပြင် သီးခြားလုံခြုံရေးတာဝန်တွေ ဆောင်ရွက်ရာမှာ ပိုမိုထိရောက်မှုရှိစေဖို့အတွက် တပ်ဖွဲ့များအားလုံးကို ခေတ်မီလက်နက်တွေ၊ ဆက်သွယ်ရေးကိရိယာတွေ၊ မော်တော်ယာဉ်၊ ရေယာဉ်နဲ့ အထောက်အကူပစ္စည်းတွေ တပ်ဆင်ပေးခဲ့ပါတယ်။

ဒုတိယရည်မှန်းချက်တာဝန်ဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်ပြီး နိုင်ငံသားတို့ရဲ့အခွင့်အရေးကို ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ ကာကွယ်စောင့်ရှောက်ပေးခြင်း၊ အသိပညာပေးခြင်းနဲ့ မှုခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

မှုခင်းတွေစစ်ဆေးစီရင်ရာမှာ တရားမျှတမှုရှိစေဖို့ တရားရုံးသက်သေခံတင်ပြရာမှာ တိကျမှန်ကန်တဲ့အထောက်ထားတွေ တင်ပြနိုင်ရေးအတွက် သိပ္ပံနည်းကျစစ်ဆေးဆောင်ရွက်မှုတွေကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးတွေ စစ်ဆေးရာမှာ စမ်းသပ်စစ်ဆေးမှုအရည်အသွေးတိုးမြှင့်အောင် ဆောင်ရွက်ခြင်းနဲ့ DNA Profile များဖော်ထုတ်နိုင်ရေးအတွက် မှုခင်းဆိုင်ရာ DNA ဌာနအသစ်တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်သူလူထုက တောင်းခံလာတဲ့ အကူအညီတွေကို လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့တွေမှာ အရေးပေါ်ဆက်သွယ်ခေါ်ဆိုနိုင်တဲ့ Command Center တွေ တည်ဆောက်ပြီး Hot Line များထားရှိခြင်း၊ Social Network Account များ ဖွင့်လှစ်ပေးထားရှိခြင်း၊ ၂၄ နာရီ စောင့်ကြည့်တဲ့ CCTV Network Control စနစ် တပ်ဆင်ခြင်းတွေနဲ့ ပြည်သူလူထုလုံခြုံရေး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနဲ့ တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ***အချပ်ပို (ဂ) သို့***



မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ





**ဦးခိုင်ထွန်းဦး**
**ခေတ္တအမြဲတမ်းအတွင်းဝန်**



**ရဲမှူးကြီး မျိုးသူစိုး**
**မြန်မာနိုင်ငံ ရဲတပ်ဖွဲ့**



**ဦးအောင်မျိုး၊ ညွှန်ကြားရေးမှူး**
**အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန**



**ဦးကျော်နိုင်၊ ညွှန်ကြားရေးမှူး**
**မီးသတ်ဦးစီးဌာန**



**ဦးမင်းထွန်းစိုး၊ ဦးစီးအရာရှိ (ပထမတန်း)**
**အကျဉ်းဦးစီးဌာန**

*အချပ်ပို (ခ) မှ*

### သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်း

ဆက်လက်ပြီး တတိယရည်မှန်းချက်တာဝန်ဖြစ်တဲ့ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ပြင်ဆင်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၆)ဖြင့် ပြင်ဆင်တဲ့ ဥပဒေကိုထုတ်ပြန်နိုင်ခဲ့ပါတယ်။ တားဆီးနှိမ်နင်းရေးကို ဦးစားပေးတဲ့ချဉ်းကပ်မှုပုံစံကနေ ပြည်သူ့ကျန်းမာရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးတဲ့ ချဉ်းကပ်မှုပုံစံသို့ ပြောင်းလဲပြီး ဟန်ချက်ညီဘက်ပေါင်းစုံပါဝင်တဲ့ မူဝါဒတွေကို ပြင်ဆင်ရေးဆွဲကာ နိုင်ငံတကာနဲ့ အရှိန်အဟုန်မြှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

စတုတ္ထရည်မှန်းချက်တာဝန်ဖြစ်တဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ရဲတပ်ဖွဲ့ဝင်များဟာ ရေရှားပါးတဲ့ဒေသတွေမှာ သောက်သုံးရေလှူဒါန်းခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်တဲ့ဒေသတွေမှာ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခြင်း အပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ရည်မှန်းချက်တာဝန်တွေအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တပ်ဖွဲ့ဝင်တွေရဲ့ စွမ်းရည်မြင့်မားတိုးတက်လာစေဖို့အတွက် အဆင့်အလိုက် တက်ရောက်ရမယ့် သင်တန်းတွေကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိတဲ့အပြင် တပ်ဖွဲ့ဝင်အသစ်တွေကိုလည်း လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါတယ်။

### ရဲတပ်ဖွဲ့ရဲ့ အင်အားအသုံးပြုခြင်းဆိုင်ရာ

ရဲလုပ်ငန်းများ ဆောင်ရွက်ရာမှာ နိုင်ငံတကာစံနှုန်းတွေ၊ ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့အညီ အချိုးအစားညီမျှမှု (Proportionality)၊ ဥပဒေနှင့် ညီညွတ်မှု (Legality)၊ တာဝန်ခံမှု (Accountability)၊ လိုအပ်ချက်ရှိမှု (Necessity) စတဲ့ ရဲတပ်ဖွဲ့ရဲ့ အင်အားအသုံးပြုခြင်းဆိုင်ရာ (Use of Force) စံနှုန်းတွေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တိုင်း သိရှိနားလည်သဘောပေါက်ပြီး အကြီးအကဲအဆင့်ဆင့်ရဲ့ ကြပ်မတ်မှုနဲ့ လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။

**ဦးအောင်မျိုး**
**ညွှန်ကြားရေးမှူး၊**
**အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန**

စီးပွားရေးဆိုင်ရာပြစ်မှုများ စုံစမ်းဖော်ထုတ်အရေးယူရေး၊ ဝန်ထမ်းမသမာမှုများ စုံစမ်းဖော်ထုတ်အရေးယူရေး၊ နိုင်ငံတော်လုံခြုံရေးသတင်းများစုဆောင်းတင်ပြရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးစတဲ့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရဲ့ ရည်မှန်းချက်တာဝန်တွေ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာစိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဥပဒေအကြံပေးခြင်း၊ တရားစွဲတင်ပို့ခြင်းနှင့် တရားရုံးအမှုလိုက်ပါခြင်း၊ သတင်းများ စုဆောင်းတင်ပြခြင်း လုံခြုံရေးပူးပေါင်းဆောင်ရွက်ခြင်းစတဲ့ အဓိကလုပ်ငန်းတွေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

### အမှု ၂၂၈မှုတို့ကို စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေနဲ့ ဝန်ကြီးဌာနက တာဝန်ပေးအပ်လာတဲ့ အမှုပေါင်း ၁၉၄ မှု၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့မှ စုံစမ်း စစ်ဆေးရေးအဖွဲ့နဲ့ ဖွဲ့စည်းစုံစမ်းစစ်ဆေးတဲ့ အမှုတွေမှာ အဖွဲ့ဝင်အဖြစ် ပါဝင်စုံစမ်းစစ်ဆေးခဲ့တဲ့ အမှု ၁၀၆ မှုနဲ့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ တာဝန်ပေးအပ်လာတဲ့ အမှု ၂၂၈မှုတို့ကို စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

စီးပွားရေးဆိုင်ရာပြစ်မှုဆိုတာ နိုင်ငံတော်ရဲ့ စီးပွားရေးဆိုင်ရာ မူဝါဒတွေကိုလည်းကောင်း၊ တစ်ဦးတစ်ယောက် သို့မဟုတ် လူအများ သို့မဟုတ် အဖွဲ့အစည်းရဲ့ ပစ္စည်းပိုင်ဆိုင်မှုကိုလည်းကောင်း ဥပဒေအရ အကာအကွယ်ပေးထားရာမှာ ပြဋ္ဌာန်းချက်ကို ချိုးဖောက် ကျူးလွန်တဲ့ ပြစ်မှုမျိုးဖြစ်ပါတယ်။

### စီးပွားရေးဆိုင်ရာပြစ်မှု ၁၃၆ မှုကို သုံးနှစ်တာ စုံစမ်းစစ်ဆေးခဲ့

စီးပွားရေးဆိုင်ရာ ပြစ်မှုတွေမှာ အကျုံးဝင်တဲ့ ကုန်ပစ္စည်းများ တရားမဝင်တင်ပို့မှုနဲ့ တင်သွင်းမှုတွေ၊ အင်တာနက်ကို အသုံးပြုပြီး Online ဝန်ဆောင်မှုလုပ်ငန်းများကို ဗန်းပြကာ ငွေကြေးလိမ်လည်ရယူမှုတွေ၊ ပြည်ပသို့ တရားမဝင်တင်ပို့ရောင်းချမှုတွေ၊ ဆေးဝါးတွေနဲ့ လူသုံးကုန်ပစ္စည်းတွေကို တုပထုတ်လုပ် ဖြန့်ဖြူးမှုတွေ၊ ဆင့်ပွားကွန်ရက် စနစ်နဲ့ ကုန်ပစ္စည်းရောင်းချမှုတွေ (Multi Level Marketing - MLM )၊ ငွေကြေးလုပ်ငန်း ခွင့်ပြုချက်လိုင်စင်မရှိဘဲ ငွေကြေးလုပ်ငန်းဆောင်ရွက်မှုတွေ၊ လိုင်စင်ရှိသော်လည်း သတ်မှတ်ထားတဲ့ စည်းကမ်းချက်များ လိုက်နာမှုမရှိခြင်းတွေ၊ ငွေကြေးလိမ်လည်ရယူမှုတွေစတဲ့ စီးပွားရေးဆိုင်ရာပြစ်မှု ၁၃၆ မှုကို သုံးနှစ်တာ စုံစမ်းစစ်ဆေးခဲ့ပါတယ်။

### ဖြစ်ရပ်မှန် ပေါ်ပေါက်အောင် စုံစမ်းဖော်ထုတ်

ဝန်ထမ်းမသမာမှုဆိုတာ နိုင်ငံ့ဝန်ထမ်းတွေက လုပ်ပိုင်ခွင့်နဲ့ အာဏာကို အလွဲသုံးစားပြုပြီး ထုတ်ပြန်ထားတဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်တွေကို ဖောက်ဖျက်ကျူးလွန်တဲ့ ပြစ်မှုဖြစ်ပါတယ်။ အချို့သော နိုင်ငံ့ဝန်ထမ်းတွေ အနေနဲ့ သတ်မှတ်ထားတဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့ အမိန့်ညွှန်ကြားချက်တွေကို ဖောက်ဖျောက်ပြီး လယ်ယာမြေလုပ်ကိုင်မှုကို အကြောင်းပြုကာ မြေကွက်တွေကိုတရားမဝင်ရောင်းစားခြင်း၊ လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ်ကို မသမာတဲ့ နည်းများနဲ့ အမျိုးမျိုးပြုလုပ်ဆောင်ရွက်ခြင်းတွေကြောင့် ဖြစ်ပေါ်လာတဲ့ ပိုင်ဆိုင်မှု၊ အငြင်းပွားမှုများစတဲ့ ဝန်ထမ်းအဖြစ် မရိုးမဖြောင့်သောသဘောနဲ့ အစိုးရဌာနဆိုင်ရာ စာရွက်စာတမ်းတွေကို တုပပြုလုပ်ပြီး ကိုယ်ကျိုးရှာမှုစတဲ့ ဝန်ထမ်းမသမာမှုတွေကို ဖြစ်ရပ်မှန်ပေါ်ပေါက်အောင် စုံစမ်းဖော်ထုတ်ပြီး တာဝန်ရှိသူတွေကို ပြစ်မှုကြောင်းအရလည်းကောင်း၊ ဌာနဆိုင်ရာ အရလည်းကောင်း၊ အရေးယူခြင်း၊ ပြစ်မှုကျူးလွန်ရာမှာ အကျုံးဝင်တဲ့ ငွေကြေးနဲ့ ပစ္စည်းတွေ သိမ်းဆည်းပြီး ဆုံးရှုံးသွားတဲ့ ပြည်သူ့ဘဏ္ဍာတွေ ပြန်လည်ရရှိအောင် ဆောင်ရွက်ခဲ့ပြီး ဖြစ်ရပ်သည် မည်သည့်အကြောင်းကြောင့်ဖြစ်ရသည်၊ မည်သူ့တွင်တာဝန်ရှိသည်၊ မည်သို့ပြုပြင်သင့်သည်တို့ကိုပါ ဖော်ထုတ်ပြီး နောင်အလားတူဖြစ်ရပ်မျိုး မပေါ်ပေါက်စေရေးအတွက် စီမံခန့်ခွဲရေးအပိုင်းမှ ကြိုတင်တားဆီးကာကွယ်နိုင်ဖို့ သက်ဆိုင်ရာဌာနများသို့ အသိပေးအကြောင်းကြားခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဝန်ထမ်းမသမာမှု စုစုပေါင်း ၁၅၉ မှုကို သုံးနှစ်တာကာလအတွင်း စုံစမ်းစစ်ဆေးနိုင်ခဲ့ပါတယ်။

### ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်

ဌာနအနေနဲ့ တရားစွဲတင်ပို့နိုင်ခဲ့တဲ့ အမှုများအနက် မြန်မာငွေကျပ်သန်း ၃၈၄၇ ဒသမ ၁၉ (၃ ဒသမ ၈၄၇ ဘီလီယံ)၊ အမေရိကန်ဒေါ်လာ ၆၄၀၆၂၀၊ ယူရိုငွေ ၃၃၀၀၀၊ ဂျပန်ယန်း ၅၂၆၁၀၀၀၊ မလေးရှားရင်းဂစ် ၂၈၅၀၅၊ တရုတ်ယွမ် ၃၃၁၉၃၊ ပေါင်စတာလင် ၆၁၀၊ ထိုင်ဝမ်ဒေါ်လာ ၅၀၇၀၀၊ ကိုရီးယားဝမ် ၁၀၀၁၀၀၀၊ ဟောင်ကောင် ဒေါ်လာ ၁၇၁၀၀၊ အိန္ဒိယရူပီး ၂၉၀၀၊ စင်ကာပူဒေါ်လာ ၄၀၀ တို့ကို တရားရုံးမှအမိန့်ချမှတ်ပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ပါတယ်။ သုံးနှစ်တာကာလအတွင်း စုံစမ်းစစ်ဆေးခဲ့တဲ့ အမှုတွေမှာ ငွေကျပ် သန်းပေါင်း ၅၃၆၂၂၈ ဒသမ ၉၃၃ ( ၅၃၆ ဒသမ ၂၂၈ ဘီလီယံ) နဲ့ အမေရိကန်ဒေါ်လာ ၁၈၅၆၉၄၅ ဒသမ ၃၀ (တစ်ဆယ့်ရှစ်သန်းကျော်) အပေါ် အခွန်စည်းကြပ်ဖို့ စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနကို အကြောင်းကြားနိုင်ခဲ့ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနအနေနဲ့ မူးယစ်ဆေးဝါးအမှုတွေ၊ လူကုန်ကူးမှုတွေ၊ ပို့ကုန်နဲ့ သွင်းကုန်အမှုတွေ၊ လက်နက်မှု၊ အကြမ်းဖက်မှုတွေ၊ ပုဂ္ဂလိကဘဏ်တွေရဲ့ မတည်ငွေရင်း တိုးမြှင့်ထည့်ဝင်မှုတွေ၊ ကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေအပေါ် ဝင်ငွေရလမ်းတင်ပြမှုတွေနဲ့ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုတွေစတဲ့ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အကျုံးဝင်တဲ့အမှုတွေကို စုံစမ်းစစ်ဆေးခဲ့ရာ သုံးနှစ်တာကာလအတွင်း သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှု ၂၂၈ မှုကို စိစစ်စုံစမ်းစစ်ဆေးခဲ့ပြီး တရားရုံး ပြစ်ဒဏ်ချမှတ်ပြီးအမှုများမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့တဲ့ အိမ်၊ ခြံ၊ မြေ၊ ယာဉ်နဲ့ အဖိုးတန်သက်သေခံပစ္စည်းတွေရဲ့ ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၈၆၄ ဒသမ ၀၄၄ အပါအဝင် စိစစ်ရေးအဖွဲ့တွေရဲ့ စိစစ်တွေ့ရှိချက်အရ ယာယီသိမ်းဆည်းထားတဲ့ အိမ်၊ ခြံ၊ မြေ၊ ယာဉ်နဲ့ အဖိုးတန်သက်သေခံပစ္စည်းတွေရဲ့ ခန့်မှန်းတန်ဖိုး မြန်မာငွေကျပ်သန်း ၃၃၄၄၁ ဒသမ ၇၂၈၇ (၃၃ ဒသမ ၄၄ ဘီလီယံ)၊ အမေရိကန်ဒေါ်လာ (၇၀၀ ဒသမ ၇၂)၊ စင်ကာပူဒေါ်လာ ၂၂၅၀ ဖြစ်ပါတယ်။

*အချပ်ပို (ဃ) သို့*



၂၀၁၈ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီး ထိန်ပင်အမှိုက်ပုံ မီးလောင်နေမှုကို မီးသတ်တပ်ဖွဲ့ဝင်များ ငြိမ်းသတ်နေစဉ်။

*အချပ်ပို (ဂ) မှ*

ကိုယ်ရေးနောက်ကြောင်း စိစစ်ရန် လက်ခံရရှိလာတဲ့ နိုင်ငံ့ဝန်ထမ်းအကြီးအကဲ ရာထူးမှာ ခန့်အပ်မယ့်ပုဂ္ဂိုလ် ၁၉၈ ဦး၊ ပြည်ပသို့ ထွက်ခွာမည့် နိုင်ငံ့ဝန်ထမ်း (ပညာသင်) ၅၃၈၇ ဦး၊ အရေးကြီးတဲ့ အစိုးရဌာန အဖွဲ့အစည်းတွေမှာ ဝန်ထမ်းအဖြစ် ခန့်ထားမယ့် ပုဂ္ဂိုလ် ၁၂၈၆ ဦး၊ နိုင်ငံရေးပါတီ/ လွှတ်တော်ကိုယ်စားလှယ် ၁၀၁၇ ဦး၊ မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသူ ၂၆၉၇၀၂၉ ဦး၊ ပြည်ဝင်/ ပြည်ထွက် ဗီဇာလျှောက်ထားသူ ၁၅၇ ဦး၊ ဘွဲ့ထူး/ဂုဏ်ထူး အပ်နှင်းခြင်းခံရသူ ၄၀၀၂ ဦး၊ ကုမ္ပဏီ ဖွဲ့စည်း / သက်တမ်းတိုး/ အမည်ပြောင်းခြင်း ၁၃၂၈ ခုအတွက် ၄၀၁၇ ဦး၊ စုစုပေါင်း ကုမ္ပဏီ ၁၃၂၈ ခုနဲ့ လူပုဂ္ဂိုလ် ၂၇၁၃၀၉၃ ဦး တို့ကို မြေပေါ်မြေအောက် ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေနဲ့ ဆက်နွယ်မှု ရှိ/ မရှိ၊ မတရားအသင်းတွေနဲ့ ဆက်သွယ်ဆက်ဆံမှု ရှိ/မရှိ၊ တရားမဝင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းနဲ့ အခွန်ထမ်းဆောင်မှု ရှိ/မရှိ၊ ပြစ်မှုပြစ်ဒဏ်ကျခံရခြင်း ရှိ/မရှိ တို့ကို စိစစ်ပြီး လုပ်ငန်းနဲ့ လူပုဂ္ဂိုလ် လုံခြုံရေးအတွက် အထောက်အကူပြု ဆောင်ရွက်နိုင်ခဲ့ပါတယ်။

### ကော်မရှင်၏ စုံစမ်းစစ်ဆေးခြင်း လုပ်ငန်း

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းတွေကို ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ မပြဋ္ဌာန်းမီက အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက စုံစမ်းစစ်ဆေး ဆောင်ရွက်ခဲ့ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းပြီးနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးကာ စစ်ဆေးပေါ်ပေါက်ချက်များအရ တရားစွဲတင်ပို့အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပြီး ကော်မရှင်၏ စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းတွေမှာ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

MLM စနစ်ဖြင့် ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းတွေအပေါ် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနက ဦးဆောင်စိစစ်ဆောင်ရွက်ခဲ့ပြီး တည်ဆဲဥပဒေများကို ဖောက်ဖျက်တဲ့ကုမ္ပဏီနဲ့ လူပုဂ္ဂိုလ်တွေကို နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက်နဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက တရားစွဲဆို အရေးယူခဲ့ပါတယ်။

### နိုင်ငံပိုင် သတင်းစာတွေမှတစ်ဆင့် ရေးသားဖော်ပြ

အလားတူ တရားမဝင်ငွေကြေးလုပ်ငန်း (Cryptocurrency) တွေကို လေ့လာစုံစမ်းပြီးတွေ့ရှိချက်တွေကို အထက်အကြီးအကဲများထံ တင်ပြခြင်း၊ ပြည်သူလူထုသိရှိရန် နိုင်ငံပိုင် သတင်းစာတွေမှတစ်ဆင့် သတင်းဆောင်းပါး ရေးသား ဖော်ပြခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနရဲ့ Website ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှာ www.bsi.gov.mm အမည်နဲ့ စတင်ဖွင့်လှစ် လွှင့်တင်ခဲ့ပါတယ်။ BSI Myanmar Facebook Page နဲ့ BSI Myanmar YouTube Channel တွေကို ဖွင့်လှစ်ထားရှိပြီး Website နဲ့ Facebook၊ YouTube တွေမှာ ပြည်သူများ သိရှိနိုင်ဖို့ အသိပညာပေးဆောင်ရွက်ရမယ့် ကိစ္စရပ်တွေကို ဌာန Media Team ရဲ့ကြီးကြပ်မှုနဲ့ အသိပညာပေး ဆောင်ရွက်လျက် ရှိပါတယ်။

**ဦးမင်းထွန်းစိုး**
**ဦးစီးအရာရှိ(ပထမတန်း)**
**အကျဉ်းဦးစီးဌာန**

အကျဉ်းဦးစီးဌာနအနေနဲ့ အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံရတဲ့ အကျဉ်းသားတွေနဲ့ အချုပ်သားတွေကို ဥပဒေနဲ့အညီ လုံခြုံစွာ ထိန်းသိမ်းဆောင်ရွက်ရတဲ့ဌာန တစ်ခုဖြစ်ပြီး တစ်ဖက်မှာလည်း ပြစ်ဒဏ်ကျ အကျဉ်းသားတွေရဲ့ အကျင့်စာရိတ္တပြုပြင် ပြောင်းလဲရေး၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာများ တတ်မြောက်သွားစေရေးစတာတွေအပြင် ပြစ်ဒဏ်ကာလစေ့လို့ လွတ်မြောက်သွားတဲ့အခါ လူမှုအသိုက်အဝန်းအတွင်း ဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် အထောက်အကူပြုတဲ့ အစီအမံတွေကို ဦးတည်ဆောင်ရွက်ပေးနေရတဲ့ ဌာနတစ်ခုဖြစ်ပါတယ်။



အကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။

### တိုးမြှင့်ဖြေလျှော့ဆောင်ရွက်ပေး

အကျဉ်းဦးစီးဌာနအနေနဲ့ အကျဉ်းသား၊ အချုပ်သားတွေရဲ့ ထောင်ဝင်စာ ညှိသည်တွေ့ဆုံခြင်းနှင့်ပတ်သက်လို့ ဖြေလျှော့တာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အရင်က အကျဉ်းသားတွေ ထောင်ဝင်စာညှိသည်တွေ့ဆုံခြင်းကို နှစ်ပတ်လျှင် တစ်ကြိမ်၊ အချုပ်သားတွေကို တစ်ပတ်လျှင် တစ်ကြိမ် ခွင့်ပြုပေးခဲ့ရာမှ အခုအခါ အကျဉ်းသား၊ အချုပ်သား ခွဲခြားထားမှုမရှိတော့ဘဲ ညှိတွေ့ခြင်းကို တစ်ပတ်လျှင် တစ်ကြိမ်၊ တစ်လလျှင် လေးကြိမ် တွေ့ဆုံနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ ညှိတွေ့ချိန်ကိုလည်း ညှိတွေ့ဦးရေ၊ ညှိတွေ့နေရာထိုင်ခင်းအပေါ် မူတည်ပြီး မိနစ် ၂၀ ကနေ ၂၅ မိနစ်အထိ တိုးမြှင့်ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါတယ်။

ဌာနရဲ့လုပ်ငန်းဆောင်တာတွေ ပိုမိုတိုးတက်ကောင်းမွန်လာစေဖို့ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ၊ နိုင်ငံတကာ သတ်မှတ်စံနှုန်းတွေနဲ့ ဆောင်ရွက်ခဲ့ပြီး အကြောင်းအမျိုးမျိုးနဲ့ ပြစ်ဒဏ်ကျလာတဲ့ အကျဉ်းသားတွေကို "အ" သုံး လုံး သင်ကြားပေးရေး၊ ဘာသာရေးနည်းလမ်းနဲ့ ဆောင်ရွက်ပေးရေး၊ အသက်မွေးဝမ်းကျောင်းပညာများသင်ကြားပေးရေး၊ အတန်းပညာဆက်လက်သင်ကြားပေးရေး၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးရေး၊ ကျန်းမာရေးပညာပေး ဟောပြောပွဲတွေ ပြုလုပ်ပေးရေးစတဲ့ အချက်တွေနဲ့ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ခဲ့ပါတယ်။ ထူးခြားစွာ တိုးတက်ဆောင်ရွက်နိုင်ခဲ့တဲ့ အချက်ကတော့ အတန်းပညာတစ်ပိုင်းတစ်စနဲ့ ပြစ်ဒဏ်ကျခံရတဲ့ အကျဉ်းသား၊ အကျဉ်းသူတွေကို အတန်းပညာ ဆက်လက်သင်ကြားပေးတဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်။ အကျဉ်းထောင်အတွင်း အတန်းပညာဆက်လက်သင်ကြားပေးရုံသာမက အကျဉ်းထောင်အတွင်းကနေ အတန်းတင်စာမေးပွဲ ဖြေဆိုနိုင်ရေးအတွက် နိုင်ငံတော်အစိုးရရဲ့လမ်းညွှန်မှုနဲ့အတူ သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာများနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ထို့အတူ တက္ကသိုလ်ဝင်တန်းဝင်ရောက်ဖြေဆိုမှုသာမက အဝေးသင်တက္ကသိုလ်ပညာရေး ဆက်လက်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်စီမံနိုင်ခဲ့ပါတယ်။

**ဦးကျော်နိုင်**
**ညွှန်ကြားရေးမှူး**
**မီးသတ်ဦးစီးဌာန**

မီးသတ်ဦးစီးဌာနအနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ မူဝါဒနဲ့ လုပ်ငန်းလမ်းညွှန်မှုတွေ ခံယူပြီး ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ် ပစ္စည်းတွေနဲ့ နိုင်ငံတော်အတွင်းမှာရှိတဲ့ ကုန်ထုတ်အရင်းအနှီးတွေကို မီးဘေးအန္တရာယ်က တားဆီးကာကွယ်ရေးနဲ့ သဘာဝဘေးအန္တရာယ် အပါအဝင် အခြားသော ဘေးအန္တရာယ်တွေ ကျရောက်လာတဲ့အခါ အရေးပေါ် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။

### မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေကို ခေတ်စနစ်နဲ့အညီ ပြဋ္ဌာန်းနိုင်

မီးဘေးသတိမူရေးအသိပညာတွေ စိမ့်ဝင်ပျံ့နှံ့စေဖို့အတွက် မီးသတ်သုတေသနနဲ့ မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာနကို ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပြည်လမ်းမှာ ဖွင့်လှစ်ထားပြီး မီးဘေးလုံခြုံရေးလုပ်ငန်းတွေကို မီးသတ်တပ်ဖွဲ့ဝင်များ တာဝန်ယူဆောင်ရွက်နိုင်ရန်၊ မီးဘေးလုံခြုံရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်နဲ့ ပြည်သူများအတွင်း မီးသတ်ပညာရပ်များ စိမ့်ဝင်ပျံ့နှံ့စေရန်အတွက် မီးဘေးလုံခြုံရေး တာဝန်ခံ (Fire Safety Manager) သင်တန်းကို လစဉ်ပို့ချပေးလျက်ရှိပါတယ်၊ ပြည်သူများ မီးဘေးလုံခြုံမှုရှိစေရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေကို ခေတ်စနစ်နဲ့အညီ ပြဋ္ဌာန်းနိုင်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ ဥပဒေ/နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ အတည်ပြုပြဋ္ဌာန်း ထားရှိပြီးဖြစ်ပါတယ်။

မီးသတ်ဦးစီးဌာနအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်တော်ကြီးပဲလေ့စ် ဟိုတယ်မီးလောင်မှု၊ လှိုင်သာယာမြို့နယ်အတွင်း အကျယ်အဝန်း ဧက ၁၅၀ခန့်ရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်မှု၊ လှိုင်သာယာမြို့နယ်အတွင်း AA Electronic ပစ္စည်း သိုလှောင်ရုံမီးလောင်မှု ကဲ့သို့သော မီးလောင်မှုကြီးတွေကို စွမ်းစွမ်းတမံမီးငြိမ်းသတ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တို့မှာ ဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှု အပါအဝင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင် တမံကျိုးပေါက်မှုမှာလည်း ကူညီဆောင်ရွက်နိုင်ခဲ့ပါတယ်။

မီးသတ်ဦးစီးဌာနရဲ့ ဖွဲ့စည်းပုံကို တိုးချဲ့ခြင်း၊ ကန့်ဘလူခရိုင်ရုံး ခရိုင်စခန်း တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း၊ မီးသတ်စခန်းများ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ တိုးမြှင့်ခန့်ထားနိုင်ခြင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းနိုင်ခြင်း စတာတွေကြောင့် ပြည်သူလူထုအတွင်းမီးဘေး အသိပညာပေးရေးလုပ်ငန်းတွေ၊ မီးဘေးလုံခြုံရေး လုပ်ငန်းတွေ၊ မီးသတ်စခန်းများ ဖွင့်လှစ်နိုင်ခြင်း မရှိသေးတဲ့ ဒေသများမီးဘေးလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေးနဲ့ လူမှုရေးဆိုင်ရာတွေစသဖြင့် ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တဲ့လုပ်ငန်းတွေမှာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

### သင်တန်းတွေ ဖွင့်လှစ်ပို့ချပေးနိုင်

မီးသတ်တပ်ဖွဲ့ဝင်တွေ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေးအတွက် ပြည်ပနိုင်ငံများသို့ မီးဘေးနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သင်တန်းတွေ စေလွှတ်ပေးခြင်း၊ အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွေ တက်ရောက်စေခြင်းများအပြင် ပြင်သစ်၊ ဂျပန်၊ ကိုရီးယားနဲ့ ဂျာမနီနိုင်ငံတွေက နည်းပြတွေကို ဖိတ်ခေါ်ပြီး သင်တန်းတွေ ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါတယ်။ ဌာနတွင်း ဖွင့်လှစ်တဲ့ သင်တန်းတွေအပြင် စီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာတွေ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ နည်းပညာရပ်တွေ၊ ဘာသာရပ်ဆိုင်ရာ နည်းပညာရပ်တွေ၊ သတင်းအချက်အလက်နဲ့ နည်းပညာဆိုင်ရာသင်တန်းတွေကို တက်ရောက်စေလျက်ရှိပါတယ်။

### အရေးပေါ်အခြေအနေတွေကို ထိရောက်စွာ ဆောင်ရွက်နိုင်

နိုင်ငံအတွင်း တိုးတက်လာတဲ့ လူဦးရေ၊ ပြောင်းလဲလာတဲ့နိုင်ငံရေးအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်လာတဲ့ စီးပွားရေးအခြေအနေတွေကြောင့် နိုင်ငံ့အကျိုးစီးပွားကို မီးဘေးအန္တရာယ်မှ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မီးသတ်ဦးစီးဌာနကို ခေတ်မီရှာဖွေရေးနဲ့ ကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်း ကိရိယာတွေ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်၊ နိုင်ငံတကာ မီးသတ်တပ်ဖွဲ့တွေနည်းတူ မီးဘေးအန္တရာယ်နဲ့ သဘာဝဘေးအန္တရာယ်ကို လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခြင်း၊ အထပ်မြင့်အဆောက်အအုံများ မီးလောင်မှုတွင် မီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ခြင်း၊ ငလျင်ဘေးကျရောက်သည့်အခါမှာ အသုံးပြုနိုင်ရေးကြိုတင်စီမံထားရှိခြင်း၊ ဓာတုဗေဒ၊ ရေဒီယို သတ္တုကြွ၊ နျူကလီးယားနှင့် ဘေးအန္တရာယ်များစတဲ့ အရေးပေါ်အခြေအနေတွေကို ထိရောက်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

### တိုက်ရိုက်ကြည့်ရှု ကွပ်ကဲနိုင်

ရန်ကုန်မြို့က မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်မှာ Command & Control Center မှာ စနစ် (၄) မျိုးဖြစ်တဲ့ မီးလောင်ပြင်စီမံခန့်ခွဲမှုစနစ်(Fire Services Operation Management System-FSOMS)၊ မီးသတ်ယာဉ်များ ထွက်ခွာမှုစနစ် (Vehicle Tracking System)၊ စောင့်ကြည့်မျှော်စင်စနစ် (e-Watching Tower System)၊ မီးလောင်ပြင်တိုက်ရိုက်ကွပ်ကဲမှုစနစ်(3G Camera System) များကိုတပ်ဆင်ထားရှိရာ ရန်ကုန်တိုင်းဒေသကြီးရဲ့ မီးဘေးလုံခြုံရေးကို ဆောင်ရွက်နိုင်ခဲ့သလို အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ မီးဘေးအန္တရာယ်နဲ့ ဘေးအန္တရာယ်ဖြစ်စဉ်များ ဖြစ်ပွားပါက အချိန်နဲ့တစ်ပြေးညီ တိုက်ရိုက်ကြည့်ရှုကွပ်ကဲနိုင်ခဲ့လို့ ပျက်စီးဆုံးရှုံးမှုအနည်းဆုံးနဲ့ ကာကွယ်စောင့်ရှောက် နိုင်ခဲ့ပါတယ်။

မီးသတ်ဦးစီးဌာနရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေဖြစ်တဲ့ ပြည်သူအတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကူညီဆောင်ရွက်ပေးခြင်း၊ ဆေးရုံ၊ စာသင်ကျောင်းနဲ့ ရပ်ရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ လိုအပ်တဲ့ကူညီစောင့်ရှောက်မှု လုပ်ငန်းတွေကို ပြည်သူနဲ့အတူ ပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့လို့ မီးသတ်ဦးစီးဌာနကို ပြည်သူတွေရဲ့ယုံကြည်ကိုးစားမှုပိုမိုရရှိစေခဲ့ပါတယ်။ ။



မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးတပ်ဖွဲ့ဝင်များ သင်တန်းကျောင်း၌ လေ့ကျင့်နေစဉ်။

# စိုက်ပျိုးရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းလုပ်ငန်း များစွာဖြင့် နိုင်ငံနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းနေသည့် ဧရာဝတီတိုင်းဒေသကြီး

*သတင်းဆောင်းပါး - သီသီမင်း၊ ဓာတ်ပုံစုစည်း - အေးသန်း*

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ကဏ္ဍစုံမှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ တတိယ (၁)နှစ်တာ ကာလအတွင်း အောင်မြင်မှုများနှင့်အတူ စိန်ခေါ်မှု များစွာကို ရင်ဆိုင်ဖြေရှင်းရင်း ရှေ့ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို စီမံကိန်းများ စနစ်တကျရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စီမံကိန်းကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဆည်မြောင်းကဏ္ဍ၊ ငါးလုပ်ငန်းကဏ္ဍ၊ မွေးမြူရေးနှင့် ကုသရေးကဏ္ဍ၊ မြို့ပြ/ကျေးလက် လမ်းနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စည်ပင်သာယာရေးကဏ္ဍ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ သဘာဝဘေးကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ စသည်တို့ကို စနစ်တကျ ကဏ္ဍများခွဲကာ ဆောင်ရွက်လျက်ရှိသည်။

**ရင်းနှီးမြှုပ်နှံမှုကဏ္ဍ**

ဧရာဝတီတိုင်းဒေသကြီးအတွင်း တတိယ (၁)နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄ ခု၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၂၆ ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၃၈၇ သန်း၊ မြန်မာကျပ်ငွေသန်းပေါင်း ၄၉၈၉၃၅ ဒသမ ၇၆ သန်းရှိပြီး အလုပ်အကိုင်အခွင့်အလမ်းနေရာ ၁၀၇၈၈ နေရာ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

“လက်ရှိကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး အနောက်ဘက် ကမ်းရိုးတန်းဒေသကို နိုင်ငံတကာနဲ့ တိုက်ရိုက်ဆက်သွယ်နိုင်တဲ့ အပြည်ပြည်ဆိုင်ရာ ပင်လယ်ကူး ဆိပ်ကမ်းမြို့ကြီးအဖြစ် ဆောင်ရွက်နိုင်ဖို့ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ပြောသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေစူးမီတာ ၂၀ အထိနက်ပြီး ပင်လယ်ကူး သင်္ဘောများ ဝင်ရောက်နိုင်သည့် ငရုပ်ကောင်းဒေသတွင် ပင်လယ်ဆိပ်ကမ်းတစ်ခု တည်ဆောက်ကာ ဆိပ်ကမ်းမြို့တစ်မြို့ ဖြစ်ပေါ်လာနိုင်ရေး၊ ရွှေသောင်ယံမြို့မေတ္တာဒေသတွင် ပင်လယ်ရေနက်ဆိပ်ကမ်းတစ်ခု တည်ဆောက်ကာ ကမ်းခြေမြို့တော်တစ်ခု ပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ကမ်းခြေပတ်လမ်းတစ်လျှောက် ဆက်သွယ်နိုင်မည့် ငပုတောမြို့နယ် ငရုပ်ကောင်းမြို့ ဂေါ်ရန်ဂျီကျွန်းဒေသမှ ရခိုင်ပြည်နယ် ဂွမြို့အထိ ကမ်းခြေပတ်လမ်း ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“လုပ်ငန်းဖြစ်ဖို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းဒေသကြီး အစိုးရအနေနဲ့ ရင်းနှီးမြှုပ်နှံမယ့်သူတွေကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ပြောသည်။

ပုသိမ်မြို့ပေါ်ရှိ စက်မှုဇုန်များသို့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လျက်ရှိရာ စက်ရုံပေါင်း ၅၀ ကို နှစ်နှစ်အတွင်း တည်ဆောက်သွားရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် အဆိုပါစီမံကိန်းပြီးစီးမည်ဆိုပါက ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်း တစ်သိန်းခန့် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် မအူပင်စက်မှုဇုန်အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် မြေအသုံးချမှုအတွက် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုမိန့်များရရှိခဲ့ပြီး စီမံကိန်းစတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ညောင်တုန်း စက်မှုဇုန်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုမိန့်များရရှိရန် ဆောင်ရွက်နေပြီး ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဖိတ်ခေါ်ကာ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။

**စီမံကိန်းကဏ္ဍ**

ဧရာဝတီတိုင်းဒေသကြီး၏ စီးပွားရေး တိုးတက်မှုနှုန်းသည် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းအရ ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ ၆ ဒသမ ၀ ရာခိုင်နှုန်းနှင့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းချက်အပေါ် ပထမသုံးလပတ်ကုန်အထိ ၃ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

“လူတစ်ဦးချင်းစီရဲ့ ပျမ်းမျှထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးတွင် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အလုပ်အကိုင် ၁၄ သိန်းကျော် ဖန်တီးနိုင်ခဲ့တာဖြစ်ပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အလုပ်အကိုင် ၁၆ သိန်းကျော် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အလုပ်အကိုင် ၁၈ သိန်းကျော် ရရှိမယ်လို့ မျှော်မှန်းထားပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

**အချပ်ပို(စ)သို့**




ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်

**“ ပုသိမ်မြို့ပေါ်ရှိ စက်မှုဇုန်များသို့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လျက်ရှိရာ စက်ရုံပေါင်း ၅၀ ကို နှစ်နှစ်အတွင်း တည်ဆောက်သွားရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် အဆိုပါစီမံကိန်းပြီးစီးမည်ဆိုပါက ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်း တစ်သိန်းခန့် ဖန်တီးပေးနိုင်မည် ”**



၃၀-၁၁-၂၀၁၈ ရက်က ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် ခင်းကျင်းပြသထားသည်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ ကြည့်ရှုအားပေးစဉ်။




၂၈-၁၀-၂၀၁၈ ရက်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့ ရွှေသောင်ယံတံတား (မကျီးချောင်း) ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**အချပ်ပို (၄) မှ**

**စိုက်ပျိုးရေးကဏ္ဍ**

ဧရာဝတီတိုင်းဒေသကြီးသည် စပါးသီးနှံကို အဓိကထား စိုက်ပျိုးသည့်အတွက် နိုင်ငံ၏ စပါးကျီအဖြစ် သတ်မှတ်ထားသည့် မိုးစပါးစိုက်ဧက ၃ ဒသမ ၇ သန်းကျော်နှင့် နွေစပါးစိုက်ဧက ၁ ဒသမ ၄ သန်း စိုက်ပျိုးလျက်ရှိသည်။

၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် မိုးစပါးတင်းသိန်းပေါင်း ၁၃၀ ဒသမ ၆၀ နှင့် နွေစပါး တင်းသိန်းပေါင်း ၉၆ ဒသမ ၆၈ စုစုပေါင်းစပါးတင်းသိန်းပေါင်း ၂၂၆ ဒသမ ၇၈ ကို တိုးတက်ပြီးထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ စပါးအထွက်နှုန်း တိုးတက်ရန်အတွက် မြေဆီလွှာချဉ်ငန်ကိန်းနှင့် အာဟာရဓာတ်များကို တိုင်းတာရန် လိုအပ်သည့်အတွက် ကိရိယာများကို တိုင်းဒေသကြီးအစိုးရအနေဖြင့် ဝယ်ယူဖြည့်တင်းပေးလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ထူးခြားမှုအနေဖြင့် ငမြှောင်တောင်ဖျက်ပိုးအသစ် Fall Army Worm ကျရောက်သည့် ပြောင်းသီးနှံ ဧကပေါင်း ၄၅၉၆၇ ကို ပြည်ထောင်စုအစိုးရ၏ ထောက်ပံ့မှု၊ တိုင်းဒေသကြီးအစိုးရ၏ ထောက်ပံ့မှုများဖြင့် ဆေးဖျန်းဆောင်ရွက်ပေးခြင်း၊ မြေဆီလွှာဓာတ်ခွဲစစ်ဆေးခြင်း၊ မြေချဉ်ငန်ဓာတ်နှင့် အာဟာရဓာတ် ပါဝင်မှုပေါ် မူတည်ပြီး ထည့်သွင်းသင့်သည့် ထုံးပမာဏနှင့် ဓာတ်မြေသြဇာထောက်ခံချက်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းမြေများ**

သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ ၁၀၀၄၆၂ ဧကအနက် ၁၀၀၃၃၄ ဧကကို တောင်သူများလက်ဝယ်သို့ ပြန်လည်ပေးအပ်ခဲ့ပြီး ကျန် ၁၂၈ ဧကကို တောင်သူများ လက်ဝယ်သို့ ပြန်လည်ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် သုံးနှစ်တာကာလအတွင်း အဆင့်မြင့်စံပြ စက်မှုလယ်ယာအဖြစ် ၃၅၂ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး လယ်ယာဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် ထွန်ယက်စိုက်ပျိုးရေးလုပ်ငန်းတွင် ၆၁၇၇၄၆ ဧက၊ စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းတွင် ၃၈၅၉၈ ဧကနှင့် စက်ဖြင့် စပါးစိုက်ပျိုးခြင်းလုပ်ငန်းတွင် ဧက ၉၁၀ ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် မတ်လ ၂ ရက် တောင်သူလယ်သမားနေ့ အခမ်းအနားကို အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာတွင် ကျင်းပနိုင်ခဲ့သည်။ အဆိုပါ အခမ်းအနားတွင် မြို့နယ်လေးခုမှ ပြန်လည်စွန့်လွှတ်သည့် သိမ်းဆည်းမြေများကို တောင်သူ ၁၁၀၂ ဦးထံ လုပ်ကိုင်ခွင့်ပြုလက်မှတ် ၆၆၀၄ ဧက ပေးအပ်သည့် အစီအစဉ်အပြင် တောင်သူများ နည်းပညာတိုးတက်မြင့်မားရေးအတွက် လယ်ယာကဏ္ဍနှင့် သက်ဆိုင်သည့် ပြခန်းပေါင်း ၅၅ ခန်းကို ပြသခဲ့ကြောင်း သိရသည်။

“မတ်လ ၂ ရက်က အိမ်မဲမြို့တွင် ပြုလုပ်တဲ့ တောင်သူလယ်သမားနေ့ အခမ်းအနားကို ဒုတိယသမ္မတကိုယ်တိုင် တက်ရောက်ခဲ့ပါတယ်။ သိမ်းဆည်းမြေတွေကို လုပ်ကိုင်ခွင့်ပြုလက်မှတ်တွေ ပေးအပ်ခဲ့တဲ့အပြင် တောင်သူတွေ နည်းပညာ တိုးတက်မြင့်မားဖို့အတွက် လယ်ယာကဏ္ဍနဲ့ ဆိုင်တဲ့ ပြခန်းတွေကို ပါဝင်ပြသခဲ့ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တွေက တောင်သူလယ်သမားကိုယ်စားလှယ် ၃၀၀၀ ကျော် ဖိတ်ကြားပြီး ကျင်းပတာဖြစ်ပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ပြောသည်။

**ဆည်မြောင်းကဏ္ဍ**

တိုင်းဒေသကြီးအတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် တာတမံ ၁၄၇ နေရာကို ပြုပြင်ပေးနိုင်ခဲ့ပြီး မိုးစပါးစိုက်ဧက ၁ ဒသမ ၂ သန်း၊ ရေနုတ်မြောင်း ၇၄၅ မြောင်း တူးဖော်ပေးနိုင်ခဲ့သည့်အတွက် ဧက ၈ ဒသမ ၉၃ သိန်းကျော် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ခဲ့သည်။

ရေနုတ်မြောင်း ၇၄၅ မြောင်း၊ ရေတံခါး ၉၁ လုံးနှင့် သောက်သုံးရေအတွက် စက်ရေတွင်း ၁၀၁ တွင်းကို တူးဖော်ပေးနိုင်ခဲ့သည်။ ဇလွန်မြို့နယ်ရှိ ဧရာဝတီ - ဟင်္သာတ တာမိုင် ၂၂/၄ မှ ၂၄/၀ မိုင်အတွင်းရှိ ရေဘေးကာကွယ်ရေး ကမ်းရင်းတာ ကျိုးပေါက်ပျက်စီးသွားပါက မြို့နယ်များနှင့် ကျေးရွာအများအပြား ထိခိုက်ပျက်စီးမှုများ နိုင်သည့်အတွက် **“ပန်းတာသစ်”** တာ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရန်ပုံငွေတင်ပြတောင်းခံခဲ့ရာ ပြည်ထောင်စု ဘတ်ဂျက်ခွင့်ပြုငွေကျပ်သန်းပေါင်း ၉၉၀ ကျော် ရရှိခဲ့ပြီးဖြစ်သည့်အတွက် လုပ်ငန်းများအချိန်မီ ပြီးစီးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ငါးလုပ်ငန်းကဏ္ဍ**

တိုင်းဒေသကြီးအတွင်း အများပြည်သူဒေသခံ ရေလုပ်သားများ၏ စားဝတ်နေရေးကို အထောက်အကူပြုနိုင်ရန် အင်းပေါင်း ၁၇၇၇ အင်း၊ တင်ဒါချက်ပေါင်း ၂၀၆၅ ချက်ရှိပြီး ရေလုပ်သားအစုအဖွဲ့များမှ လျှောက်ထားလာသည့် အင်း/တင်ဒါချက်များအား စည်းကမ်းချက်များနှင့် ကိုက်ညီသော ဒေသခံရေလုပ်သားအစုအဖွဲ့များကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီး ငါး/ပုစွန် မွေးမြူရေးနှင့် ပတ်သက်ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ငါးမွေးကန်ဧက ၁၂၃၅၅၀ နှင့် ပုစွန်မွေးမြူရေးကန် ဧက ၆၃၇၃၅ စုစုပေါင်းဧက ၁၈၇၂၈၆ အား ခွင့်ပြုပေးနိုင်ခဲ့ကြောင်း သိရသည်။

**မွေးမြူရေးနှင့် ကုသရေးကဏ္ဍ**

“မွေးမြူရေးနဲ့ ကုသရေးကဏ္ဍအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာနဲ့ ကြံခင်းမြို့နယ်တွေမှာရှိတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေမှာ တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူရေးဇုန်တွေ ထူထောင်ခြင်း၊ မွေးမြူရေးကျေးရွာတွေ ထူထောင်ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အကူအညီနဲ့ မြေနေရာရှာဖွေဖော်ထုတ်ခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ပြောသည်။

ကျေးလက်ဒေသများရှိ တောင်သူများ၏ မွေးမြူထားသည့် ကျွဲ၊ နွားများ ရေလွတ်ရှာများသို့

**အချပ်ပို(ဆ)သို့**



၂၈-၁၀-၂၀၁၈ ရက်က ဖွင့်လှစ်ခဲ့သည့် ရွှေသောင်ယံတံတား (မကျီးချောင်း) ကို တွေ့ရစဉ်။



၁-၄-၂၀၁၉ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြောင်းမြတံတားသစ် ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

**အချပ်ပို(စ)မှ**

ပြောင်းရွှေ့နိုင်ရေး၊ ကူးစက်ရောဂါ ပြန့်ပွားမှုမရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ အစာ ပြတ်လပ်မှုမရှိရေးနှင့် တိရစ္ဆာန်များ ဘေးကင်းလုံခြုံရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တို့တွင် Animal Safe Land & Shelter များ တည်ဆောက်ပေးနိုင်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် Animal Safe Land & Shelter များကို တည်ဆောက်နိုင်ရေးအတွက် လျာထားပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် နိုင်ငံတော်၏ ထောက်ပံ့ငွေဖြင့် မြစိမ်းရောင်(အသားကဏ္ဍ) အကောင်အထည်ဖော်နိုင်ရန်၊ တောင်သူလယ်သမားများကို မျိုးကောင်းမျိုးသန့်နွားများ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် စနစ်တကျ စိစစ်ရွေးချယ်ပြီး မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံမှ သိရသည်။

## လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

ဧရာဝတီတိုင်းဒေသကြီး (၃)နှစ်တာကာလအတွင်း စုစုပေါင်းလမ်းမိုင် ၂၉၈ မိုင်နှင့် သိသာထင်ရှားသည့် ပြောင်းလဲမှုအနေဖြင့် ၈၂၆ ဒသမ ၉ ပေရှိ နှစ်လမ်းသွား သံကူကွန်ကရစ် ရွှေသောင်ယံတံတား၊ ၁၉၈၆ ဒသမ ၆ ပေရှိ နှစ်လမ်းသွား သံကူကွန်ကရစ် ငဝန်တံတားလေးမျက်နှာ၊ ၁၇၁၈ ဒသမ ၅ ပေရှိ သံမဏိသံပေါင် သံကူကွန်ကရစ် စက်ဆန်းတံတားနှင့် ပေ ၂၃၁၀ ရှိ နှစ်လမ်းသွား သံကူကွန်ကရစ် မြစ်ကူးတံတားကြီး အပါအဝင် တံတားနှင့် ရေပြွန်အစင်း ၂၄၀ ကို တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဧပြီလအတွင်း ၂၇၂၃ ဒသမ ၂၃ ပေရှိ Steel Truss Deck Type မြောင်းမြတံတားအသစ် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး အရှည် ပေ ၂၃၈၀ ရှိ ပုသိမ်တံတားကို ပြည်သူများအတွက် တည်ဆောက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါတံတားအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်ဆောက်လုပ်လျက်ရှိပြီး စီမံကိန်းကာလအားဖြင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် အပြီးတည်ဆောက်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအနေဖြင့် (၃) နှစ်တာကာလအတွင်း တံတားနှင့် ရေပြွန် ၁၇၆ စင်းကို တိုးတက် တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

## လျှပ်စစ်ကဏ္ဍ

လျှပ်စစ်ကဏ္ဍအနေဖြင့် (၃)နှစ်တာကာလအတွင်း မြို့နယ် ၂၆ မြို့နယ်နှင့် မြို့သုံးမြို့တွင် ကျေးရွာပေါင်း ၇၆၈ ရွာကို ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့ပြီး တစ်အိမ်သုံး ဆိုလာစနစ်၊ အများသုံးဆိုလာစနစ်တို့ဖြင့် ကျေးရွာပေါင်း ၁၄၉၁ ရွာကို မီးလင်းခဲ့သည်။ ကျိုက်လတ် ပင်မဓာတ်အားခွဲပေးရုံ၊ ငရုတ်ကောင်း ဓာတ်အားခွဲပေးရုံနှင့် ငွေဆောင် ဓာတ်အားခွဲရုံတို့ကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရွှေသောင်ယံမြို့အတွင်း မြန်မာနိုင်ငံ၏ အကြီးဆုံး ဓာတ်အားပေးစက်ရုံဖြစ်လာမည့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၃၉၀ ထွက်ရှိမည့် LNG to Power Plant စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စီမံကိန်းပြီးစီးပါက တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်နဲ့ ကျေးရွာတွေကို လျှပ်စစ်မီး ပေးနိုင်မှာဖြစ်ပြီး ပိုလျှံတဲ့ ယူနစ်တွေကို National Grid သို့ ချိတ်ဆက်ပြီး ပေးပို့ရောင်းချသွားမှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

## ဆက်သွယ်ရေးကဏ္ဍ

(၃) နှစ်တာကာလအတွင်း ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ယနေ့အချိန်အထိ ပုသိမ်ခရိုင်အတွင်း မိုဘိုင်းစခန်း ၁၇၁ ခု၊ မြောင်းမြခရိုင်မှာ မိုဘိုင်းစခန်း ၅၄ ခု၊ ဖျာပုံခရိုင်မှာ မိုဘိုင်းစခန်း ၉၈ ခု၊ လပွတ္တာခရိုင်မှာ မိုဘိုင်းစခန်း ၉၃ ခု၊ ဟင်္သာတခရိုင်မှာ မိုဘိုင်းစခန်း ၈၈ ခု၊ မအူပင်ခရိုင်မှာ မိုဘိုင်းစခန်း ၇၆ ခု အစရှိသည့် ခရိုင်ခြောက်ခရိုင်တွင် မိုဘိုင်းစခန်းများ တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ယခင်ကရှိခဲ့သည့် စခန်း ၁၈၃ ခု အပါအဝင် တိုင်းဒေသကြီးအတွင်း မိုဘိုင်းစခန်း ၇၆၃ ခု ရှိလာပြီ ဖြစ်သည်။

## စည်ပင်သာယာရေးကဏ္ဍ

(၃) နှစ်တာကာလအတွင်း ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပုသိမ်မြို့ ဈေးချောင်းလမ်းချောင်းမြေထိန်းနံရံပြုလုပ်ခြင်းအတွက် ငွေကျပ်သန်း ၁၂၅ ဒသမ ၃၃၀၊ ကန်ပတ်လမ်း ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအတွက် ငွေကျပ်သန်း ၃၆၇၀၀၊ ညောင်တုန်းမြို့ စည်ပင်တာ (မြို့ပတ်တာ) စောင်းလျှောကျမှု ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းအတွက် ငွေကျပ် ၄ ဒသမ ၅၅၁ သန်း စုစုပေါင်း ငွေကျပ် ၁၆၆ ဒသမ ၅၈၁ သန်းကို ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် အပိုင်း(၂) ကာလမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၃၃ ဖွဲ့အတွက် ငွေကျပ်သန်းပေါင်း ၂၃၇၈ ဒသမ ၄၂၂ သန်း တန်ဖိုးရှိ ယာဉ်၊ စက်ယန္တရား ၅၇ စီးကို ဝယ်ယူပြီး မြို့နယ်များကို ထောက်ပံ့ပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီး စည်ပင်ဥပဒေကို ပြင်ဆင်ရေးဆွဲ၍ မြို့ပြများ အမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## ပြည်သူ့ဆက်ဆံရေးကဏ္ဍ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးကဏ္ဍအနေဖြင့် ခရိုင်အဆင့် ကလေးစာပေပွဲတော်ကို ၂၀၁၇ ခုနှစ် မတ်လတွင် ဖျာပုံခရိုင် ဖျာပုံမြို့၊ ၂၀၁၈ ခုနှစ် မတ်လတွင် ဟင်္သာတခရိုင် ဟင်္သာတမြို့နှင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း မအူပင်ခရိုင် မအူပင်မြို့တို့တွင် ကျင်းပခဲ့ပြီး တိုင်းဒေသကြီးအဆင့် ကလေးစာပေပွဲတော်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ပုသိမ်မြို့၌ ကျင်းပပေးခဲ့သည်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကလေးများ စာဖတ်ဝါသနာပါပြီး စာဖတ်မှုနှုန်း ရေရှည်မြင့်မားလာရန် ကလေးစာပေပွဲတော်များကို ထူးထူးခြားခြား ဆက်လက်ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

## ခရီးသွားလုပ်ငန်း

(၃) နှစ်တာကာလအတွင်းမှာ ဟိုတယ်နှင့် တည်းခိုရိပ်သာပေါင်း ၈၆ လုံးနှင့် အခန်းပေါင်း ၃၄၆၁ ခန်းကို လုပ်ငန်းလိုင်စင်များချပေးနိုင်ခဲ့ပြီး ကမ်းခြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ခရီးသွားရာသီတွင် ပြည်တွင်း၊ ပြည်ပခရီးသွား ၄၈ ရာခိုင်နှုန်းခန့် တိုးမြှင့်ဝင်ရောက်လာကြောင်း သိရသည်။

ထူးခြားမှုအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ငွေဆောင်နှင့် ချောင်းသာကမ်းခြေဒေသများသို့ အချိန်တိုအတွင်း နိုင်ငံခြားခရီးသွားများ လာရောက်လည်ပတ်နိုင်ပြီး စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှု ပိုမိုလွယ်ကူရန် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ပုသိမ် - ရန်ကုန်၊ ရန်ကုန် - ပုသိမ်ခရီးစဉ် မြန်မာအမျိုးသား လေကြောင်းလိုင်းကို တစ်ပတ်တွင် လေးရက် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့များတွင် ပြေးဆွဲလျက်ရှိသည်။

**အချပ်ပို(ဇ)သို့**



၁-၄-၂၀၁၉ ရက်က ဖွင့်လှစ်ခဲ့သည့် ရွှေမြစ်ကိုဖြတ်၍ တည်ဆောက်ထားသော သံကူကွန်ကရစ်အမျိုးအစား မြောင်းမြတံတားသစ်ကို တွေ့ရစဉ်။

အချပ်ပို(ဆ)မှ

"ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူပြုမှာဖြစ်ပြီး နိုင်ငံခြားသား ခရီးသွားတွေလည်း စိတ်ကျေနပ်မှုရရှိတာကို တွေ့ရပါတယ်။ ဒါဟာဆိုရင် ဧရာဝတီတိုင်းရဲ့ ခရီးသွားလုပ်ငန်းအတွက် ပိုမိုထူးခြားတဲ့ လုပ်ဆောင်ချက်တစ်ခုဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ် ဦးလှမိုးအောင်က ပြောသည်။

## သဘာဝဘေးအန္တရာယ်

(၃)နှစ်တာကာလအတွင်း သဘာဝဘေးသင့် အိမ်ခြေ ၇၀၀၀၀ ကျော်၊ အိမ်ထောင်စု ၈၀၀၀၀ ကျော်၊ လူဦးရေ သုံးသိန်းခန့်၊ သေဆုံးသူ ၁၄၇ ဦး၊ ဒဏ်ရာရ ၇၆ ဦးတို့ကို ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းနှင့် ကယ်ဆယ်ရေးပစ္စည်း ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၂၄၀၀၀ ကျော်ကို ဘေးသင့်ပြည်သူများ၏ လက်ဝယ်သို့ရောက်ရှိအောင် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ အိမ်ထောင်စု ၂၇၀၀ အတွက် သိုလှောင်ထိန်းသိမ်းထားရှိပြီး မိုးဦးကာလ လေပြင်းဘေး ကြုံတင်ပြင်ဆင်ဆောင်ရွက်မှုအနေဖြင့် မြို့နယ် သုံးမြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ ရွာတို့တွင် ကြံ့ခိုင်မှုအားနည်းသည့် နေအိမ် ၈၀၀ အား ပြင်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း သောက်သုံးရေ ရှားပါးမှုကြုံတွေ့နိုင်သည့် ကျေးရွာများမှ ပြည်သူများအတွက် သောက်သုံးရေဂါလန် ၄၀၀၀၀ ကျော်၊ ကျေးရွာ ၁၃ ရွာမှ တောင်းခံလာသည့် အဝီစိတွင်း ငါးတွင်း၊ တွင်းနက် ငါးတွင်း၊ အုတ်ရေတွင်း တစ်တွင်း၊ ဖိုက်ဘာရေလှောင်ကန် တစ်ကန်နှင့် ရေလှောင်ကန် နှစ်ကန်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ Cyclone Shelter, Multipoupose Shelter နှင့် School Cum Shelter ၆၂ လုံးကို အသစ်တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး Shelter ၄၈ လုံးကို ပြုပြင်ခြင်းတို့အပြင် စက်လှေ ၂၆ စင်း၊ ဖိုင်ဘာဘုတ် ၂၀ စင်း၊ Speed Boat တစ်စင်းနှင့် အသက်ကယ်အင်္ကျီ ၂၀၀၀ ကျော်တို့ကို တိုင်းဒေသကြီးအတွင်းရှိ ဘေးအန္တရာယ်ဖြစ်နိုင်ချေရှိသည့် မြို့နယ်များသို့ ခွဲဝေပေးထားကြောင်း သိရသည်။



၃၀-၁၂-၂၀၁၈ ရက်က ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (မအူပင်) ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် လူရည်ချွန်ကျောင်းသား ကျောင်းသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## ပညာရေးကဏ္ဍ

(၃)နှစ်တာကာလအတွင်းမှာ အခြေခံပညာကျောင်း ၁၄၇၈ ကျောင်းအား အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပြီး အခြေခံပညာကျောင်းဆောင်သစ် ၁၃၃၅ ကျောင်း ဆောက်လုပ်ပေးနိုင်ခဲ့သည်။ ဆရာ ဆရာမ အင်အားလုံလောက်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် ၂၀၁၄ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၁၄၅၃ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၁၅၉၄ ဦးနှင့် နေ့စားလပေး မူလတန်းပြ ဆရာ ဆရာမ ၃၂၇၉ ဦးတို့ကို ခန့်ထားနိုင်ခဲ့သည်။

တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများမှာ ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်မှ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အထိ စာစစ်ဌာန ၇၆ ခု တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၇၄၀ ဖြင့် ကျင်းပစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ကျန်းမာရေးကဏ္ဍ

ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် ကင်ဆာဌာန၊ အရေပြားဌာန၊ နှလုံးကြွပ်မတ်ကုသဆောင်နှင့် ကျောက်ကပ်သန့်စင်စက်၊ ဟင်္သာတနှင့် မအူပင်ပြည်သူ့ဆေးရုံတို့တွင် အရေပြားဌာနနှင့် CT Screan များ၊ ဖျာပုံပြည်သူ့ဆေးရုံတွင် ကင်ဆာဆေးကုဌာန၊ မြောင်းမြပြည်သူ့ဆေးရုံတွင် အရေးပေါ်ဌာနနှင့် နှစ်ခန်းတွဲ လေးထပ်ဆောင် ဝန်ထမ်းအိမ်ရာတို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်အဆင့် ကျန်းမာရေး အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းပြီး မြို့နယ်အခြေပြု ကျန်းမာရေး အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းနိုင်ရန် ယခုနှစ်အတွင်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေး အထောက်အကူပြုအဖွဲ့အနေဖြင့် ဆင်းရဲနွမ်းပါးသည့် လူနာများအတွက် ဆေးရုံနှင့်ပတ်သက်သည့် လိုအပ်ချက်များကို စီမံခန့်ခွဲပေးခြင်း၊ ခရီးစရိတ်၊ စားစရိတ်များ စီမံဆောင်ရွက်ပေးခြင်း၊ ဆင်းရဲနွမ်းပါးသည့် မွေးကင်းစကလေးသူငယ်များနှင့် သားသည်မိခင်များအတွက် ရန်ပုံငွေပေါ်မှာမူတည်ပြီး စီမံခန့်ခွဲခြင်း၊ ရရှိထားသည့် အလှူငွေများကို ပွင့်လင်းမြင်သာမှုရှိရန် စနစ်တကျ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ထားကြောင်း သိရသည်။



ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်အပန်းဖြေခြင်းဖြင့် တိုင်းဒေသကြီး၏ ဝင်ငွေကိုရှာဖွေပေးနေသော ချောင်းသာကမ်းခြေ၌ အပန်းဖြေအနားယူသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

မြို့နယ်အဆင့် ဆေးရုံအထောက်အကူအဖွဲ့များ ဖွဲ့စည်းထားပြီး ၎င်းအဖွဲ့များက သတ်မှတ်ခွင့်ပြုသည့်ဘဏ္ဍာငွေကို စနစ်တကျစစ်ဆေးပြီး ဆေးရုံမှ ထောက်ပံ့နိုင်သည့် ဆေးဝါးများနှင့် ထောက်ပံ့ခြင်းမပြုနိုင်သည့် ဆေးဝါးများကို အများပြည်သူသိရှိနိုင်အောင် ပွင့်လင်းမြင်သာစွာ ချပြသွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းသည် (၃)နှစ်တာကာလအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်သူများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ အထူးဂရုထား ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ထူးခြားမှုတစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

မီးယပ်သားဖွား၊ မြွေကိုက်ပိုးထိနှင့် မူးယစ်ဆေးဝါးစွဲသူ လူနာများ၊ ငါးနှစ်အောက် ကလေးကျန်းမာရေးစောင့်ရှောက်မှုများ၊ ဝက်ရူးပြန်ရောဂါသည်များ၊ တီဘီရောဂါသည်များ စသဖြင့် အဆင့်များခွဲခြား၍ စရိတ်ငြိမ်းအခမဲ့ကုသမှုရရှိနိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အစိုးရသစ်၏ (၃) နှစ်တာကာလအတွင်း ပြည်သူများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ဟန်ချက်ညီညီ အရှိန်အဟုန်မြှင့် တိုးတက်ဆောင်ရွက်နေသည့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က "ဒီလိုကြိုးပမ်းဆောင်ရွက်တဲ့အခါမှာ သိသာထင်ရှားတဲ့ အောင်မြင်မှုတွေနဲ့ စိန်ခေါ်မှုတွေ ရင်ဆိုင်ခဲ့ရပေမယ့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ပြည်သူ့အတွက်နဲ့ ဒေသအတွက် အကျိုးရှိမယ့် စီမံကိန်းတွေ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တတိယ (၁)နှစ်တာကာလအတွင်း စိုက်ပျိုးရေးနည်းစနစ် တိုးတက်မြင့်မားရေး၊ စက်မှုဇုန်များ ပေါ်ထွန်းလာရေး၊ လျှပ်စစ်မီးရရှိရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိသည့်အပြင် တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ စက်မှုဇုန်များ ထူထောင်ခြင်း၊ ဒေသခံတို့၏ တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိရေး စသည်တို့ကို ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့ရှိ ဂေါ်ရန်ဂျီကျွန်းအလှကို တွေ့ရစဉ်။